# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# ဇန်နဝါရီ – ၂၀၀၇


လွတ်လပ်ရေးနေ့ အကြို နိုင်ငံရေးအကျဉ်းများ လွှတ်ပေးရန် မိတ္ထီလာအဖွဲ့ချုပ် တောင်းဆို ၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇
နှစ်သစ်တွင် လူထုဆန္ဒဖော်ထုတ်ပွဲများ လုပ်ဆောင်မည်ဟု (၈၈) ကျောင်းသားများ ပြောဆို ၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ဗိုလ်ချုပ်အောင်ဆန်းပုံပါ တီရှပ်ဝတ်၍ ဘုရားပေါ်တက် ဆုတောင်းသူများ ဖမ်းဆီးခံရ ၂ ၊ ဇန်နဝါရီ ၊ ၂၀၀၇
လွတ်လာသည့် အကျဉ်သားများ ဆက်သွယ်မေးမြန်း ၃ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ပြန်လည် လွတ်မြောက်လာသည့် နိုင်ငံရေး အကျဉ်းသားများနှင့် ဆက်သွယ်မေးမြန်းချက် (၂) ၀၄ ၊ ဇန်နဝါရီ ၊ ၂၀၀၇
(၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့ **Letter Campaign** စတင်လုပ်ဆောင် ၄ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ဘိုကလေး၌ လွတ်လပ်ရေး အခမ်းအနား ကျင်းပသဖြင့် အဖွဲ့ချုပ်ဝင် (၁၇) ဦး ဖမ်းဆီးခံရ ၅ ၊ ဇန်နဝါရီ ၊ ၂၀၀၇
အောင်သပြေ စစ်ကြောရေးစခန်း၌ (၈၈) ကျောင်းသားများ အစာတော်ခံဆန္ဒပြ ၀၂ ၊ ဇန်နဝါရီ ၊ ၂၀၀၇
လှိုင်သာယာအဖွဲ့ချုပ်ဝင် ဦးမြင့်ထွန်းကို ထောင်ဒဏ် (၅) နှစ်နှင့် ငွေဒဏ် ချမှတ် ၆ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ဗိုလ်ချုပ်ပုံပါ တီရှပ်ဝတ် ဘုရားပေါ်သဖြင့် ဖမ်းခံရသူ ကိုထွန်းထွန်း ပြန်လည်လွတ်မြောက် ၇ ၊ ဇန်နဝါရီ ၊ ၂၀၀၇
မော်လမြိုင်ထောင်မှ လွတ်မြောက်လာသည့် ကဗျာဆရာငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက် ၇ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ကဗျာဆရာငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက် (ဒုတိယပိုင်း) ၈ ၊ ဇန်နဝါရီ ၊ ၂၀၀၇
(၈၈) ကျောင်းသားများ၏ **Letter campaign** ကို အဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက် ၈ ၊ ဇန်နဝါရီ ၊ ၂၀၀၇
(၈၈) ကျောင်းသားများ၏ လှုပ်ရှားမှု လူ့အခွင့်အရေးအဖွဲ့မှ ထောက်ခံကြိုဆို ၀၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ကဗျာဆရာငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက် (နိဂုံးပိုင်း) ၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇
(၈၈) ကျောင်းသားများ၏ လှုပ်ရှားမှု ဝါရင့်နိုင်ငံရေးသမားကြီးများ ထောက်ခံ ၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇ (၈၈)
ကုလ အတွင်းရေးမှူးချုပ်သစ်မှ ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် တောင်းဆို ၀၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ကျောင်းသား ခေါင်းဆောင် (၅) ဦးကို ပြန်လွှတ်လာသည့် အပေါ် အမြင်သဘောထားများ ၀၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇
မင်းကိုနိုင် အပါအဝင် ကျောင်းသား (၅) ဦး သတင်းစာဆရာများနှင့် တွေ့ဆုံ ၁၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇
(၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် (၅) ဦး ပြန်လည်လွတ်မြောက်လာ ၁၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇
နိုင်ငံရေး အကျဉ်သားအားလုံးကို ပြန်လွှတ်ပေးရန် (၈၈) ကျောင်းသားခေါင်းဆောင်များ တောင်းဆို ၁၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇
(၈၈) ကျောင်းသားများနှင့် အဖွဲ့ချုပ် တိုက်ခိုက်သောစာရွက်များ ပျံ့နှံ့ ၁၂ ၊ ဇန်နဝါရီ ၊ ၂၀၀၇
(၈၈) ကျောင်းသားများ၏ **Letter Campaign** လှုပ်ရှားမှု **UNA** အဖွဲ့ ထောက်ခံ ၁၄ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ရွှေတိဂုံဘုရားတက် ဆုတောင်းသူများ အကြမ်းဖက် ရိုက်နှက်ခံရ ၁၆ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရန် အီးယူ တောင်းဆို ၁၈ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ပြည်ထောင်၌ ဒေါက်တာသန်းငြိမ်း ပုဒ်မ (၁၀/က) နှင့် ထောင်တနှစ် ထပ်တိုး ၁၈ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ရှမ်းခေါင်းဆောင်များ အမှုပြန်လည်စစ်ဆေးရန် လူ့အခွင့်အရေးအဖွဲ့မှ တောင်းဆို ၁၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇
မကွေး၌ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းအတုများ ပျံ့နှံ့ ၂၂ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ရွှေတိဂုံဘုရားသွား ဆုတောင်းသူများကို အာဏာပိုင်များ အင်အားသုံး နှောက်ယှက် ၂၃ ၊ ဇန်နဝါရီ ၊ ၂၀၀၇
ခွန်ထွန်းဦးနှင့် ဗိုလ်ချုပ် ဆေထင် အထူးအယူခံ လျှောက်လဲချက်တင်မည် ၂၅ ၊ ဇန်နဝါရီ ၊ ၂၀၀၇
အာဏာပိုင်များ၏ မတရားလုပ်ရပ်ကို တိုင်ကြားသဖြင့် ထောင်ကျသူ အမျိုးသမီး တဦး နောက်ဆက်တွဲ သတင်း ၂၇ ၊ ဇန်နဝါရီ ၊ ၂၀၀၇
အကျဉ်းသားများ အပြင်ထွက် အလုပ်လုပ်နေမှုကြောင့် ဒေသခံများ အလုပ်လက်မဲ့ဖြစ် ၂၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇

## လွတ်လပ်ရေးနေ့ အကြို နိုင်ငံရေးအကျဉ်းများ လွှတ်ပေးရန် မိတ္ထီလာအဖွဲ့ချုပ် တောင်းဆို

*၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ဤရက်ပိုင်းအတွင်း ကျရောက်မည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးအပါအဝင် နိုင်ငံရေး အကျဉ်းအားလုံးကို လွှတ်ပေးရန် မိတ္ထီလာခရိုင် အဖွဲ့ချုပ် နအဖ စစ်အစိုးရအား တောင်းဆိုလိုက်ပါသည်။ မနေ့က ကျင်းပသည့် မိတ္ထီလာခရိုင်အဖွဲ့ချုပ် လပတ်အစည်းအဝေးမှ တောင်းဆို လိုက်ခြင်းဖြစ်ပါသည်။ ယနေ့ ဆုံးဖြတ်ချက်များထဲမှအရေးကြီးသည့် အချက်များကို စည်းကော်မတီ အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးမှ ယခုလို ဖတ်ပြပေးထားပါသည်။

“(၁) အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယနိုင်ငံ နေတာဂျီး ဆူဘတ်ချန်ဒရာဘိုစ့် ဖောင်ဒေးရှင်းမှ ချီးမြှင့်သော လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေး ကြိုးပမ်းမှုဆုကို လှိုက်လှဲဂုဏ်ယူစွာ ကြိုဆိုထောက်ခံကြောင်း ဆုံးဖြတ်သည်။

(၂) လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည်၊ လွတ်လပ်ရေး တိုက်ပွဲဝင် ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးနှင့်တကွ နိုင်ငံရေး အကျဉ်းသားများ အားလုံးကို လွှတ်ပေးရန် နအဖသို့ တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

(၃) ICRC ကိုအကျဉ်းထောင်အတွင်း လွတ်လပ်စွာ ဝင်ထွက်၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခွင့်ပြုရန် နအဖသို့ လေးနက်စွာ ထပ်မံတောင်းဆိုကြောင်း ဆုံးဖြတ်သည်။”

အစည်းအဝေးတွင် အဖွဲ့ချုပ်အင်အား စည်းရုံးဖြည့်တင်းရန် ကိစ္စများကိုလလည်း အလေးထား ဆွေးနွေးခဲ့ကြကြောင်း ဒေါ်မြင့်မြင့်အေးမှ ပြောပြခဲ့ပါသည်။ ယနေ့ အစည်းအဝေးကို မိတ္ထီလာအဖွဲ့ချုပ် စည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေး နေအိမ်တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး မိတ္ထီလာခရိုင်အတွင်းမှ လွှတ်တော် ကိုယ်စားလှယ် (၄) ဦး၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ဝမ်းတွင်းနှင့် ကျောက်ပန်းတောင်း မြို့နယ်များမှ မြို့နယ်စည်းရုံးရေး ကော်မတီဝင် စုံစုံညီညီ တက်ရောက်ခဲ့ကြောင်းသိရပါသည်။

**အစသို့**

## နှစ်သစ်တွင် လူထုဆန္ဒဖော်ထုတ်ပွဲများ လုပ်ဆောင်မည်ဟု (၈၈) ကျောင်းသားများ ပြောဆို

*၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ယခု (၂၀၀၇) ခုနှစ်အတွင်း လူထုကိုယ်စားပြုဆန္ဒဖော်ထုတ်ပွဲများကို ငြိမ်းချမ်းသည့်နည်းနှင့် ဆက်လုပ်သွားရန်ရှိကြောင်း (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ယနေ့ ထုတ်ဖော် ပြောကြားလိုက်ပါသည်။ စက်တင်ဘာလ (၂၇) ရက်နေ့ကတည်းက ဖမ်းဆီးထားခဲ့သည့် ကိုမင်းကိုနိုင်တို့ (၅) ဦး၏ နောက်ဆုံးအခြေအနေကို (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် တဦးဖြစ်သူ ကိုမြအေးမှ ယခုလို ပြောပြပါသည်။

“ပုံမှန်အားဖြင့်ပြောမယ်ဆိုရင် ဒီနေ့ (၁) ရက်နေ့ဟာ သူတို့ ရမန်ပြည့်တဲ့နေ့။ ဒီနေ့မှာမှ ဘာမှလဲ မထူးခြားဘူးဆိုတဲ့အခါကျတော့ ဆက်လက်ထိန်းသိမ်း ဖမ်းဆီးထားဦးမယ်လို့ ကျနော်တို့ မြင်တယ်ပေါ့။ အဲဒီတော့ ကိုမင်းကိုနိုင်တို့ (၅) ယောက် လွတ်လပ်ရေးကိုပဲ (၈၈) မျိုးဆက်ကျောင်းသားတွေက ပြောနေတာ မဟုတ်ဘူး။ သူတို့လိုပဲ ခံစားနေရတဲ့ အခြားနိုင်ငံရေး အကျဉ်းသားတွေလဲ ပါသလို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကလဲ ရှင်းရှင်းပြောမယ်။ ကိုမင်းကိုနိုင်တို့က ကျနော့်အမြင်ကိုပြေရရင် ကြက်ခြင်းထဲကို ရောက်နေတယ်ဆိုလို့ရှိရင် ကျနော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကလဲ ကြက်ခြံထဲမှာ နေနေရတာပဲ။ အဲဒီတော့ ကျနော်တို့အားလုံးသည် ကြက်ခြင်းထဲကရော၊ ကြက်ခြံထဲကရော လွတ်မြောက်ချင်တယ်။ အမှန်တရားကို မြင်တတ်မှုတွေနဲ့ ရိုက်ချိုးပြီး ကျနော်တို့ ထွက်ရမယ်လို့ ကျနော်မြင်တာပဲ။”

ဖမ်းဆီးခံထားရသူ (၅) ဦးအထဲမှ ကျောင်းသားခေါင်းဆောင် ကိုပြုံးချို၏ဖခင် ဦးဝင်းမောင်ကလဲ – – –

“ဘာမှ မသိရသေးဘူး။ ဒီရက်များ လွှတ်ပေးမလားလို့ ကျနော်လဲ တယ်။ ဒါပေမဲ့ ဘာမှတော့ သတင်းထူးတော့ မကြားရသေးဘူး။ စည်းမဲ့၊ ကမ်းမဲ့ ဥပဒေမဆန်တဲ့ အလုပ်တွေပါ။ ကျနော်တို့မှာလဲ မျှော်တလင့်လင့်နဲ့ စိတ်သောက ရောက်ပြီတော့ ကျန်းမာရေး အခြေအနေကစ စိုးရိမ်နေရတဲ့ အနေအထားမျိုးပါ။”

ယခုလို အခြေအနေများမှ လွတ်မြောက်ရန် လာမည့် လွတ်လပ်ရေးနေ့ကစပြီး (၈၈) မျိုးဆက်ကျောင်းသား အဖွဲ့မှ လှုပ်ရှားလုပ်ဆောင်သွားမည့်အကြောင်းစုံကိုလည်း ကိုမြအေးမှ ယခုလို ဆက်ပြောပါသည်။

"ဒီနေ့ဒီရက်ကစပြီး လူထုရဲ့ဆန္ဒတွေကို ကိုယ်စားပြုပြီး ကျနော် ဖော်ထုတ်ပြသဖို့၊ တင်ပြဖို့ ကျနော်တို့ လုပ်နေပါတယ်။ အဲဒီ လုပ်ရပ်တွေအားလုံးဟာ မြန်မာနိုင်ငံရဲ့ (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့က အစပြုတယ်လို့ ကျနော်တို့ (၈၈) မျိုးဆက်ကျောင်းသား များက ပြည်သူလူထုရဲ့ ခံစားမှုတွေကို နည်းလမ်းအသွယ်သွယ်နဲ့ ငြိမ်းချမ်းသော နည်းလမ်း အသွယ်သွယ်နဲ့ ဖော်ထုတ်ပြသသွားမှာ ဖြစ်ပါတယ်။"

ကျောင်းသားခေါင်းဆောင် ကိုပြုံးချို၏ဖခင် ဦးဝင်းမောင်မှာမူ ဥပဒေကြောင်းအရ ဆက်လက် လုပ်ဆောင်သွားမည်ဟု ယခုလို ဆိုပါသည်။

"ကျနော်တို့ကတော့ အားလုံးနဲ့ မိဘတွေနဲ့ညှိပြီးတော့ ဘာလုပ်သင့်တယ် ဆိုတာကို စဉ်စားဆဲပဲ ရှိပါသေးတယ်။ ဥပဒေပညာရှင်တွေရဲ့ အကြံဉာဏ်ကို ယူပြီးတော့ ကျနော်တို့ လုပ်သင့်တာကို လုပ်ဖို့တော့ အစီအစဉ် ရှိပါတယ်။"

လာမည့် (၂၀၀၇) နှစ်သစ်တွင် ပြည်သူလူထုတရပ်လုံးမှ မိမိတို့၏ အခွင့်အရေးအတွက် ပါဝင်လုပ်ဆောင်ကြရန်ကိုလည်း (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမြအေးမှ ယခုလို တိုက်တွန်းပြောဆိုသွားခဲ့ပါသည်။

"ဆုံးရှုံးနေရတဲ့ ဘဝမျိုးမှာ ကျနော်တို့ နောက် နှစ်ပေါင်းများစွာ မနေလိုပါ။ ကျနော်တို့ တသက်လုံး ကျနော်တို့ ဒီလို အဖြစ်ဆိုးတွေနဲ့ပဲ ကြုံခဲ့တယ်။ ဒီ အိမ်မက်ဆိုးဆိုတဲ့ သံသရာထဲက ကျနော်တို့ လွတ်ချင်ပါပြီ။ မြန်မာပြည်သူ၊ ပြည်သား အားလုံးဟာ ရှင်ရှင်လန်းလန်း တက်တက်ကြွကြွနဲ့ မိမိတို့ရဲ့ အနာဂတ်ကို မိမိမြင်နိုင်တဲ့ အဆင့်မျိုးကို ကျနော်တို့သွားချင်တယ်။ အဲဒီ အတွက်ကို ကျနော်တို့ ရင်ဆိုင်နေရတဲ့၊ ကျနော်တို့ကို အုပ်မိုးထားတဲ့ စနစ်ဆိုးကြီးကို ကျနော်တို့ ဖယ်ရှားချင်ပါပြီ။ မြန်မာပြည်သူ၊ ပြည်သားတွေအနေနဲ့လဲ မိမိတို့ရဲ့ အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝရရှိဖို့အတွက်၊ မှန်ရာကို ရဲရဲဝံ့ဝံ့ လုပ်ကြပါလို့ ကျနော် တိုက်တွန်းပြောကြားပြီး ဒီနှစ်သက်ကူးကို ကျနော် ဖြတ်သန်းလိုက်ပါတယ်။"

အစသို့

## ဗိုလ်ချုပ်အောင်ဆန်းပုံပါ တီရှပ်ဝတ်၍ ဘုရားပေါ်တက် ဆုတောင်းသူများ ဖမ်းဆီးခံရ

*၂၊ ဇန်နဝါရီ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရန် ရွှေတိဂုံဘုရားပေါ်တက် ဆုတောင်းသူ ညောင်တုန်းမြို့သား ကိုထွန်းထွန်းကို အာဏာပိုင်များမှ ယနေ့ ဖမ်းဆီးလိုက်ကြောင်း သိရပါသည်။ ကိုထွန်းထွန်းသည် ဘုရားပေါ် တက်ရောက်စဉ် ဗိုလ်ချုပ်အောင်ဆန်းပုံပါ တီရှပ်ကို ဝတ်ဆင်ထားပြီး ၄င်း၏အဖော်ဖြစ်သည့် နော်အုံးလှမှာမူ ဒေါ်အောင်ဆန်းစုကြည်ပုံပါ တီရှပ်ကို ဝတ်ဆင်ထားကြောင်းသိရပါသည်။ ကိုထွန်းထွန်း အဖမ်းခံရခြင်းနှင့် ပတ်သက်ပြီး နော်အုန်းလှမှ ယခုလို ပြောပြပါသည်။"

"ကျမက ဒေါ်အောင်ဆန်းစုကြည်အင်္ကျီ ဝတ်သွားတယ်၊ ကိုထွန်းထွန်းကတော့ ဗိုလ်ချုပ်အောင်ဆန်း ပုံပါတဲ့ အင်္ကျီဝတ်သွားတယ်။ တက်တက်ချင်းမှာပဲ ဘုရားရဲ (၅) ယောက်လောက် လာပြောတယ်။ အင်္ကျီကို ဖုံးထားပါတဲ့။ မဖုံးဘူးလို့ ဘုရားဂေါပကတွေ၊ ဘုရားစည်းကမ်းတွေမှာ အဲဒါတွေတခုမှ မပါဘူးလို့ ဒီလိုမျိုးတော့ မဖြစ်သင့်ဘူးလို့။ ဝတ်တော့ ဘာဖြစ်မှာလဲ ဆိုတော့။ မေတ္တာရပ်ခံတာပါတဲ့။ မေတ္တာရပ်ခံရင် ပြီးပြီ ဘာတားစရာလိုလဲလို့။ မေတ္တာရပ်ခံတာ မဟုတ်ဘူး၊ ဒါတားတာပဲလို့ ဘာမှ မပြောဘူး။ တားတော့ မတက်ဘူးပေါ့နော်။ ကိုထွန်းထွန်းကတော့ ဘုရားရှိခိုးပြီး အမျှဝေပြီးတဲ့အချိန်မှာ ကိုထွန်းထွန်းကို လိုက်ခဲ့ပါလို့ ခေါ်တယ်။ ကျမကတော့ ဘုရားရှိခိုးပြီး ဆုတောင်းနေတဲ့ အချိန်မှာ ခဏလိုက်ခဲ့ပါ ကျမကို ခေါ်တယ်။ ကျမက ဘာကြောင့် ခေါ်တာလဲ၊ မေးတဲ့အခါ ဘုရားရဲကနေ ဘာမှ ပြန်မပြောဘဲနဲ့ ဘုရားတန်စောင်း အပြင်ဘက် ထွက်သွားပြီးတော့မှ ခဏနေ ပြန်လာပြီးတော့ မနော်ကို မခေါ်ပါဘူးတဲ့။ အဲဒါနဲ့ ကျမကတော့ ပါမသွားဘူး။ ကိုထွန်းထွန်းကတော့ ပါသွားတယ်။ ကားနဲ့ ခေါ်သွားတယ်။ ဘယ်ခေါ်သွားတယ်တော့ မပြောတတ်ဘူး။ (၁) နာရီ (၄၅) မှာ ခေါ်သွားတယ်။ ဘုရားရဲက လာခေါ်တာ ဒါပေမဲ့ အဲဒီမှာ ညွှန်ကြားတာ အရပ်ဝတ်နဲ့ စစ်ဒေသမှူးပဲ။"

ကိုထွန်းထွန်းအား ဘာကြောင့် ဖမ်းဆီးခဲ့သလဲ အကြောင်းနှင့်ပတ်သက်ပြီး ရွှေတိဂုံဘုရား လုံခြုံရေးရဲစခန်းကို ဆက်သွယ်မေးမြန်းခဲ့ရာတွင် တာဝန်ကျ ရဲဝန်ထမ်းတဦးမှ ယခုလိုဖြေဆိုပါတယ်။

"ကျနော်တို့ လူကြီးတွေက အကုန်လုံးက မအားဘူး။ နောက်မှ ပြန်ဆက်ကြည့်ပါလား။ အခု လောလောဆယ် ကျနော်တို့ ဘာမှ မသိသေးဘူး။ လူကြီးတွေ ကျနော်တို့ဆီက တာဝန်မှူး အဖွဲ့တွေ လာမှပါ။"

ရွှေတိဂုံဘုရား လုံခြုံရေးရဲစခန်းမှ တာဝန်ကျ ရဲဝန်ထမ်းတဦး ဖြေဆိုသွားခြင်းပါ။ ကိုထွန်းထွန်း ဖမ်းဆီးခံရမှုနှင့်ပတ်သက်ပြီး နော်အုန်းလှမှ ယခုလို ဝေဖန်ပြောဆို သွားပါသည်။

“ကျမက မေးတယ်။ ဘာကြောင့် ကိုထွန်းထွန်းကို ခေါ်သွားတာလဲလို့။ သူက ဘုရားရှိခိုးတာ အသံကျယ်လို့တဲ့။ အဲဒါနဲ့ ကျမက ပြောသေးတယ်။ ဘုရားရှိခိုးတာ အသံကျယ်တာကို ဖမ်းတယ်ဆိုတာ တမျိုးဖြစ်နေတယ်လို့တော့ ကျမ သူ့ကိုပြောတယ်။ ဒီဥစ္စာက တကယ်တမ်းတော့ မဖြစ်သင့်ဘူးပေါ့နော်။ မတရား လုပ်တဲ့ လုပ်ရပ်တွေပဲလို့ ကျမက ဒေါ်အောင်ဆန်းစုကြည် ဆိုတာကလဲ ဒီနိုင်ငံသားတယောက်ပဲလေ။ သူ့ကို မတရား ဖမ်းဆီးပြီးတော့ သူ့လွတ်မြောက်ရေး အတွက် တတ်နိုင်သလောက် ဘာသာရေးအရ ဆောင်ရွက်တဲ့ နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ လွတ်လပ်ရေးဖခင် တယောက်လို့ ဒီလိုမျိုးတော့ မလုပ်သင့်ဘူးပေါ့နော်။ ဒါ လူတယောက်ကို ကျမတို့နိုင်ငံမှာ ကျန်တဲ့လူတွေကို ခြိမ်းခြောက်တဲ့ အပြင်ကို ကိုယ့်ကျေးဇူးရှင်ကိုတောင် ကိုယ်ပြန်ပြီးတော့ လူတွေကိုလဲ မတရား အနိုင်ကျင့်တာပေါ့။ ဒီလိုပဲ ကျမ နားလည်တယ်။”

**အစသို့**

## လွတ်လာသည့် အကျဉ်သားများ ဆက်သွယ်မေးမြန်း

*၃ / ဇန်နဝါရီ / ၂၀၀၇*

ယနေ့ ပြန်လွတ်လာသူများထဲမှနိုင်ငံရေးအကျဉ်းသား တချို့၏ ပြောကြားချက်ကို ကောက်နုတ်ဖော်ပြပေးမည် ဖြစ်ပါသည်။

“ကျနော် သရက်ထောင်က မနက် မိုးလင်းတော့ ကျနော့်ကို လာထုတ်တယ်။ လာထုတ်ပြီးတော့ ထောင်ပိုင်ကြီး အခန်းမှာ မှတ်ပုံတင်တယ်။ မှတ်ပုံတင်ပြီးတော့ ထောင်ပိုင်ကြီးပြောတာက (၄၀၁) အပိုဒ် (၁) အရ ဆိုပြီးတော့ လက်မှတ်တော့ မထိုးရဘူးပေါ့။ အားလုံးတောင်က (၅၄) ယောက်။ ပထမကတော့ (၅၄) ယောက်ဗျ။ လျှာထားတာက။ (၁) ယောက်က သာမန်လွတ်ရက်စေ့တဲ့အတွက် ပြန်ထုတ်သွားတယ်။ (၅၃) ယောက် ပြန်လွှတ်တယ်ပေါ့။ နိုင်ငံရေး အကျဉ်းသားက ကျနော်တို့ဒီမှာ (၄) ဦး ပါတယ်။ နံပါတ် (၁) က စောထွန်းမြ၊ သူက ရေသလဲ သံတောင်မြို့နယ်က၊ ပြစ်မှုက (၃) နှစ် ကျတယ်။ နောက်တယောက်က စောကပေါလဲ။ သူလဲ ပြစ်မှုက (၃) နှစ် (၁၇/၁) နဲ့၊ ကျောက်ကြီးက။ နောက်တယောက်က လျှန်ခွန် သူက (၁၇/၁)၊ (၃၇/၁) ဆိုတော့ ပြစ်မှုက (၇) နှစ်ကျတယ်။ သူက ချင်းပြည်နယ်က။ နောက်တယောက်က ဇော်မင်းခေါ် ကိုကိုလတ်။ ကျနော်က ပုဒ်မက (၅/ည) (၁၇/၁) (၁၉/က) နောက် (၅/ည) နှစ်မှုပေါင်း ပြစ်ဒဏ် (၁၇) နှစ်ကျတယ်။ နောက် (၁၅) နှစ်နဲ့ (၁) ဒါပြစ်ဒဏ်ချည်းပဲ အချုပ်ပါပါရင် (၁၅) နှစ်နဲ့ (၅) လနေခဲ့ရတယ်။ ကျနော်က (၂) လနဲ့ (၁၂) ရက်အလိုမှာ လွတ်တာ။”

သရက်ထောင်မှ ပြန်လွတ်လာသည့် ကိုဇော်မင်း ခေါ် ကိုကိုလတ်၏ ပြောကြားချက်ကို အရင်ဆုံး နားဆင်ကြည့်ကြပါ။ ပြန်လွတ်ပေးသူများအား ထောင်အနေနှင့် လမ်းစရိတ်ငွေ (၅၀၀) ပဲ ပေးနိုင်ကြောင်းကိုလည်း ကိုဇော်မင်းမှ အခုလို ပြောပါသည်။

“လမ်းစရိတ် တယောက် (၅၀၀) ပေးလိုက်တယ်။ အောင်လံဆိပ်ကမ်းကနေ ကားဂိတ် လာတာနဲ့ (၅၀၀) က ကုန်သွားပြီ။ ပြန်ရင်တော့ ဝရမ်းပြ စီးရမယ်။ (၅၀၀) ပဲ တတ်နိုင်လို့ (၅၀၀) ပဲ ပေးတာပါတဲ့။ မလောက်ဘူးဆိုတာ သိပါတယ်တဲ့။”

ခေတ်ပြိုင်ဂျာနယ်တွင် လုပ်ခဲ့သည်ဆိုပြီး (၇) နှစ်ထောင်ချခံခဲ့ရသည့် သာယာဝတီထောင်မှ ပြန်လွတ်လာသည့် ကိုအောင်နိုင်လည်း ပါဝင်ပါသည်။

“ခေတ်ပြိုင် သတင်းဂျာနယ်မှာ ကွန်ပျူတာ စာစီစာရိုက်နဲ့ ဖြန့်ချီရေးတာဝန် လုပ်ကိုင်ခဲ့တယ်ဆိုပြီး သတင်းပေးတဲ့လူကြောင့် ကျနော် အဆွဲခံရတာ။ (၂၀၀၅) ကာလတွေ ဆိုတော့ အင်မတန်မှ ဆိုးရွားပါတယ်။ အစားအသောက်၊ ကျန်းမာရေးကိစ္စ၊ ထောင်ပိုင် ဦးမြင့်ဆွေ လက်ထက်ပေါ့။”

ကိုအောင်နိုင်နှင့်အတူ ပြန်လည်လွတ်လာသူဖြစ်သည့် မန္တလေးအနောက်တောင်မြို့နယ် အဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ကိုဇော်ဝင်းမှ ယခုလို လွတ်မြောက်လာခဲ့သည့်အပေါ် ၄င်းခံစားချက်ကို ပြောပြထားပါသည်။

“ကျနော် ဝမ်းနည်းဝမ်းသာ ဖြစ်ပါတယ်။ အခုလို ကျနော့်ကို သက်ဆိုင်ရာတွေက လွှတ်ပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ဒါနဲ့တဆက်ထဲမှာ စိတ်ထဲမှာ စိတ်မကောင်းစွာနဲ့ ဝမ်းနည်းမိတာကတော့ အကျဉ်းထောင်တွေမှာ ကျန်နေခဲ့တဲ့ ကျနော့် ရဲဘော်များ (၅/ည) နိုင်ငံရေး အကျဉ်းသားတွေ ကျန်နေခဲ့တာကို ကျနော် စိတ်မကောင်းပါဘူး။ အဲဒါကို တော်တော် စိတ်ထဲမှာ ခံစားရပါတယ်။ ကျနော့်တို့ကို လွှတ်ပြီလို့ လာပြောတဲ့ အချိန်မှာ ကျနော့်ကို လာပြီး ဝိုင်းဝန်းနှုတ်ဆက်ကြတဲ့ မိတ်ဆွေတွေရဲ့ မျက်နှာကို ကြည့်ပြီး စကားကို တော်တော်နဲ့ မပြောနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အကျဉ်းထောင်ထဲမှာ ကျန်နေတဲ့ သူတွေဟာ ထောင်ထဲမှာ ဖြတ်သန်းလာတဲ့ နှစ်က အတော် ကြာနေပါပြီ။ အခု သုံးဆယ်က ဦးစိုးလှိုင်ဆိုရင် ထောင်ထဲမှာ (၁၈) နှစ် ကျော်ပါပြီ။ ကိုခင်ဇော်ဇော်၊ ဦးဟန်စိန်၊

ကိုမြင့်ထွန်းခေါ် ကောင်းယုက်၊ နောက် ဦးဘချစ်တို့ဆိုလဲ အသက် (၇၀) ကျော်ပါပြီ။ ကျန်းမာရေးကလဲ တော်တော်လေး မကောင်းကြပါဘူး။ နောက် ဦးစိုးမြင့်ဆိုလဲ သွေးတိုးရောဂါ ဖြစ်နေပါတယ်။ ထောင်ထဲမှာ နှစ်အကြာကြီး နေနေတဲ့လူတွေကိုပါ ကျနော်တို့ နည်းတူ နိုင်ငံတော် အကြီးအကဲတွေက လွှတ်ပေးမယ်ဆိုရင် ပိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ခံစားရမှာ ဖြစ်ကြောင်း ပြောချင်ပါတယ်။”

ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထုတ်ဝေမှုနှင့် ထောင်ချခံပြီး သာယာဝတီ ထောင်မှ ယနေ့ ပြန်လွှတ်လာသည့် စာရေးဆရာ သန်းဝင်းလှိုင်မှ ၄င်းပြန်လွှတ်လာသည့်အပေါ် ဝမ်းသာမိပေသော်လည်း မတရား ဖမ်းဆီးခံခဲ့ရခြင်းကိုမူ မမေ့နိုင်ပါကြောင်းကို ယခုလို ရင်ဖွင့်ထားပါသည်။

“ကျနော် ကြားရတာက ကျနော့် ရေးတဲ့စာအုပ်က ဝတ္ထုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ စာအုပ်ကိုရေးတာပါ။ အဲဒါ တရားဝင် ထုတ်ထားတဲ့စာအုပ်၊ ကျနော်က ဒုတိယအကြိမ် ထုတ်မယ်ဆိုပြီးတော့ စာပေစိစစ်ရေးကို တင်ထားတဲ့အချိန်မှာ ပတ္တမြားမောက် စာပေက ကိုကြည်ထွေးက တရားမဝင် ခိုးထုတ်လိုက်တဲ့အတွက် အဲဒီ စာအုပ်ကြောင့် သူ့ကို မဖမ်းဘဲနဲ့ ကျနော့်ကို ဖမ်းလိုက်တာပေါ့နော်။ နောက်ပြီးတော့ စာမျက်နှာ (၁၆) မှာ ကျနော်က ဒုတိယအကြိမ် ထုတ်ဝေတာ ဖြည့်စွက်ဆို ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိ အကျဉ်းလေးကို ပြန်ပြီးတော့ ထည့်ထားတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ပြီး ရေးတာမကြိုက်တာလဲတကြောင်း၊ နောက်တခုက ကျနော့်က အမှတ် (၂) မဲဆန္ဒနယ် သင်္ကန်းကျွန်းမြို့နယ်ကနေ အမျိုးသားပြန်လည် တည်ဆောက်ရေး တပ်ပေါင်းစုကို ကိုယ်စားပြုပြီး ရွေးကောက်ပွဲ ဝင်တာရယ်၊ နောက်တခုက ဒီမိုကရေစီအပေါ်မှာ သက်ဝင်ယုံကြည်တဲ့ သူဖြစ်တာရယ် အဲဒီ အချက်တွေ မူတည်ပြီးတော့ပဲ ကျနော့်ကို ထောင်ချလိုက်တယ်လို့ပဲ ကျနော် မှတ်ယူပါတယ်။”

ပြန်လွှတ်လာပြီး ဘာဆက်လုပ်မလဲဆိုတဲ့ အမေးကိုတော့ ဆရာသန်းဝင်းလှိုင်က အခုလို ပြောပြသွားပါတယ်။ “ကျနော့်တို့ကတော့ ဒီမိုကရေစီ မရရှိသေးတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုကို ခံယူပြီးတော့ ပြည်သူလူထုနဲ့အတူ ဒီမိုကရေစီ ပန်းတိုင်ရောက်အောင် ချီတက်မယ်လို့ ကျနော့် အနေနဲ့ကတော့ သံရဆကာသအဓိဋ္ဌာန် ချထားပါတယ်။ ကျနော်တို့ကတော့ ဒီမိုကရေစီအတွက်ပဲ အသက်ရှင်ချင်တယ်ပေါ့နော်။”

ယနေ့ ပြန်လွှတ်လာသည့် နိုင်ငံရေးအကျဉ်းသား တချို့၏ ပြောကြားချက်များ ဖြစ်ပါသည်။ ယခုဆက်ပြီး တင်ပြမှာမည်မှာ ပြန်မလွှတ်လာသေးသည့် နိုင်ငံရေးအကျဉ်းသား မိသားစုများ၏ခံစားချက်များတင်ပြပေးမှာ ဖြစ်ပါသည်။

“အန်ကယ်တော့ မပါသေးဘူး။ ဒီနေ့ ဘာမှ သတင်းမထူးပါဘူး။ မိုးတောင်ချုပ်သွားပြီ အန်ကယ်ကတော့ ဘာမှ မထူးပါဘူး။” “ဘာမှ မထူးပါဘူး။ ကျနော်တို့လဲ ဒီနေ့ စောင့်နေကြတာ။ သူက နဂိုထောင်က ပြီးသွားပြီ။ အခု (၁၀/က) နဲ့ ဆက်ပြီးတော့ ထိန်းထားတယ်။ တပတ်တကြိမ် တွေ့ရပါတယ်။ ကျန်းမာရေးကတော့ သူက နှလုံးရော၊ သွေးတိုးရော၊ ရှိနေတယ်။ လူက ဆေးနဲ့ပဲ ထိန်းနေတာပေါ့။ အခု နှစ်တွေ ကြာလာတဲ့ အချိန်ကြတော့ အချိန်တွေက ဒီလို တွေ့ကြုံလာရတာက တော်တော်ကြီး များပါတယ်။ ကျနော်တို့လဲ မျှော်လင့်ချက်နဲ့တော့ မျှော်နေကြတာပဲ။”

“မမျှော်လင့်ပါဘူး။ အိမ်ပေါက်ဝ ရောက်ရင်တော့တမျိုး။ ဒါတောင် အိမ်ပေါက်ဝ နောက်ကနေ ပြန်ဆွဲရင် ဆွဲသွားအုန်းမှာ။ အခုဟာ သက်သက်ကြီး မဲနေတာပဲ။ အန်ကယ်ဆိုရင် ရောဂါတွေက အပြင်ပြန်ရောက်လို့ရင် ကုရမှာ။ တော်တော်လေးကို ကြိုးစားပြီး ကုရမှာ။ သူ့ရောဂါတွေကလဲ သေရာပါတွေလေ။ ရောဂါ ဒီလောက် စုံနေတဲ့ဥစ္စာ ပြန်လွှတ်ရင်တော့ အန်ကယ်ကတော့ တမျိုးပေါ့လေ။ အန်တီလဲ ဆေးဝါး စုံစုံလင်လင်နဲ့ အနီးကပ် ပြုစုနိုင်တာပေါ့နော်။ အစားအသောက်ရော။”

မကြာသေးခင်ကမှ အင်းစိန်ထောင်အတွင်း အစာတော်ခံ ဆန္ဒပြခဲ့သူ စစ်ကိုင်းတိုင်း အဖွဲ့ချုပ်ဥက္ကဌ ဦးကျော်ဆန်း၏ အမျိုးသမီး ဒေါ်မေနွယ်၊ ပုဒ်မ (၁၀/က) နဲ့ ထောင်သက်တိုး ခံနေရသူ မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်၏ ခင်ပွန်းသည် ဦးဝင်းမြင့်နှင့် ပြည်ထောင်တွင် ပုဒ်မ (၁၀/က) နှင့် နှစ်တိုးခံနေရသူ ကျောက်တန်း လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း၏ ဇနီးသည် ဒေါ်ခင်အေးတို့၏ ခံစားချက် ဖြစ်ပါသည်။ ဦးကျော်ဆန်း၊ ဒေါက်တာမေဝင်းမြင့်နှင့် ဒေါက်တာသန်းငြိမ်းတို့လို လွှတ်တော် ကိုယ်စားလှယ်များ မလွှတ်မြောက်သေးသလို ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး၊ ဦးဝင်းတင်၊ မင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင် (၅) ဦးနှင့် အခြား နိုင်ငံရေးခေါင်းဆောင် များလည်း လွှတ်မြောက်လာခြင်း မရှိသေး၍ ၄င်းပတ်သက်ပြီး ရန်ကုန်မြို့ရှိ နိုင်ငံရေးအဖွဲ့အစည်းများ၏ အမြင်ကို မေးကြည့်သည့် အခါတွင် (၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီ၊ အဖွဲ့ချုပ်ပြောခွင့်ရ ပုဂ္ဂိုလ် တဦးဖြစ်သူ ဦးဉာဏ်ဝင်းနှင့် CRPP အတွင်းရေးမှူး ဦးအေးသာအောင်တို့မှ ယခုလို တုန့်ပြန်ခဲ့ပါသည်။

“လွှတ်တာက ကောင်းတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးတာ ကောင်းတဲ့ လုပ်ရပ်ဖြစ်တယ်။ ဖမ်းတာက မကောင်းဘူး။ ဖမ်းတာက ဘယ်သူ့အတွက်မှာ အကျိုးမရှိဘူး။ တိုင်းပြည်အတွက်လဲ အကျိုးမရှိဘူး၊ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး။ လွှတ်တာက ကောင်းတယ်။ အကုန်လုံးကို လွှတ်ပေးဖို့ လိုအပ်တယ်။

ဒေါ်အောင်ဆန်းစုကြည်၊ ကိုမင်းကိုနိုင်၊ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ၊ ဦးခွန်ထွန်းဦးလို တိုင်းရင်းသားခေါင်းဆောင်တွေ၊ စသဖြင့် နိုင်ငံရေးအကျဉ်းသား အားလုံးကို လွှတ်ပေးလိုက်တာ အကောင်းဆုံးပဲ။ လွှတ်ပေးလိုက်ခြင်းအားဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုဦးတည်တယ်လို့ ယူဆလို့ ရတယ်။ ဒီလို လွှတ်လပ်ရေးလို နေ့မျိုးမှာ နည်းနည်းပါးပါးလေး လွှတ်ပေးလိုက်၊ အပြသဘော လုပ်တဲ့ ကိစ္စတွေကျတော့ ဒါ ထိရောက်မှု မရှိဘူး။”

“ဒီလို လွှတ်မြောက်လာတဲ့ လူတွေအတွက် ဝမ်းသာပါတယ်။ ဒါပေမဲ့လို့ **NLD** အနေနဲ့ ပြောရရင် အသက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေး မကောင်းဘူး၊ နှစ်ရှည်ကျနေတဲ့ ပုဂ္ဂိုလ်တွေ၊ ဒေါက်တာသန်းငြိမ်းတို့၊ ဦးဝင်းထိန်တို့၊ ကိုခင်မောင်ရွှေတို့၊ ဦးဝင်းတင်တို့၊ ဦးနိုင်းနိုင်းတို့ ဒီလို အစရှိတဲ့ လူတွေ မလွှတ်မြောက်လာတာကိုတော့ ဝမ်းနည်းစရာပေ့ါ။ ကျနော်တို့ကတော့ လက်ရှိ ဒီလောက် အပေါ်မှာ ဘာမှ မျှော်လင့်ချက် မထားပါဘူး။”

“နိုင်ငံရေးအကျဉ်းသားပဲ ဖြစ်ဖြစ်၊ ရာဇဝတ်မှုအရ ဖမ်းဆီးထောင်ချထားတဲ့ အကျဉ်းသားတွေပဲ ဖြစ်ဖြစ်၊ လွှတ်ပေးတယ်ဆိုရင်တော့ ဒါကောင်းပါတယ်။ အကျဉ်းသားတွေကို ရာနဲ့ချီပြီး လွှတ်ပေးတဲ့အတွက် အန်ကယ့် အနေနဲ့ကတော့ ကြိုဆိုတယ်၊ အထူးသဖြင့် နိုင်ငံရေးအရ ထိန်းသိမ်းထားတဲ့ ဒေါ်အောင်ဆန်းစုကြည်တို့လို၊ ဦးတင်ဦးတို့လို၊ ပုဒ်မအမျိုးမျိုး တပ်ပြီးတော့ ဦးခွန်ထွန်းဦးတို့လို တိုင်းရင်းသားခေါင်းဆောင်တွေ၊ ပြီးတော့ မကြာသေးခင်က ထိန်းသိမ်းထားတဲ့ ကျောင်းသားခေါင်းဆောင်တွေကို လွှတ်ပေးမယ်ဆိုရင်တော့ အတိုင်းထက်အလွန် ကောင်းမြတ်တယ်လို့ အန်ကယ့် အနေနဲ့ ပြောချင်တယ်။”

နိုင်ငံရေးအကျဉ်းသား (၃၀) ကျော်အပါဝင် အကျဉ်းသား (၃၀၀၀) နီးပါး ဒီကနေ့ ပြန်လွှတ်လာသည့်အပေါ် ကိုဂျင်မီ၊ ဦးဉာဏ်ဝင်းနှင့် ဦးအေးသာအောင်တို့၏ အမြင် ဖြစ်ပါသည်။

အစသို့

## ပြန်လည် လွှတ်မြောက်လာသည့် နိုင်ငံရေး အကျဉ်းသားများနှင့် ဆက်သွယ်မေးမြန်းချက် (၂)

*၀၄ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ယခုဆက်ပြီး မနေ့မှပြန်လွှတ်လာသူ နိုင်ငံရေးအကျဉ်းသားအချို့နှင့် ဆက်သွယ်မေးမြန်းချက်တွေကို ထုတ်လွှင့်ပေးလိုပါသည်။ ဗွီဒီယိုအက်အပါအဝင် ပုဒ်မမျိုးစုံနှင့်ထောင် (၅) နှစ် ချမှတ်ခံထားရသည့် လားရှိုးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးမှ ကလေးထောင်မှ ပြန်လွှတ်လာပုံကို ယခုလို ပြောပြပါသည်။

“ထောင်ထဲက မနေ့ကမှ ကျနော်တို့ကို (၇) နာရီလောက်ကို လာခေါ်ပြီးတော့မှ စာရွက်စာတမ်းတွေနဲ့ အစီအစဉ်လုပ်ပြီးတော့မှ ကျနော်တို့ကို (၁၂) နာရီလောက်ကနေ စပြီးတော့မှ လွှတ်လိုက်ပါတယ်။ သူတို့ အဆင့်ဆင့် ပို့ပေးပါတယ်။ မန္တလေးကို ကျနော်တို့ ရောက်လာပါတယ်။ ဒီကနေ့မနက် အစောကြီးပဲ ရောက်လာတယ်၊ ထောင်အတွေ့ အကြုံကတော့ သိပ်ပြီး အထူးပြောစရာ မရှိပါဘူး။ အားလိုးလဲ ကျနော်တို့အဖွဲ့ကိုတော့ စောင့်ရှောက်ထားကြပါတယ်။ ကျနော်တို့ကတော့ လွှတ်တယ်ဆိုရင် ဘယ်လိုနည်းနဲ့ပဲ လွှတ်လွှတ် အများကြီး ဝမ်းသာပါတယ်။ ကျနော့်ကို လွှတ်တာပဲဖြစ်ဖြစ်၊ တခြားလူကို လွှတ်လွှတ်တာပဲဖြစ်ဖြစ် ဒါ အများကြီး ဝမ်းသာရမဲ့ ကိစ္စတွေပါ။ ကျေးဇူးတင်ရမဲ့ ကိစ္စတွေလဲ ဖြစ်ပါတယ်၊ အားလုံးကို။ ဝမ်းသာလဲ ဝမ်းသာပါတယ်။”

သားဖြစ်သူကိုတူးနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များ၊ ဒေါ်အောင် ဆန်းစုကြည်နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့ချုပ်ဝင်များ ပြန်လွှတ်မလာသေးသည့်အပေါ်ကိုလည်း ဦးသန်းဌေးမှ အခုလိုပြောကြားသွားပါသည်။

“သူတို့ ထပ်ပြီးတော့ လွှတ်လိမ့်မယ်လို့ ကျနော်ထင်ပါတယ်။ ဆက်ပြီးတော့ လွှတ်မဲ့ အစီအစဉ်လဲရှိတယ်လို့ ကျနော်တို့ ဒီလိုပဲ ကြားနေရတာပေ့ါလေ။ အားလုံးကို လွှတ်ရင်တော့ ကောင်းတာပေ့ါ။ အကုန်လုံး၊ ဒါတွေက ကိုယ့်တိုင်းရင်းသားတွေပဲ ဥစ္စာ။ ဝိုင်းဝန်းလုပ်ကိုင် ကိုင်ပြီးတော့ လုပ်သွားနိုင်လို့ရှိရင် အကောင်းဆုံးပေ့ါ။ ကျနော် ဒီလို မြင်ပါတယ်။”

လွှတ်တော်ကိုယ်စားလှယ်တဦးနေအနေနှင့် ဘယ်တော့မှဒူးမထောက်အညံ့မခံဘဲ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမည်ဟု ဦးသန်းဌေးမှတဆက်တည်း ပြောပြသွားပါသည်။ အလားတူ ကလေးထောင်မှပင် ပြန်လွှတ်လာသည့် ချောင်းဦးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆွေသည်လည်း သူစတင်ထောင်ကျခဲ့ပုံကို ယခုလို ပြောပြပါသည်။

“ကျနော်တို့ကို နိုင်ငံရေးပုဒ်မနဲ့ မဖမ်းတော့ဘဲနဲ့ အခြားသော၊ ဥပမာ ကျနော်ဆိုရင် ဆိုင်ကယ်လိုင်စင် မလုပ်လို့ ဆိုပြီးတော့။ လိုင်စင် နောက်တကြိမ်လုပ်မှပဲ လုပ်တော့မယ် ဆိုပြီးတော့ ကျနော် သိမ်းထားတာ။ အဲဒါကို ဝင်ဖမ်းပြီးတော့

လိုင်စင်မလုပ်လို့ဆိုတဲ့ ပုဒ်မနဲ့ တမြို့လုံးမှာလဲ ဘယ်သူ့ကိုမှ မဖမ်းဘူး။ ကျနော် တယောက်တည်းကိုပဲ ဖမ်းတာပဲ။ ကျနော် တဦးတည်းပဲ ဖမ်းပြီးပြီ။ တခါတော့ ဒီပြင်လူတွေအားလုံးကို ထောင်ဒဏ် (၁) ရက်ဆိုပြီး ကျတာ၊ ကျနော့်ကို ထောင်ဒဏ် (၃) နှစ် ဆိုပြီး ချလိုက်တာပဲလေ။ အဲလို အဖြစ်မျိုး တွေ့ပေ့ါ။ မြို့နယ်တရားရုံးကနေ (၁) ရက်ဆိုပြီး ချလိုက်တာ တိုင်းတရားရုံးက ပြင်ဆင်ချက်ကနေ (၃) နှစ်ဆိုပြီး လုပ်လိုက်တာလေ။ အခုဟာတော့ ကျနော် သဘောပေါက်ထား သလောက်ကတော့ နော်ကပိုင်းဖမ်းတဲ့ နိုင်ငံရေးသမားတွေဆိုလို့ရှိရင် သူတို့ ပုဒ်မ (၅/ည) တပ်တဲ့လူ မရှိသလောက် ရှားတယ်။ အခြားမီရာ ပုဒ်မတွေပဲ တပ်နေတာ။”

အားလုံးသည် အဆင်ပြေပြေ ချောချောမွေ့မွေ့နှင့် လက်တွဲဆောင်ရွက်ကြရန် အချိန်တန်ပြီဟုလည်း ဦးကျော်ဆွေကလည်း ယခုလိုဆက်ပြောပါသည်။

“ရှေ့ရေးကတော့ ကျနော်တို့ကတော့ လုပ်စရာရှိတဲ့အလုပ်ကတော့ ဆက်လုပ် ရမှာပဲလေ။ ဘာပဲဖြစ်ဖြစ် ကျနော်တို့ လိုချင်တဲ့ ပန်းတိုင် မရောက်မခြင်းကတော့ ဒါကတော့ အဆင်ပြေအောင် လျှောက်လှမ်းသွားရမှာပေ့ါ။ ဒါကတော့ ကျနော့်ရဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်ပါပဲ။ နိုင်ငံတော်ကြီးကတော့ နည်းနည်းလေး အားလုံးကတော့ ပြန်ပြီးတော့ အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ လက်တွဲ့ဆောင်ရွက်ကြဖို့ အချိန်ကတော့ တန်နေပြီလို့တော့ ထင်တယ်လေ။ နှစ်ဦးနှစ်ဖက် နားလည်ကြရင်တော့ ကောင်းလိမ့်မယ်။ နားမလည်ကြရင်တော့ ပြည်သူလဲနာ၊ နိုင်ငံလဲနာ၊ တိုင်းပြည်လဲ နစ်နာတယ်လေ။ အားလုံး နှစ်ဦးနှစ်ဖက် ညှိညှိနှိုင်းနှိုင်း ဆွေးဆွေးနွေးနွေးနဲ့ သာသာယာယာ ဖြစ်စေချင်တယ်ပေ့ါ။ ဒါကတော့ ကျနော့်ရဲ့ ပကတိ စိတ်ရင်းအမှန်ပါပဲ။”

ချောင်းဦးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆွေ ဖြစ်ပါသည်။ ကျူရှင်အက်ဥပဒေနှင့် ထောင် (၃) နှစ်ချမှတ်ခံခဲ့ရပြီး ထောင်ထဲရောက်မှ နောက်ထပ် (၆) နှစ် ထပ်တိုးခံရသည့် မုံရွာမြို့မှ ကျူရှင်ဆရာ ကိုညွန့်အောင်ကို လည်း ကျမတို့ဆက်သွယ်မေးမြန်းခွင့် ရရှိခဲ့ပါသည်။ ၎င်း၏ထောင်တွင်း အတွေ့အကြုံကို ယခုလို ပြောပြပါသည်။

“ကျနော် စအဖမ်းခံရတာက (၂၀၀၄)၊ (၉) လပိုင်း၊ (၇) ရက်နေ့ကပါ။ သူတို့ အကြောင်းပြတာကတော့ ကျူရှင်အက်လို့ အကြောင်းပြတာပါ။ ဒါပေမဲ့ တကယ်တမ်းတော့ သိတဲ့အတိုင်းပေ့ါ။ ပုဒ်မ (ကျူရှင်အက်/၂၃) လို့ တပ်တယ်။ မုံရွာမှာက (၃) နှစ်နဲ့ (၉) လ။ ကလေးမှာ ဖြစ်တဲ့အတွက်က (၆) နှစ်။ အားလုံးပေါင်းလိုက်ရင် (၉) နှစ် (၉) လ ကျခံရပါတယ်။ ထောင်တွေမှာ နေတုန်းက ကလေးထောင်က လွဲပြီး ဒီပြင် ထောင်တွေမှာတော့ အားလုံး အဆင်ပြေပါတယ်။ မုံရွာထောင်ရယ်၊ ကလေးထောင်ရယ်၊ နောက် ရွှေဘိုထောင်ရယ်၊ ပခုက္ကူထောင်ရယ်။ ကလေးထောင်ကတော့ အဆိုးဆုံးပေ့ါ။ နောက်ပိုင်းတော့ တဖြည်းဖြည်းနဲ့တော့ ပြုပြင်ပြောင်းလဲလာတယ်လို့ ပြောပါတယ်။ စားရတာ သောက်ရတတို့၊ နောက် ရေချိုးရတာတို့ပေ့ါ။ ဒါပေမဲ့ အခုတော့ ပြုပြင်ပြောင်းလဲ လာတယ်လို့ ပြောပါတယ်။”

ထောင် (၄) ထောင် ပြောင်းရွှေ့ခံခဲ့ရပြီး ယခုနောက်ဆုံး ပခုက္ကူထောင်မှ ပြန်လွတ်လာသည့် ကိုညွန့်အောင် ဖြစ်ပါသည်။ ၎င်းပြန်လွတ်လာသော်လည်း ဝမ်းမသာနိုင်သည့်အကြောင်း ကိုညွန့်အောင်မှ ယခုလို ဆက်ပြောထားပါသေး သည်။

“ကျနော် လွတ်လာတဲ့အတွက် တဝက်လောက်တော့ ဝမ်းသာရတယ်ပေ့ါ။ အပြည့်အစုံတော့ ဝမ်းမသာရသေး ဘူး။ ကျနော်တို့ အခု လွတ်တဲ့လူတွေတော့ လွတ်လာတယ်ပေ့ါ။ ထောင်ထဲမှာလဲ နိုင်ငံရေး အကျဉ်းသားတွေ ကျန်သေးတယ်။ သူတို့ အတွက် ကျနော် ကိုယ်ချင်းစာပြီးတော့ အပြည့်အဝတော့ ဝမ်းမသာနိုင်သေးဘူးပေ့ါ။”

ရှေ့ဆက် ဘာဆက်လုပ်မလဲဆိုတဲ့ အမေးကိုမူ ကိုညွန့်အောင်မှ ယခုလို ပြန်လည် ဖြေကြားသွားပါသည်။

“ဟုတ်ကဲ့ ကျနော့်ရဲ့ လုပ်ငန်းတွေကို၊ ပါတီကခိုင်းတဲ့ လုပ်ငန်းတွေကို ကျနော် ဆက်လုပ်မှာပါ။ ပြည်သူတွေနဲ့ ပတ်သက်တဲ့ဟာတွေကို ကျနော် ဆက်လုပ်ပါမယ်။ ကျနော် ပြောချင်တာက နိုင်ငံရေးဆိုတာက ပြည်သူ ပြည်သားတွေအရေး၊ မြန်မာပြည်သားတွေ အရေးလုပ်တာ ဖြစ်တဲ့အတွက် ထောင်ထဲမှာလဲလုပ်လို့ ရပါတယ်။ ထောင်ထဲမှာလဲ လုပ်သင့်ပါတယ်လို့ ကျနော် ပြောလိုပါတယ်။”

ပခုက္ကူထောင်မှ ပြန်လွတ်လာသည့် မုံရွာမြို့နယ် အဖွဲ့ချုပ်လူငယ် ကျူရှင်ဆရာ ကိုညွန့်အောင် ဖြစ်ပါသည်။

အစသို့

## (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့ **Letter Campaign** စတင်လုပ်ဆောင်

*၄ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

လက်ရှိကြုံတွေ့နေရသည့် အခက်အခဲ အကြပ်တည်းများကို အာဏာပိုင်များထံ ကိုယ်တိုင် စာရေးပေးပို့ကြရန် တိုက်တွန်းနှိုးဆော်သည့် လှုပ်ရှားမှုတရပ်ကို (၈၈) မျိုးဆက် ကျောင်းသားများ အဖွဲ့မှ ယနေ့ လွတ်လပ်ရေးနေ့မှာပင် စတင်လိုက်ပြီဖြစ်ကြောင်း သိရပါသည်။ ယနေ့ စသည့်နေ့မှာပင် စာအိတ်ပေါင်း (၁) သောင်း ဖြန့်ဝေနိုင်ခဲ့ပြီး တနိုင်ငံလုံး

အတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်အောင် ဆက်လက်လုပ်ဆောင် သွားမယ်ဟု ကျောင်းသားခေါင်းဆောင်များမှပြောပါသည်။ ယနေ့ လှုပ်ရှားမှုအခြေနေ သိရှိနိုင်ရန် ကျောင်းသားခေါင်းဆောင် ကိုမြအေးအား ဆက်သွယ်မေးမြန်းသည့်အခါ ဒီမနက်ကပင် စာ (၁) စောင် လက်ခံရရှိခဲ့သည်ဟု ယခုလို စတင် ပြောပြပါသည်။

"စာအိတ် (၁) သောင်းကို စဖြန့်တဲ့အချိန်မှာ စာအိတ်တွေ မထွက်ခင်မှာပဲ ကျနော်တို့ ရေဒီယိုထဲက ပြောတဲ့အသံကို ကြားပြီးတော့မှ ပြည်သူတွေက စာတစောင် ကျနော်ဆီ ရောက်လာတာ ဖြစ်ပါတယ်။ မနက် (၈) နာရီမှာ ကျနော်တို့ ရပါတယ်။ ကြိုတင်ပြင်ဆင်ထားပြီး ရေးထားတာပါ။ အဲဒီမှာ လက်မှတ်ထိုးထားတဲ့လူ (၇) ယောက် လောက်ပါပါတယ်။ အကြမ်းပျဉ်းအားဖြင့် ပြောမယ်ဆိုရင် ရပ်ကွက်တကွက်မှာ ရဝတ ရွေးပွဲလုပ်တယ်၊ ရွေးချယ်ခံလိုက်ရတဲ့လူက ရပ်ကွက်က မကြိုက်တဲ့လူ ဖြစ်နေတယ်။ အဲဒီလူက အခွင့်ရေးသမား ဖြစ်နေတယ်၊ နောက်ပြီး သူ့ကိုယ့်ကျင့်တရားတွေနဲ့ ပတ်သက်ပြီးလဲ မကောင်းဘူးလို့ ရေးထားတဲ့ စာတစောင် ကျနော်တို့ရတယ်။ ဒါကို ကျနော်တို့ အာဏာပိုင်တွေသိဖို့ ကျနော်တို့က တင်ပြပေးလိုက်တယ်။ ဒါပဲ။ အဲဒီတော့ ကျနော်တို့ အတိုင်းအတာအရ ဒီကနေ့ (၁) သောင်းဖြန့်တယ်။ နောက်နေ့လဲ ဆက်ဖြန့်သွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ရဲ့ အခြေအနေကို ကျနော် စပြောတာပါ။"

ဒီဗွီဘီ ။ ။ ဒီလှုပ်ရှားမှုကို ဘာကြောင့် ဒီကနေ့ လွတ်လပ်ရေးနေ့မှာ စရတာလဲ။

"ကျနော်တို့ လွတ်လပ်ရေးနေ့ သဝဏ်လွှာမှာ ပါတယ်။ ပြည်သူကို ဘာအသိပေးထားလဲ ဆိုရင် လိုတိုရှင်းပြောရမယ်ဆိုရင် ကျနော်တို့က တိုင်းတပါးအောက်က လွတ်မြောက်လာတယ်၊ သို့သော်စနစ်ဆိုးရဲ့ အမှောင်ထုကြီးအောက်မှာ ကျနော်တို့က မလွတ်မြောက်ဘူး။ အဲဒီတော့ ကျနော်တို့ရဲ့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တွေဟာ မြန်မာနိုင်ငံကြီး လွတ်လပ်ရေး ရရှိဖို့ဆိုပြီးတော့ ကိုယ့်ရဲ့အသက်၊ သွေး၊ ချွေးတွေ ရင်းနှီးပြီး ကိုယ်တိုင်ကိုယ်ကျ လုပ်ယူခဲ့ကြတယ်။ ဒီကနေ့ ကျနော်တို့တိုင်းပြည် ဆင်းရဲတွင်း၊ အကြပ်အတည်းက လွတ်မြောက်ဖို့ ပြည်သူပြည်သားတွေ ကိုယ်တိုင်ကိုယ်ကျ ကြိုးစားအားထုတ်မှုနဲ့ ကိုယ့်ဟာကိုယ် လုပ်မှရမယ်ဆိုတာကို ကျနော်တို့ သဝဏ်လွှာထဲမှာ အသိပေးထားတယ်။ ပြန်ကောက်မယ်ဆိုရင် ဒီကနေ့က လွတ်လပ်ရေးနေ့ ကျနော်တို့ တိုင်းပြည်ရဲ့ (၅၉) ကြိမ်မြောက် လွတ်လပ်ရေးနေ့။ (၅၉) နှစ်ရှိပြီ။ တိုင်းတပါးအောက်က လွတ်မြောက်ခဲ့တာ။ (၅၉) နှစ်ဆိုတာ တိုင်းပြည်တပြည်ကို အားလုံးဝိုင်းဝန်းပြီး ပူးပေါင်းထူထောင်ကြမယ်ဆိုရင် အင်မတန် ခေတ်မီတိုးတက်တဲ့ နိုင်ငံတနိုင်ငံ ဖြစ်ဖို့ လုံလောက်တဲ့ အချိန်ပဲ။ သို့သော် ဒီနေ့ တိုင်းပြည် အခြေအနေက ဖွတ်ဖွတ်ညက်ကျေပြီး ဆင်းရဲတွင်းထဲကို နစ်သထက်နစ်လာတယ်။ မဆလ အစိုးရ ဖျက်ဆီးခဲ့လို့လဲ ဒီူယ နိုင်ငံအဖြစ် ကျနော်တို့ ရောက်ရှိခဲ့ကြတယ်။ အခုတခါ ကျနော်တို့ တိုင်းပြည်မှာ လူတန်းစား ကွာခြားမှုတွေ၊ ဆင်းရဲဒုက္ခန္တ်တွင်းတွေ၊ ကျောင်းနေရမဲ့ ကလေးအရွယ်လေးတွေ စားပွဲထိုး လုပ်နေရတဲ့ဟာတွေ၊ ကျောင်းနေကလေးအရွယ်လေးတွေ လမ်းမှာ တောင်းစားနေရတဲ့ဟာတွေက များများများလာတယ်။ အဲဒီတော့ ဒီကနေ့ လွတ်လပ်ရေးနေ့မှာ ပြည်သူပြည်သားရဲ့ အသံကို ရင်ဖွင့်နိုင်အောင် ဒီကိစ္စကို ဖန်တီးပေးတာပဲ ဖြစ်တယ်။"

ဒီဗွီဘီ ။ ။ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကို ဘယ်လောက်အထိ ပါဝင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါလဲ။

"ဒါကတော့ ကျနော်တို့ လုပ်အားပေါ် မူတည်လိမ့်မယ်လို့ ထင်တယ်။ ဘာလို့လဲဆို ပြည်သူက မဟုတ်လဲ ပြောချင်နေတာ။ လဘက်ရည်ဆိုင် သွားထိုင်လို့ရင်လဲ ညည်းသံတွေ ကျနော်တို့ ကြားနေရတာပဲ။ ကားငှားပြီး တက္ကစီ တက်စီးမယ်ဆိုရင်လဲ တက္ကစီသမားက အုံနာကို ပေးရတာဘယ်လောက် CNG သမားဆိုရင် ဓါတ်ငွေ့ ဓါတ်ဆီ (၄) နာရီ တန်းစီရတယ် ဒါတွေကျနော်တို့ ကြားနေရတယ်။ ရပ်ကွက်ထဲမှာ သွားကြည့်လိုက် အကုန်လုံး မီးတွေပျက်လို့ ရေမရ၊ မီးမရဆိုတဲ့ ဒုက္ခတွေနဲ့ ကြုံနေရတယ်။ အကုန်လုံး ပြောနေကြတာပဲ။ ပြောနေတဲ့ အခြေအနေတွေကို ကျနော်တို့က ဘယ်လိုပြောအောင် ဖန်တီးပေးနိုင်မလဲဆိုတဲ့ အခြေအနေတွေကို လူထုကို ကိုယ်စားပြုမယ်ဆိုတဲ့ ရိုးရိုးသားသား ဝန်ခံရရင် ကျနော်တို့လို လူမျိုးတွေ၊ ကျန်တဲ့ နိုင်ငံရေးသမားတွေ အားလုံး အဝန်းအဝိုင်းအပေါ်မှာ မူတည်တယ်။ ဘယ်လောက် အောင်မြင်မလဲဆိုတာ ကိုယ်လုပ်နိုင်တဲ့ အတိုင်းအတာအပေါ်မှာ မူတည်မယ်လို့ ထင်တယ်။ ပြည်သူကတော့ အဆင့်သင့်ရှိနေတယ်။ ကျနော့်အမြင်ကတော့ ဒါပဲ။"

ဒီဗွီဘီ ။ ။ ဒီလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာမဲ့ ကောင်းကျိုး၊ ဆိုးကျိုးနဲ့ ပတ်သက်လို့ရော။

"ကျနော်မြင်တာကတော့ ဒါမကောင်းစရာ မရှိဘူးလို့ မြင်တယ်။ ဆိုးကျိုးမမြင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် စာစောက စကားထဲမှာ ပါပါတယ်။ တပ်မတော်ရော၊ ပြည်သူရဲတွေရော၊ အာဏာပိုင် အဆင့်ဆင့် ဝန်ထမ်းတွေရော၊ ကျနော်တို့ရော အားလုံးဟာ စနစ်ဆိုးရဲ့ လောင်းရိပ်အောက်ထဲမှာ ရောက်နေတယ်။ ဒါကို အကုန်လုံး ပြန်ပြီးတော့ ဝေဖန်သုံးသပ် ပိုင်းခြားတတ်မယ်ဆိုရင် အားလုံးအတွက် ကောင်းရာကောင်းကျိုးကို လုပ်တာပဲ။ တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်တဲ့ အစိုးရဆိုတာ တိုင်းသူပြည်သား ဘယ်လို အခြေအနေ ရှိလဲဆိုတာကို သိမှ၊ မြင်မှသာလျှင် လမ်းမှန်ကို ရွေးချယ်တတ်မှာလေ။ မသိဘူး၊ မမြင်ဘူးဆိုရင် လမ်းမှန်ကို သူဘယ်တော့မှ မြင်မှာ မဟုတ်ဘူး။ ကောင်းတာ လုပ်တာပဲ။ ဒါကို ဘယ်သူကမှ တားမြစ်ပိတ်ပင် တားဆီးလို့ မရသလို၊ ဘယ်ဥပဒေကိုမှ ချိုးဖောက်တာ မဟုတ်တဲ့အတွက် ကျနော်တို့

လုပ်ခွင့်ရှိတယ်၊ ပြည်သူပြည်သားတွေ လုပ်ခွင့်ရှိတယ်။ ကုန်ကုန်ပြောမယ် ကျောင်းနေတဲ့ ကလေးတောင်မှ ကျောင်းသွားအပ်လို့ရင် ကုန်ကျစရိတ် ဘယ်လောက်ရှိလဲဆိုတာ သိသင့်တယ်၊ သူလဲ လုပ်ခွင့်ရှိတယ်။ အကုန်လုံး လုပ်ခွင့်ရှိတယ်။ ဒီဟာကဝ့ါအ ပဲ။ ဒီဝ့ါအ ကို ဘယ်သူမှ တားဆီးပိတ်ပင်လို့ မရဘူး။ မွေးရာပါ အခွင့်အရေး ဒါလုပ်ကို လုပ်ရမှာပဲ ဖြစ်တယ်။”

ယနေ့စတင်သည့် (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့၏ Letter Campaign အကြောင်း ကိုမြအေးအား ဆက်သွယ်မေးမြန်းခဲ့ခြင်းပါ။ လူထုများ ပေးပို့လာတဲ့ စာများကို အသုတ်လိုက်ခွဲပြီး နအဖဥက္ကဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပေးပို့သွားမည်ဟုလည်းကိုမြအေးမှ ပြောကြားသွားပါသည်။

အစသို့

## ဘိုကလေး၌ လွတ်လပ်ရေး အခမ်းအနား ကျင်းပသဖြင့် အဖွဲ့ချုပ်ဝင် (၁၇) ဦး ဖမ်းဆီးခံရ

*၅ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရန် ကြိုးစားသည့် ဧရာဝတီတိုင်း ဘိုကလေး မြို့နယ်မှ အဖွဲ့ချုပ်ပါတီဝင် (၁၇) ဦးကို အာဏာပိုင်များမှ ဖမ်းဆီးစစ်ဆေးနေကြောင်း အဖွဲ့ချုပ် သတင်းရပ်ကွက်တခုမှ ယနေ့ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ မနေ့က ကျရောက်သည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပရန် ဘိုကလေး အဖွဲ့ချုပ်ဥက္ကဌ ဦးအောင်ခင်ဘို ၏ နေအိမ်တွင် ပြင်ဆင်နေစဉ် (၃) ရက်နေ့ ညနေပိုင်းကတည်းက စတင်နှောက်ယှက်ခံရကြောင်း သိရပါသည်။ ဦးဝင်းရှိန် ခေါင်းဆောင်သည့် ကြံ့ဖွံ့အဖွဲ့ဝင်အင်အား (၂၀၀) ခန့်သည် လေးခွများ၊ ဓါးများ၊ ဒုတ်များ ကိုင်ပြီး ဦးအောင်ခင်ဘို၏ နေအိမ်ရှေ့ကို ရောက်လာကြောင်း၊ ၄င်းနောက် ဦးအောင်ခင်ဘို၏ နေအိမ်အပေါ်ထပ် ဝရံတာတွင် ချိတ်ဆွဲထားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပိုစများကို ဖြုတ်ချပေးရန် ကြွေးကြော်သံတွေနှင့် အော်ဟစ်တောင်းဆိုခဲ့ကြောင်း သိရပါသည်။ အဖွဲ့ချုပ် ပါတီဝင်များဖက်မှ မဖြုတ်နိုင်ကြောင်း ပြောသည့်အခါတွင် ၄င်းအဖွဲ့ ပြန်သွားပြီး နောက်တနေ့ မနက်စောစော (၂) နာရီလောက်တွင် အင်အား (၄၀၀) လောကနှင့် ထပ်ရောက်လာပြန်သည်ဟု ဆိုပါသည်။ ၄င်းအကြိမ်တွင် နေအိမ်ဝင်းထဲ အတင်းဝင်၊ အိမ်ပေါ် လှေကားထောင်တက်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပိုစများကို ဆွဲဖြုတ်ခဲ့ကြကြောင်း သိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်ဖြစ်သည့် ဒီမိုကရေစီဝါဒသာလျင် လွတ်လပ်ရေးနှင့် ဆီလျော်သည် ဆိုတဲ့အချက်ကို ကြံ့ဖွံ့အဖွဲ့မှ မကျေမနပ်ဖြစ်နေပုံရသည်ဟု ဆိုပါသည်။ ၄င်းနောက်မှာတွင် အိမ်ရှင် ဦးအောင်ခင်ဘို အပါဝင် ဘိုကလေးမှ ပါတီဝင်များ၊ ရန်ကုန်မှ ရောက်လာသူများအပါဝင် အားလုံး (၁၇) ဦးအား အာဏာပိုင်များမှ ဖမ်းဆီးခဲ့သည်ဟု သိရပါသည်။ အခုအချိန်ထိ ၄င်းတို့ကို စစ်ဆေးနေဆဲလား၊ ပြန်လွှတ်ပေးလိုက်ပြီလား ဆိုသည်ကို မသိရသေးပါ။ ဘိုကလေးမြို့တွင် ကျင်းပသည့် အခမ်းအနားများကို အာဏာပိုင်များဘက်မှ ယခုလို မကြာခဏ ပိတ်ပင်တားဆီးလေ့ရှိပြီး၊ ပြီးခဲ့သည့် ဒီဇင်ဘာလ (၁၀) ရက်နေ့ နိုင်ငံတကာ လူ့အခွင့်အရေးနေ့တွင်လည်း အလားတူ ဖမ်းဆီးမှုတချို့ ရှိခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်များတွင်လည်း အလားတူပြသာနာ တချို့ရှိခဲ့ပြီး (၂၀၀၄) တုန်းကဆိုရင် ဦးအောင်ခင်ဘိုနှင့် ပါတီဝင် (၁၀) ကျော်ကို (၆) လကျော် ဖမ်းဆီးထောင်ချခဲ့ဖူးကြောင်း သိရပါသည်။

အစသို့

## အောင်သပြေ စစ်ကြောရေးစခန်း၌ (၈၈) ကျောင်းသားများ အစာငတ်ခံဆန္ဒပြ

*၀၂ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့်အဖွဲ့ အောင်သပြေစစ်ကြောရေးစခန်းအတွင်း အစာငတ် ဆန္ဒပြနေကြောင်း သတင်းများ ထွက်ပေါ်လာသည့်အတွက် အထူး စိုးရိမ်မိကြောင်း (၈၈) မျိုးဆက် ကျောင်းသားများမှ ယနေ့ ထုတ်ဖော်ပြောဆို လိုက်ပါသည်။ မင်းကိုနိုင်၊ မင်းဇေယျ၊ ကိုကိုကြီး၊ ကိုဌေးကြွယ်နှင့် ကိုပြုံးချိုတို့ (၅) ဦးကို ပြီးခဲ့တဲ့နှစ် စက်တင်ဘာလ (၂၇) ရက်နေ့ကတည်းက ဖမ်းဆီးသွားခြင်းဖြစ်ပြီး၊ ယခု ရက်ပေါင်း (၁၀၀) ပြည့်တဲ့နေ့တွင် ယခုလို သတင်းကြားရခြင်း ဖြစ်ကြောင်းကျောင်းသားခေါင်းဆောင် ကိုမြအေးနှင့် ကိုဂျင်မီတို့မှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ ၄င်းသတင်းကို ၄င်းတို့အနေနှင့် သီးခြား အတည်ပြုနိုင်ခြင်း မရှိသေးသော်လည်း ၄င်းသည် ဖြစ်နိုင်ခြေ များသည်ဟု ၄င်းတို့ (၂) ဦးမှယခုလို ထောက်ပြထားပါသည်။

“အဲဒါက မနေ့က ကျနော်တို့ လွတ်လပ်ရေးနေ့ အခမ်းအနားကို သွားတက်တယ်။ တက်တဲ့အခါမှာ တချို့က ကျနော်တို့ကို မေးကြတယ်။ အဲဒီကနေ စပြီးတော့ ကြားတယ်။ မနေ့ကလဲ ရှုပ်နေတဲ့အခါကျတော့ ကျနော်တို့ မကြားသေးဘူး ပြောခဲ့တယ်။ ဒါပေမဲ့ ညနေပိုင်းမှာတော့ အဲဒီစကားက တော်တော်များလာပြီ ကျယ်လာပြီ။ အဲဒီလိုပဲ

မနက်မှာလဲ ထပ်ပြောလာတဲ့ အခါကျတော့ ကျနော်တို့က စိတ်ပူမိတာတော့ အမှန်ပဲ။ သတင်းက အတည်ပြုလို့ ရ၏၊ မရ၏ ဆိုတာထက် ခုနကပြောသလို အဲဒီသတင်း ကြားနေတာတော့ အမှန်ပဲ။"

"ဘယ်လိုလုပ် ကျနော်တို့က Confirm လုပ်လို့ရမလဲ ကျနော်တို့က အဆက်အသွယ်လဲ ရှိတာမဟုတ်ဘူး။ ဘယ်မှာ ထားမှန်းတောင် သိတာမဟုတ်ဘူး။ အဲဒီတော့ အဲဒီဟာက ကျနော်တို့ နိုင်ငံမှာ ဖြစ်နေတဲ့ ပြဿနာလေ ဘယ်က ထွက်လာလဲဆိုတာ ခင်ဗျားသိခွင့်ရမှာ မဟုတ်ဘူး၊ ကျနော်လဲ သိခွင့်ရမှာ မဟုတ်ဘူး၊ ဒါကို။ ပြောတဲ့လူကလဲ ကျနော် ပြောပါတယ်လို့ မပြောရဲဘူး။ ဒါ ကျနော်တို့ နိုင်ငံမှာ ဖြစ်နေတဲ့ ပြဿနာပဲ။ အရင်တုန်းက ကျနော်တို့ ဒေါ်စုပဲဖြစ်ဖြစ်၊ ထောင်တွေထဲမှာပဲ ဖြစ်ဖြစ်၊ ဖြစ်ပြီဆိုရင် ကျနော်တို့က သတင်းအဖြစ်နဲ့ စသိရတယ်။ Confirm လုပ်ကြည့်ဖို့ ကျနော်တို့က ဘယ်လို လုပ်နိုင်မလဲ။ နောက် ဒီဥစ္စာကို အဲဒါကို မမှန်ဘူးလို့လဲ သွားပြောလို့မရဘူး။ မှန်တဲ့ဟာတွေကလဲ ရှိခဲ့ဖူးတာကို အများကြီး ရှိခဲ့ဖူးတာကိုး။ အကောင်းဆုံးကတော့ စုံစမ်းနိုင်ဖို့က တခုပဲရှိတယ်။ အဲဒါကတော့ သူတို့ကို လွှတ်ပေးလိုက်တဲ့နည်းပဲ။ အဲဒါမှ Confirm ဖြစ်သွားမှာ။"

အောင်သပြေ စစ်ကြောရေးစခန်းမှ မင်းကိုနိုင်တို့အဖွဲ့ အစာတော်ခံ ဆန္ဒပြနေသည် ဆိုသည့် သတင်းနှင့် ပတ်သက်ပြီး ကိုမြအေးနှင့် ကိုဂျင်မီတို့၏ ပြောကြားချက် ဖြစ်ပါသည်။ ကျောင်းသားများ၏ပြောဆိုချက်နှင့် ပတ်သက်ပြီး အတိအကျ သိနိုင်ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်များသို့ ဆက်သွယ်မေးမြန်းခဲ့သော်လည်း အဆင်မပြေခဲ့ပါ။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် ကျင်းပခဲ့သည့် သတင်းစာရှင်းပွဲတခုတွင် ၎င်းတို့ (၅) ဦးကို ဖမ်းဆီးထားခြင်း မဟုတ်ဘဲ ခေါ်ယူမေးမြန်းနေခြင်းသာ ဖြစ်သည်ဟု ရဲချုပ်ခင်ရီမှ ပြောခဲ့ဖူးပါသည်။ သို့သော်လည်း ၎င်းတို့ကို မည်သည့် ဖမ်းထားသလဲ၊ မိသားစုများ၊ ရှေ့နေများနှင့် ဘယ်တော့ ပေးတွေ့မလဲ ဆိုတာတွေကိုတော့ ရဲချုပ်ခင်ရီမှ ရှင်းပြခဲ့ခြင်း မရှိပါ။ ကျောင်းသားများဘက်မှ ၎င်းသတင်းအပေါ် အတော်ကို စိုးရိမ်ပူပန်နေပြီး ၎င်းတို့၏ ခေါင်းဆောင် (၅) ဦး စစ်ကြောရေး စခန်းအတွင်း တခုခုဖြစ်သွားမယ်ဆိုလျှင် ၎င်းတို့ အနေနှင့် သည်းခံနိုင်တော့မှာ မဟုတ်ကြောင်း သတိပေး ပြောကြားခဲ့ပါသည်။ သို့ပေမဲ့လည်း သည်းမခံနိုင်ရင် ဘာဆက်လုပ်မလဲဆိုတဲ့ အမေးကိုမူ ဒါဟာ အရေးကြီးသည့် လုပ်ငန်းစဉ် ဖြစ်ခြင်းကြောင့် ကြိုတင်မပြောနိုင်သေးကြောင်း ကိုမြအေးနှင့် ကိုဂျင်မီတို့မှ ဒီဗွီဘီကို ဖြေကြားခဲ့ပါသည်။

အစသို့

## လှိုင်သာယာအဖွဲ့ချုပ်ဝင် ဦးမြင့်ထွန်းကို ထောင်ဒဏ် (၅) နှစ်နှင့် ငွေဒဏ် ချမှတ်

*၆ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

နေအိမ် မီးကြိုးမှတဆင့် ဓါတ်လိုက်ပြီး လူသေဆုံးခဲ့ရသည်ဆိုသည့် စွပ်စွဲမှုနှင့် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်ထွန်းကို ရွှေပြည်သာမြို့နယ် တရားရုံးမှ မနေ့တွင် ထောင်ဒဏ် (၅) နှစ်နှင့်အပြင် ငွေဒဏ် (၂) သိန်း ချမှတ် လိုက်ကြောင်း ဦးမြင့်ထွန်း၏ ဇနီးသည် ဒေါ်ရှမ်းမမှ အတည်ပြု ပြောဆိုလိုက်ပါသည်။ ပြီးခဲ့တဲ့နှစ် ဇူလိုင်လ (၁၁) ရက်နေ့တွင် ရွှေပြည်သာမြို့နယ် လှော်ကားဘုတာရုံရှေ့တွင် မီးရထား ဝန်ထမ်းတဦး ဓါတ်လိုက်သေဆုံးခဲ့ရခြင်းသည် ဦးမြင့်ထွန်းအိမ်မှ လျှပ်စစ်မီးကြိုးကြောင့်ဆိုပြီး ဖမ်းဆီးချုပ်နှောင်ခဲ့သည့်နောက် ရုံးတင်တရားစွဲခဲ့ပါသည်။ ၎င်းနောက် (၇) လအကြာတွင် ပေါ့လျော့စွာ လူသေမှု ပုဒ်မ (၃၀၄/က) နှင့် ထောင်ဒဏ် (၅) နှစ် နာကျင်စေမှု (၃၃၇) နဲ့ ထောင်ဒဏ် (၁) နှစ် လျှပ်စစ်တရားမဝင် ဖြန့်ဝေမှု ပုဒ်မ (၃၅) နှင့် ငွေဒဏ် (၂) သိန်း၊ စုစုပေါင်း ထောင်ဒဏ် (၅) နှစ် ချမှတ်လိုက်ခြင်းဖြစ်ပါသည်။ ဦးမြင့်ထွန်းကို ယခုလို ထောင်ဒဏ်အမိန့် ချမှတ်လိုက်ခြင်းနှင့် ပတ်သက်ပြီး အဖွဲ့ချုပ်ဝင် မိသားစုများ အနေနှင့် တချိန်ချိန်တွင် ယခုလို မတရား အမှုဆင် ထောင်ချခဲ့ရမည် ဆိုသည်ကို အရင်ကတည်းက ကြိုတင်တွက်ဆခဲ့ပြီး ဖြစ်သည်ဟု ဇနီးဖြစ်သူ ဒေါ်ရှမ်းမမှ ယခုလို ပြောဆိုခဲ့ပါသည်။

"ဦးမြင့်ထွန်း အမှုနဲ့ပတ်သက်လို့ကတော့ ဒီအမှုကြီးက တဖက်သတ် လုပ်ကြံမှုကြီး ဆိုတာလဲ သိသာထင်ရှားပါတယ်။ ရပါတယ်။ ခံနိုင်ရည်ရှိပါတယ်။ NLD ထဲကိုဝင်တာဟာ တနေ့နေ့ တချိန်ချိန်ကျရင် ဒီလို ဖြစ်လာမယ် ဆိုတာကို ကြိုတင်ပြီးတော့လဲ တွက်ဆ ထားပြီးသား။ ဘယ်လိုပုံစံနဲ့ပဲ ဖြစ်ဖြစ်ပေါ့နော်။ ဘယ်လိုပဲ နှိပ်စက်နှိပ်စက် ဒုက္ခတွေတော့ ခံစားရမှာပဲ ဆိုတာကို ကြိုတင်ပြီးတော့ သိထားပြီးသားဆိုတော့ ခံနိုင်ရည် ရှိပါတယ်။ ဒါပေမဲ့ စီးပွားရေး အခြေအနေနဲ့တော့ ဒုက္ခတော့ ရောက်တာပေါ့နော်။ ကျမတို့က NLD အနေနဲ့ လှုပ်ရှားလို့ ဒီလို ဖိနှိပ်လိုက်တာဟာ မရှမ်းမအနေနဲ့ ဘယ်တော့မှ နောင်တမရဘူး။ အဲဒီ ဒီမိုကရေစီ မရရအောင် အမြဲတမ်း ကြိုးပမ်းဆောင်ရွက်သွားမယ် ဆိုတာကိုလဲ ဒီကနေပြီးတော့ ပြောကြားချင်တယ်။"

ယခုအမှုကို လိုက်ပါ ဆောင်ရွက်ပေးနေသည့် အဖွဲ့ချုပ်ရှေ့နေ ဦးမြင့်သောင်းက တရားခံ ဦးမြင့်ထွန်းဘက်မှ အပြစ်မရှိကြောင်း သက်သေများနှင့်အပြစ်ရှိသည့် တရားခံများကို တင်ပြခဲ့သည့်ကြားမှ အမှုမှန် မပေါ်ပေါက်ပဲ မတရား

အမိန့်ချခဲ့ခြင်းသာ ဖြစ်သည့်အကြောင်း ပြောဆိုခဲ့ပါသည်။ ၄င်းအမှုကို (၂) လအတွင်း အယူခံဝင်နိုင်ရန် ဆက်လက်လုပ်ဆောင် သွားမှာကိုလည်း ယခုလို ပြောပြခဲ့ပါသည်။

"ဒီအမှုနဲ့ပတ်သက်ပြီးတော့ မကျေနပ်လို့ရှိရင် အယူခံတင်ခွင့်ရှိတယ် ဆိုတဲ့ အကြောင်းကို တရားသူကြီးက အမိန့်ချပြီး ပြောတယ်။ ဒီအမှုကို ကျနော်တို့က (၂) လအတွင်း အယူခံရမယ်ဆိုတဲ့ ကျနော်တို့ ဒီအမှု (၂) မှုလုံးနဲ့ ကျနော်တို့ ပထမ နောက်တိုးတရားခံ အနေနဲ့ ကိုနိုင်ခေါ် ကိုစစ်နိုင်ကို နောက်တိုးတရားခံ လျှောက်တဲ့အမှုကို ပယ်တဲ့အမိန့်ရယ်၊ ကျနော်တို့က ဒီ အမှု (၃) မှုကို တင်ဖို့ စီစဉ်နေတယ်။ ဒီအမှုမှာက လျှပ်စစ်မီးခိုးသွယ်တဲ့ သူကို နောက်တိုး တရားခံအနေနဲ့ ထည့်ပေးဖို့ ပထမ ဒါကိုလျှောက်တာကိုလဲ လက်မခံဘူး။ အခု အမိန့်ချတဲ့အခါမှာ နောက်တိုးတရားခံရဲ့ ပြောကြားချက်အပေါ်မှာ အဓိကထားပြီးတော့ ဦးမြင့်ထွန်းကို အပြစ်ဒဏ်ပေးတာ။ သူက လူပြသက်သေအနေနဲ့ သူတို့က ထည့်ထားပြီးတော့ အမှန်တကယ်က သူက မီးခိုးသွယ်တယ် ဆိုတာလဲ ပေါ်ပေါက်တယ်။ ကျနော်တို့ဆီမှာ သက်သေတယောက်ဆိုရင် ဦးအောင်မောင်းက ဘာပြောသလဲဆိုတော့ အမှန်တရား ပေါ်ပေါက်ရေးအတွက် သူလာရောက် အစစ်ခံတယ်။ တကယ် လျှပ်စစ်ခိုးသွယ်တဲ့လူကို တရားခံ မလုပ်ဘဲနဲ့ ရပ်ရွာအကျိုးအတွက် လျှပ်စစ် ဖြန့်ဖြူးတဲ့သူကို တရားခံလုပ်တာကို သူ မခံနိုင်လို့ ဒီအမှုမှာ သူ့အနေနဲ့ သက်သေအနေနဲ့ လာခံတယ်ဆိုပြီးတော့ ခံပြသက်သေ ဦးအောင်မောင်း မီတာဝန်ထမ်းပါ။ တကယ်လို့ ဒီပြစ်ဒဏ်နဲ့ ဦးမြင့်ထွန်း ငြိစွန်းတယ်လို့ ယူဆဦးတော့ ချုပ်ရက် ပြစ်ဒဏ်လောက်နဲ့ ဒီဟာတွေဟာ ပုဒ်မ (၄/က) တွေနဲ့ တွေ့နေတယ်ဆိုတာ ဆုံးဖြတ်ခဲ့တာတွေ ရှိပါတယ်။ ဒါပေမဲ့ အခုဟာ တကယ့် ကြီးလေးတဲ့ ပြစ်ဒဏ်ပေးရာ ရောက်ပါတယ်။ အဲဒါကြောင့် ကျနော်တို့အနေနဲ့ အဆင့်ဆင့် တရားရုံးကို ဥပဒေအရ ကျနော်တို့ အယူခံဖို့အတွက် အခုလို ဆောင်ရွက်နေပါတယ်။"

ရွှေပြည်သာမြို့နယ် အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်ထွန်းအား ထောင်ဒဏ် (၅) နှစ် ချမှတ်ခဲ့သည့်အပေါ် အဖွဲ့ချုပ်ရှေ့နေ ဦးမြင့်သောင်း ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ ဦးမြင့်ထွန်းကို အမိန့်ချမှတ်ခဲ့တဲ့နေ့တွင် ရွှေပြည်သာတရားရုံးကို အဖွဲ့ချုပ် အင်္ဂပူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ဧရာဝတီတိုင်း အိမ်မဲနဲ့ ဟင်္သာတမြို့နယ်မှ အဖွဲ့ချုပ်ဝင် များနှင့် ရန်ကုန်တိုင်း အမျိုးသမီးအဖွဲ့မှ လာရောက်ခဲ့ကြပြီး ဦးမြင့်ထွန်းကို အားပေးခဲ့ကြကြောင်း သိရပါသည်။

**အစသို့**

## ဗိုလ်ချုပ်ပုံပါ တီရှပ်ဝတ် ဘုရားပေါ်သဖြင့် ဖမ်းခံရသူ ကိုထွန်းထွန်း ပြန်လည်လွှတ်မြောက်

*၇ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ပြီးခဲ့သည့် အင်္ဂါနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပုံပါသည့် တီရှပ်ကိုဝတ်ပြီး ရွှေတိဂုံဘုရားပေါ် တက်ရောက်ဝတ်ပြုခဲ့၍ ဖမ်းဆီးခံခဲ့ရသည့် ညောင်တုန်းမြို့မှ ကိုထွန်းထွန်းကို အာဏာပိုင်များမှ မနေ့က ပြန်လွှတ်လိုက်ပြီဖြစ်ကြောင်း သိရပါသည်။ ပြီးခဲ့သည့် အင်္ဂါနေ့မှ ရွှေတိဂုံဘုရားပေါ်တွင် သူအဖမ်းခံခဲ့ရပုံကို ကိုထွန်းထွန်းမှ ယခုလို ရှင်းပြပါသည်။

"ရွှေတိဂုံဘုရားပေါ်ကို ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ တီရှပ်နဲ့ တက်ဖို့ကြိုးစားတဲ့ အခါမှာ ဘုရားရဲအရာရှိ (၃) ဦးကနေပြီးတော့ ဒီအင်္ကျီနဲ့ တက်ခွင့် မပြုဘူး။ အပေါ်အင်္ကျီ ထပ်ပြီးတော့မှ တက်ပါလို့ ကျနော့်ကို တောင်းဆိုပါတယ်။ အဲဒီအခါမှာ ကျနော်က ဒီလို တားမြစ်တဲ့ ပုဂ္ဂိုလ်ကို ဘယ်သူလဲဆိုပြီးတော့ သိချင်တယ် ဆိုတဲ့အခါမှာ ဘုရားဂေါပကနဲ့ တကွ၊ ဘုရား အာဏာပိုင် အဖွဲ့အစည်းတွေကနေ ပြီးတော့ တားတယ်လို့ သူတို့ ဆိုတယ်။ အဲဒီလိုပဲ မတ်တပ်ရပ်ပြီးတော့ ပရိတ်ကြီး (၁၁) သုတ်ကို ကျနော် ရွတ်တယ်။ ပရိတ် (၁) သုတ် ပြီးတိုင်း ပြီးတိုင်းမှာ မြန်မာပြည်သူ ပြည်သား အားလုံး မတရားတဲ့ စစ်အာဏာရှင် အစိုးရလက်အောက်က လွတ်မြောက်နိုင်ကြပါစေ၊ မတရားတဲ့ အာဏာရှင် နအဖ စစ်အစိုးရ လက်အောက်က လွတ်မြောက်နိုင်ကြပါစေဆိုပြီး ကျနော် ကျယ်လောင်စွာ အသံပိုတွေကို ထည့်ထည့်ပြီးတော့ ပြောဆိုမိတယ်။ အဲဒါ ဘုရားရှိခိုးပြီးလို့ အမျှတောင် မဝေရသေးဘူး။ လက်မောင်းနှစ်ဖက်ကို လာဆွဲလို့ ဘုရားရဲ (၂) ယောက်ကို ကျနော်က လက်ကာပြီး အမျှတော့ ဝေပါရစေဦး ဆိုပြီးတော့ အမျှပြီးအောင် ဝေရတယ်။ ပြီးတဲ့အခါမှာ ကျေးဇူးရှင်တွေက ထုံးစံအတိုင်း အရူးထောင်ကို ကျနော့်ကို ခေါ်သွားတယ်။"

၄င်းနောက် ၄င်းပြန်လည် လွှတ်မြောက်လာပုံကိုလည်း ကိုထွန်းထွန်းမှ ယခုလို ဆက်ပြီး ရှင်းပြပါသည်။

"နအဖ စစ်အာဏာရှင်တွေဟာ ကျနော့်ကို ပထမတကြိမ် အရူးထောင်ကို ပို့ခဲ့တုန်းက ကျနော်ကတော့ ဆရာ၊ ဆရာမတွေကို ငဲ့ညှာပြီးတော့ နေလိုက်မိတာ ကျနော် မှားသွားခဲ့ပြီ။ ကျနော့်ကို ရူးတယ်လို့ စွပ်စွဲတဲ့ဆောင်းပါးတွေ ဒီနေ့အထိ ဂျာနယ် အသီးသီးမှာ ကျနော် အစော်ကားခံနေခဲ့ရပြီ။ ဒီတခါတော့ ကျနော် အစော်ကား မခံနိုင်တော့ပါဘူး။ ဒါကြောင့်မို့ ကျနော့်ကို ဒီကောင်တွေ ချုပ်ချင်တဲ့ (၄) ရက်နေ့ လွတ်လပ်ရေးနေ့အထိပဲ သည်းခံပြီး ကျနော် နေပေးပါရစေ။ (၅) ရက်နေ့မှ ကျနော် အိမ်မပြန်ရဘူး။ အင်းစိန်ထောင်ကို အပို့မခံရဘူး ဆိုလို့ရှိရင်တော့ အရူးထောင်မှာရှိတဲ့ နံရံနဲ့ ခေါင်းနဲ့တိုက်ပြီး ကျနော် သေကြောင်းကြံလိုက်မယ်လို့ ကျနော် ခြိမ်းခြောက်လိုက်တယ်။ အဲဒီအခါမှာ ဆရာဝန်ကြီးတွေ

အကုန်လုံးလဲ နည်းနည်းလေး တုန်လှုပ်သွားပြီး ဒီလိုတော့ မလုပ်ပါနဲ့၊ ကျနော်တို့ အထက်ကို အစီရင်ခံပြီးတော့ အဆင်ပြေအောင် ဆောင်ရွက်ပါမယ်ဆိုပြီးတော့ (၅) ရက်နေ့မှာ ကျနော်မျှော်မှန်း ထားတဲ့အတိုင်းပေ့ါနော်၊ မတတ်သာလို့ ပြန်လွှတ်လိုက်ရတာပေ့ါ။”

ကိုထွန်းထွန်း၊ နော်အုန်းလှနှင့် အခြား ဒီမိုကရေစီရေးလှုပ်ရှားသူများသည် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ဖြစ်သည့် အင်္ဂါနေ့တိုင်း ရွှေတိဂုံဘုရား အင်္ဂါထောင့်တွင် ဒေါ်စုလွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းနေကြခြင်း ဖြစ်ပါသည်။ လာမည့်အပတ် အင်္ဂါနေ့တွင်လည်း ဆုတောင်းပွဲကို အစဉ်အလာမပျက် ပြုလုပ်မည် ဖြစ်သည်ဟုလည်းကိုထွန်းထွန်းမှ ပြောပြသွားပါသည်။

**အစသို့**

## မော်လမြိုင်ထောင်မှ လွတ်မြောက်လာသည့် ကဗျာဆရာငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက်

*၇ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ယခုဆက်ပြီး ပြီးခဲ့သည့် (၃) ရက်နေ့တွင် မော်လမြိုင်ထောင်မှ လွတ်မြောက်လာသည့်ကဗျာဆရာငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက် အပိုင်း (၁) ကို တင်ပြပေးမည် ဖြစ်ပါသည်။ ကိုမိုးအေးမှ မေးထားခြင်းဖြစ်ပြီး၊ ပထမဆုံးမေးခွန်းမှာ ဘယ်တုန်းက ဘာကြောင့် အဖမ်းခံခဲ့ရတာလည်း ဆိုတာကို ရှင်းပြပေးရန် ဖြစ်ပါသည်။

“ကျနော့်ကို ပြီးခဲ့တဲ့ (၉၆) ခုနှစ် လွတ်လပ်ရေးနေ့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံနေအိမ်မှာ ကျနော် ပါပါလေးအငြိမ့်နဲ့ လွတ်လပ်ရေး အောင်ပွဲနေ့ အငြိမ့် ညှော့်ခံတယ်လေ။ ကျနော်က အဲဒီအငြိမ့်ရဲ့ ဇာတ်ဆရာအဖြစ်နဲ့ ကျနော် ပါခဲ့တယ်ပေ့ါလေ။ ပါခဲ့တော့ အငြိမ့်တဖွဲ့လုံးကို အဲဒီတုန်းက ဖမ်းလိုက်တယ်ပေ့ါ။ (၁၃) ယောက်တောင် ဖမ်းလိုက်တယ်။ ဖမ်းပြီးတော့ ပါပါလေး အပါအဝင် (၄) ယောက်ကို ထောင် (၇) နှစ်စီ ချလိုက်တယ်။ ကျနော့်ကိုတော့အဲဒီ Case နဲ့ပဲ ဝရမ်းထုတ်ထားတယ်ပေ့ါ။ ကျနော်က တကယ်ကျတော့ (၉၆) ခု၊ ဇန်နဝါရီ (၄) ရက်ကတည်းက ကျနော် ဝရမ်းပြေးအဖြစ် နေခဲ့တယ်။

ဒီဗွီဘီ ။ ။ (၉၆) တုန်းက လွတ်လပ်ရေးနေ့မှာ ဝရမ်းပြေးဖြစ်တယ်ပေ့ါ။ အခု (၂၀၀၇) လွတ်လပ်ရေးမှာကျတော့ ကိုငြိမ်းသစ် လွတ်လပ်တယ်ဆိုတဲ့ အမည်ခံလောကထဲကို ပြန်ရောက်လာတယ်။ အဲဒီနှစ်ခု ကွာခြားချက်ကို ကိုငြိမ်းသစ် ဘယ်လို ရှင်းပြလို့ရမလဲ။

“ကျနော် (၉၆) လွတ်လပ်ရေးနေ့တုန်းကတော့ လွတ်လပ်တဲ့ ပြည်သူတိုင်းဟာ လွတ်လပ်ရေးအောင်ပွဲကို ခံစားခွင့်ရှိတယ်လေ။ ပြည်သူတဦးချင်းကနေပြီးတော့ လွတ်လပ်နေရေး အောင်ပွဲကို ကျင်းပခွင့် ရှိတယ်။ အဲဒါကြောင့်မလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ခြံမှာ ဒီမိုကရေစီ လိုလားသူတွေက တိုင်းရင်းသား ပြည်သူလူထုတွေအားလုံး၊ ကျောင်းသားတွေအားလုံးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံမှာ လွတ်လပ်ရေး ကျင်းပခဲ့တယ်။ အဲဒီလွတ်လပ်ရေး အောင်ပွဲမှာ ကျနော် အငြိမ့်ကတယ်။ အဲဒီ အငြိမ့်တဖွဲ့လုံးဟာ ထောင်ဒဏ် (၇) နှစ်စီ ကျခံခဲ့ရတယ် ဆိုတာ လွတ်လပ်ရေးရဲ့ အရသာ ပေါ်လွင်ပါတယ်။ တိုင်းပြည် လွတ်လပ်နေသလား၊ လွတ်လပ်ရေးတွေ ဆုံးရှုံးနေသလားဆိုတာ အများပြည်သူ သိနိုင်တယ်လေ။ ကျနော့်ကို အောက်တိုဘာ (၄) ရက်နေ့၊ (၉၉) က ကျနော် ဖမ်းမိပါတယ်။ ဒီမိုကရေစီအင်အားစုတွေက ထုတ်ဝေတဲ့ စာစောင်မှာ ကျနော် ဆောင်းပါးတွေ၊ ကဗျာတွေရေးတယ်။ လွှတ်တော်ခေါ်ယူရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆောင်းပါတွေ ကျနော်ရေးတယ်။ ဆောင်းပါးတွေ ရေးမှုနဲ့ပဲ ကျနော်ကို (၁၇/၁) နဲ့ ထောင်ချလိုက်တာပါပဲ။ (၈) နှစ် ထောင်ချပါတယ်။ ကျနော် ထောင်ထဲမှာ (၇) နှစ်နဲ့ (၂) လ နေခဲ့ရပါတယ်။ အကယ်၍သာ ကျနော်ဟာ လူသတ်မှု၊ မုဒိမ်းမှုနဲ့ တခြား ရာဇဝတ်မှုနဲ့၊ နိုင်ငံတော့် ဘဏ္ဍာငွေတွေကို အလွဲသုံးစား လုပ်မှုနဲ့ဆိုလို့ရှိရင် တကယ်လို့ (၈) နှစ်ချတယ်ဆိုရင် ကျနော် (၅) နှစ်ခွဲလောက်ပဲ နေရမှာပါ။ အဲဒါတော့ ကျနော် ခံစားခွင့်ရမယ်ပေ့ါလေ။ အခုတော့ ကျနော်က နိုင်ငံရေး အကျဉ်းသား ဖြစ်နေတဲ့အတွက် အဲဒီ လျှော့ရက်တွေ မရခဲ့ပါဘူး။

ဒီဗွီဘီ ။ ။အဲဒီတော့ အခု လွတ်လပ်ရေးအကျိုး လွှတ်ပေးတယ်ဆိုတော့ အဲဒီအပေါ်မှာရော ကိုငြိမ်းသစ် ဘယ်လို ခံစားမိသလဲ။ ကိုငြိမ်းသစ် လွတ်လာတယ်။ တချို့ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်တွေ ကျန်ရစ်ခဲ့တယ်။ အပြင်မှာရော လွတ်လပ်ရေးက ဘယ်လိုလဲ။ စသဖြင့် တကယ့် လွတ်လပ်တဲ့ အရသာလား။ အဲဒီအပေါ်မှာ ကိုငြိမ်းသစ် ဘယ်လိုများ ထပ်ရှင်းပြလို့ ရမလဲ။

“ဟုတ်ကဲ့။ ကျနော် အခု လွတ်လပ်ရေးနေ့အတွက် လွတ်ငြိမ်းသက်သာ ဆိုပြီးတော့ ကျနော့်ကို လွှတ်ပေးလိုက်ပါတယ်။ လွှတ်ပေးလိုက်တဲ့အခါကျတော့ ကျနော်ကတော့ လွတ်မြောက်လာပြီပေ့ါလေ။ ကျနော် လွတ်မြောက်လာပေမဲ့ ကျနော်နဲ့ လုပ်ဖော်ကိုင်ဖက်၊ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်၊ နိုင်ငံရေး အကျဉ်းသားတွေဟာ

ထောင်ထဲမှာ အများအပြား ကျန်ရှိနေပါသေးတယ်။ ဒီအတွက် လွတ်လပ်ရေးရဲ့ အရသာကို ပြည်သူလူထုတရပ်လုံး မခံစားရဘူး ဆိုလို့ရှိရင်တော့ ဒါ လွတ်လပ်တဲ့ အရသာကို ကျနော်လဲ မရထိုက်ပါဘူး။ ဥပမာပေါ့၊ ဒေါ်အောင်ဆန်းဆုကြည် ထောင်ထဲမှာ ရှိနေသေးတယ်။ ဦးတင်ဦး၊ ဦးဝင်းတင်တို့ ထောင်ထဲမှာ ရှိနေသေးတယ်။ ကိုမင်းကိုနိုင်တို့၊ ကိုမင်းဇေယျာတို့၊ ကိုကိုကြီးတို့၊ ကိုဌေးကြွယ်တို့၊ ကိုပြုံးချိုတို့ ကျောင်းသားတွေ ထောင်ထဲမှာ ရှိနေပါသေးတယ်။ အဲဒီလို ဒီမိုက ရေစီရေး ကြိုးပမ်းသူတွေကို ထောင်ထဲမှာ ရှိနေမယ်ဆိုလို့ရှိရင် ဒီနိုင်ငံရဲ့ လွတ်လပ်ခွင့်ဆိုတာ ဘာလဲဆိုတာ ကျနော်တို့က မေးခွန်းထုတ်ရမလို ဖြစ်နေပါတယ်။”

**အစသို့**

## ကဗျာဆရာငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက် (ဒုတိယပိုင်း)

*၈ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ယခုလ (၃) ရက်နေ့တွင် မော်လမြိုင်ထောင်မှ ပြန်လွတ်လာသည့် ကဗျာဆရာ အနုပညာရှင် ငြိမ်းသစ်နှင့် မေးမြန်းချက် ဒုတိယပိုင်းကို တင်ပြပေးပါသည်။

ဒီဗွီဘီ ။ ။ ကိုငြိမ်းသစ် ထောင် ဘယ်နှစ်ခုမှာ နေခဲ့ရလဲ။

“ထောင်ထဲမှာ ကျနော် (၇) နှစ်ကျော်ကျော် နေခဲ့ရပါတယ်။ ပထမ အင်းစိန် သီးသန့် အကျဉ်းထောင်မှာ နေခဲ့ရတယ်။ သီးသန့်ကနေ အင်းစိန်ထောင်မကြီးထဲမှာ နေရတယ်။ အဲဒီကနေ ကျနော့်ကို မော်လမြိုင် အကျဉ်းထောင်ကို ရွှေ့ပြောင်းလိုက်တယ်။”

ဒီဗွီဘီ ။ ။ ထောင် (၇) နှစ်ကျော် ထောင်နှစ်ခုက ဘယ်လိုမျိုး ကွာခြားမှုရှိလဲ။

“ထောင်တွေအားလုံးက ကျနော်တို့နိုင်ငံရေးအကျဉ်းသားတွေကို၊ နိုင်ငံရေးသမားတွေကို ဖိနှိပ်တဲ့ ယန္တရား တွေပါပဲ။ ထောင်ကတော့ ဘယ်ထောင်မှ မကောင်းပါဘူး။ ဘယ်ထောင်မဆို ကျနော်တို့ကို ဖိနှိပ်မှု၊ ရိုက်နှက်မှုတွေ၊ မတရား ပြုကျင့်ခံရမှုတွေ ရှိပါတယ်။ ကျနော်တို့လဲ မြောက်များစွာ ရင်ဆိုင်ခဲ့ရပါတယ်။”

ဒီဗွီဘီ ။ ။ မြောက်များစွာထဲက နည်းနည်း မှတ်မှတ်ရရ တခုနှစ်ခုလောက် ပြောပြဆို ကိုငြိမ်းသစ် ပြန်ပြောပြလို့ ရမလား။

“တခုဆိုတာက ကျနော် အဆိုးရွားဆုံး ဖြစ်စဉ်တခုနဲ့ တွေ့ခဲ့ရတယ်။ တွေ့ခဲ့ရတယ်ဆိုတာ ဗိုလ်ကြီး ကိုဝင်းဘိုဆိုရင် မန္တလေးမဟာဂန္ဓာရုံ ကျောင်းတိုက်ကနေ ပြီးတော့ သံဃာအပါး (၁၀၀၀) ကျော်ရဲ့ နအဖ အစိုးရ ဆီ ပေးပို့တဲ့စာ အဲဒီစာက ဘာရေးထားလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ရယ်၊ ဦးသန်းရွှေရယ်၊ တွေ့ဆုံဆွေးနွေးမှု လုပ်ပါ။ ဒါမျိုးလုပ်မှသာလျှင် စီးပွားရေး အကြပ်အတည်းတွေ၊ လူမှုရေး အကြပ်အတည်းတွေ အောက်ကနေ လွတ်မြောက်လာမှာ ဖြစ်တယ်လို့ မေတ္တာရပ်ခံစာမှာ ဖော်ပြထားတယ်။ နောက်ပြီးတော့ သင်္ကြာရာဇ် (၂၀၀၀) မှာ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျနေတဲ့ အကျဉ်းသားတွေရဲ့ ဆင်းရဲဒုက္ခတွေကနေ လွတ်မြောက်အောင် အကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်တယ်ဆိုပြီး ပုံလွှန်တော်မူသွားတဲ့ ကမ္ဘာအေးက တိပိဋက ဆရာတော် ဦးသုမင်္ဂလကတဆင့် ပေးပို့လိုက်တယ်။ ပေးပို့လိုက်တာကို ဗိုလ်ကြီးဝင်းဘိုကို ထောင်ဒဏ် (၂၁) နှစ် ချလိုက်တယ်။ အဲဒီ ဗိုလ်ကြီးဝင်းဘိုက ထောင်ထဲ ရောက်လာပြန်တော့လဲပဲ ကလေးစစ်သားနှစ်ယောက်ကို ထောင်ထဲက တန်းစီးကထိုးကြိတ်အနိုင်ကျင့်ပြီး အတင်းအဓမ္မလိင်တူ ဆက်ဆံပါတယ်။ အဲဒါကို ဗိုလ်ကြီးဝင်းဘိုက လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်တယ် အတင်းအဓမ္မ ဖြစ်တဲ့အတွက် ဒါတော့ မသင့်တော့ပါဘူး ဆိုပြီးတော့ အကျဉ်းထောင် ထောင်ပိုင်ကို တင်ပြတယ်။ သူတို့ မွေးထားတဲ့ လူမိုက်တန်းစီးကို ဒီလို ကလန်ကဆန် လုပ်ပြီးတော့ တင်ပြရကောင်းလားဆိုပြီးတော့ ဗိုလ်ကြီးဝင်းဘိုရယ်၊ တခြား အကျဉ်းသား နှစ်ယောက်ရယ်ကို ထုတ်ပြီးတော့ ရိုက် တယ်။ (၂၀၀၀) ခုနှစ် ဩဂုတ်လ (၂၆) ရက်ပေါ့။ ရိုက်တဲ့အခါမှာ ဗိုလ်ကြီးဝင်းဘိုက အဲဒီနေ့ ညမှာပဲ ချက်ချင်း ဆုံးပါးသွားတယ်။ အဲဒီတုန်းက ကျနော်တို့ဟာဆိုရင် ထိပ်လန့်တကြားပဲ ဘယ်အချိန်များ ကိုယ့်ကို ဆွဲထုတ်ပြီး ရိုက်အုံးမလဲဆိုပြီး စိုးရိမ်ထိပ်လန့်စွာနဲ့ ဖြတ်သန်းခဲ့ရတဲ့ ကာလဖြစ်ပါတယ်။

ဒီဗွီဘီ ။ ။ နောက် ကျနော်တို့ သိသလောက် မော်လမြိုင်ထောင်ထဲမှာ ဗိုလ်ကြီးဝင်းဘိုကို ရိုက်သတ်တဲ့နေ့ ကို နိုင်ငံတကာအကျဉ်းသားများနေ့လို့ သတ်မှတ်တယ်ပေါ့။ အဲဒါကို ရှင်းပြလို့ ရမလား။ ဘာကြောင့်သတ်မှတ်တယ်၊ ဘယ်လိုမျိုး အဓိပ္ပါယ်နဲ့ဆိုတာ။

“မြန်မာနိုင်ငံ အကျဉ်းသားများနေ့ ကျင်းပရတာက ဗိုလ်ကြီးဝင်းဘိုကျဆုံးခဲ့တဲ့ ရက်ကို အရင်တုန်းကတော့ အောက်မေ့ဖွယ် အကျဉ်းသားများနေ့အဖြစ် ကျင်းပခဲ့တာပါ။ နောက်ပိုင်းမှာ ဒီနေ့ဟာဆိုရင် အကျဉ်းထောင်အတွင်း ဖြတ်သန်းမှုမှာ အလွန်အင်မတန် ဆိုးရွားတဲ့ ဖြစ်စဉ်ဖြစ်တယ်။ ဒါဟာဆိုရင် တချိန်တခါမှာ ပြည်သူအားလုံး

သိသင့်တယ်၊ ဒီလိုယူဆတယ်။ နောက် ဗိုလ်ကြီးဝင်းဘိုကိုလဲ ကျနော်တို့က ထိုက်ထိုက်တန်တန် ဂုဏ်ပြုရမယ်။ သူဟာ အကျဉ်းသားများရဲ့အကျိုးကို ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့်မို့လို့ အဲဒီနေ့ကို နိုင်ငံရေး အဓိပ္ပါယ်ရှိရှိနဲ့ မြန်မာနိုင်ငံ အကျဉ်းသားများနေ့ သတ်မှတ်မယ်ဆိုပြီး ကျနော်တို့ အားလုံး သဘောတူညီခဲ့ပါတယ်။ နိုင်ငံရေး ရည်ရွယ်ချက်နဲ့ ဒီကနေ့ကိုတော့ မြန်မာနိုင်ငံ အကျဉ်းသားနေ့ အဖြစ် ဆောင်ရွက်မယ်ဆိုပြီး ဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့တာပါ။”

ဒီဗွီဘီ ။ ။ မော်လမြိုင်ထောင်ထဲမှာ ကျနော်တို့ ကြားရသလောက် ကိုငြိမ်းသစ်တို့ အကျဉ်းသားတွေ နှစ်စဉ်လိုလို ကျင်းပလေ့ရှိတယ်လို့ ကြားရပါတယ်။ မြန်မာနိုင်ငံ အကျဉ်းသားနေ့ကို။ အခု နောက်ဆုံးသိရတာ မော်လမြိုင်ထောင်ထဲမှာ ထောင်ပိုင် မိုးကြိုးအောင် ရောက်လာပြီးနောက် တော်တော်ဆိုးတယ်လို့ ကြားပါတယ်။ နောက်ဆုံး အခြေအနေကို ကိုငြိမ်းသစ် ဘယ်လို တွေ့ခဲ့မြင်ခဲ့လဲ။

“ ဒီဇင်ဘာ (၁) ရက်နေ့ကဆိုရင် အကျဉ်းထောင်ထဲမှာ အိမ်ဝင်းဘက်မှာ ရှိတဲ့ (၁၇/၁) နိုင်ငံရေး အကျဉ်းသားတွေဟာ နိုင်ငံရေးသီးသန့်ဆောင်ကို သူတို့ ပြောင်းရွှေ့ချင်တယ်။ ဟိုဘက်မှာတော့ ရာဇဝတ် အကျဉ်းသားတွေနဲ့ နှစ်ကြီး အကျဉ်းသားတွေနဲ့ ရောထားတာဆိုတော့ တချို့က ခပ်ဆိုးဆိုး အကျင့်စရိုက် ရှိတဲ့လူတွေနဲ့ တွဲနေရတာဆိုတော့ သူတို့ မနေနိုင်ဘူးပေ့ါ။ အဲဒီဘက်မှာက ဒုစရိုက်မှု တချို့လဲ အခုချိန်ထိ ရှိနေတုန်းပဲ။ ဘာလဲဆိုတော့ အဲဒီမှာ ဖဲဝိုင်းတွေရှိတယ်၊ ဖဲဝိုင်းဆိုရင် ဖဲချပ်အသစ်တွေ၊ အစစ်တွေနဲ့ သိန်းနဲ့ချီတဲ့ လောင်းကြေးတွေနဲ့ ကစားနေကြတာ။ အဲဒါကို အကျဉ်းထောင် အာဏာပိုင်တွေက သိတယ်။ သိလျက်နဲ့ ခွင့်ပြုထားတယ်။ တချို့လဲ အဲဒီကနေ အကောက်တွေ ရနေတယ်။ အရာရှိတချို့ပေ့ါ။ အထူးသဖြင့် ထောင်မှူးကြီး ဦးထွန်းထွန်းပေ့ါ။ သူကတော့ အဲဒီကနေ ခွဲတမ်းရနေတယ်။ ရနေတဲ့အပေါ်မှာ သူက ဒါတွေကို မျက်စိမှိတ်ပြီးတော့ ခွင့်ပြုထားတယ်။ ဒါတွေကို ကျန်တဲ့ နိုင်ငံရေး အကျဉ်းသား (၁၇/၁) တွေက မနှစ်မြိုဘူး။ နောက် အဲဒီဘက်မှာက ရေချိုးရင်လဲ လိုင်းကြေးပေးရတယ်၊ ရေဝလင်လင် ချိုးရဖို့၊ ရေက တယောက်ကို (၆) ခွက် (၇) ခွက် နှုန်း သတ်မှတ်ပြီး ချိုးရတာကိုး။ အဲဒီထက် နည်းနည်း ပိုချိုးချင်ရင် သူက လစဉ်ကြေးပေးရတယ်။ နောက်ပြီးတော့ မိလ္လာတက်ချင်ရင်လဲ မိလ္လာကြေး ပေးရတယ်။ နောက် သန့်ရှင်းရေးကြေး၊ မီးချောင်းဖိုး၊ ရေဖိုး၊ အကုန်ပေးနေရတယ်။ နှစ်ရှည်လများ ဒါကြီးကို နေလာတဲ့အခါ ဒီဟာအပေါ်မှာ မကျေနပ်မှုတွေ များလာတယ်။ မြဝတီက (၁၇/၁) နဲ့ ကျလာတဲ့ ဦးစံမြင့်ရယ်၊ နောက် ရန်ကုန်က ဒဿနိကနဲ့ ဘွဲ့ရကျောင်းသား ကိုမျိုးသီဟထွန်းဆိုရင် ဆန္ဒပြတယ်။”

အစသို့

## (၈၈) ကျောင်းသားများ၏ **Letter campaign** ကို အဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက်

*၈ / ဇန်နဝါရီ / ၂၀၀၇*

(၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဦးဆောင်ပြုလုပ်နေသည့် လူထုဆန္ဒဖော်ထုတ်ရေး လှုပ်ရှားမှုကို ထောက်ခံပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေတယ်လို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ယနေ့ ဒီဗွီဘီကို ပြောပြပါသည်။ ထိုသို့ လှုပ်ရှားမှုအပေါ် သဘောထား ဆက်သွယ်မေးမြန်းစဉ် အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် တဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းမှ ယခုလို ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။ ပထမဆုံး ကျောင်းသားများ၏ လှုပ်ရှားမှုအပေါ် အဖွဲ့ချုပ်၏ သဘောထား ပြောပြထားပါသည်။

“အဲဒီ ဆောင်ရွက်မှုတွေက ပြည်သူတွေရဲ့ မိမိရင်ထဲမှာရှိတဲ့ ဆန္ဒတွေကို ထုတ်ဖော်ဖို့ ဆောင်ရွက်တာ ဖြစ်တဲ့အတွက် ဒါ မှန်ကန်တဲ့ ကြိုးစားဆောင်ရွက်မှုလို့ ကျနော်တို့ မြင်ပါတယ်။ နောက်တခုက ဥပဒေအရလဲ တစုံတရာ မှားယွင်းမှု မရှိဘူး။ အကြောက်တရားတွေ ကင်းဝေးစေဖို့ ပြည်သူတွေကို ဆောင်ရွက်ပေးတဲ့ ဆောင်ရွက်မှု တခုလို့ ဒီလို မြင်ပါတယ်။”

ဒီဗွီဘီ ။ ။ အဖွဲ့ချုပ်ဝင်တွေကရော ဒီလှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်ခွင့် အဖွဲ့ချုပ်က ရှိပါသလား။

“ကျနော်တို့ အဖွဲ့ချုပ်ဝင်တွေ အနေနဲ့လဲ ပူးပေါင်းဆောင်ရွက်လျှက် ရှိပါတယ်။ ဒီဟာကို အားပေး ဆောင်ရွက်မှုတွေ အပြည့်ရှိနေပါတယ်လို့ ပြောချင်ပါတယ်။

ဒီဗွီဘီ ။ ။ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိနေတယ်ဆိုတာက ဘယ်လို ဆောင်ရွက်မှု မျိုးတွေလဲ။

“ကျောင်းသားလှုပ်ရှားမှုကလုပ်တဲ့ ဆောင်ရွက်ချက်ကို ထောက်ခံတဲ့အနေနဲ့ ကူညီပံ့ပိုးမှုတွေ မိမိတို့ တတ်နိုင်တဲ့ဟာကို အပြည့်အဝ ကူညီပံ့ပိုမှု ပေးနေပါတယ်။”

ဒီဗွီဘီ ။ ။ နောက်တခု မေးချင်တာက။ သာရေးနာရေး လှုပ်ရှားမှုတွေ၊ ကူညီပေးရေး လှုပ်ရှားမှုတွေ။ ဒါမျိုးတွေကို (၈၈) ကျောင်းသားတွေရော၊ အဖွဲ့ချုပ်ဝင်တွေရော၊ စိတ်ပါဝင်စားတဲ့ ပြည်သူတွေ ဆောင်ရွက်ကြတယ်၊

အဖြူရောင် ဝတ်ကြဆိုတော့လဲ အဖြူရောင်တွေကို လူတွေက လိုက်ဝတ်လာကြတယ်၊ ဆုတောင်းပွဲတွေ လုပ်လာကြတယ်၊ လက်မှတ်ထိုးပြီးတော့လဲ အကျဉ်းသား လွတ်မြောက်ရေး တောင်းဆိုလာကြတယ်။ ဒီ လှုပ်ရှားမှုတွေက မြန်မာပြည်သူတွေအတွက် မိမိတို့ရဲ့ ကြမ္မာကို မိမိတို့ ဖန်တီးဖို့၊ လိုချင်တဲ့ ဒီမိုကရေစီကို ရဖို့ပေါ့ ဘယ်လောက် အထောက်အကူ ဖြစ်တယ်လို့ အဖွဲ့ချုပ် အနေနဲ့ မြင်ပါသလဲ။

"ကျနော်တို့ အမြင်က လုံးဝ ဒါမျိုးတွေက ဆက်ကာဆက်ကာ လုပ်ပြီးတော့ အထောက်အကူ အသေအချာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူလူထုက မိမိတို့ရဲ့ ရပိုင်ခွင့်တွေကို မိမိကိုယ်တိုင် ကြိုးစားရမယ်၊ ပါဝင်ဆောင်ရွက်ရမယ်ဆိုတဲ့ အသိကိုလဲ ဖြစ်ပေါ်စေပါတယ်။ ပြည်သူတွေအားလုံး ဆန္ဒရှိလာတဲ့ အခါမှာ ကျနော်တို့ လိုချင်တဲ့ ခရီးလမ်းကို အလွယ်တကူ ရမယ်လို့ ကျနော်တို့ ဒီလိုပဲ ယုံကြည်ပါတယ်။"

အစသို့

## (၈၈) ကျောင်းသားများ၏ လှုပ်ရှားမှု လူ့အခွင့်အရေးအဖွဲ့မှ ထောက်ခံကြိုဆို

*၀၃ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

(၈၈) ကျောင်းသားများ၏ ရင်ဖွင့်သံလှုပ်ရှားမှုကို ထောက်ခံပြီး ၄င်းလှုပ်ရှားမှုကို ဟန့်တား နှောက်ယှက်သူများအား ဆန့်ကျင်ရှုတ်ချသွားမယ်ဟုလူ့အခွင့်အရေး အဖွဲ့ဖြစ်သည့် **Human Rights Defenders and Promoter (HRDP)** လူ့အခွင့်ရေး ကာကွယ်မြှင့်တင်သူများမှ ယနေ့ ကြေညာချက်တရပ် ထုတ်ပြန်လိုက်ပါသည်။ **HDP** အဖွဲ့သည် ပြည်တွင်းတွင်ရှိသည့် တဖွဲ့တည်းသော လွတ်လပ်သည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဖြစ်ပါသည်။ ယခုလို ထုတ်ဖော် ကြေညာခြင်းနှင့် ပတ်သက်၍ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ တာဝန်ခံ ဦးမြင့်အေးကို ဒီဗွီဘီ သတင်းထောက် ကိုမောင်တူးမှ မေးမြန်းထားပါသည်။ ပထမဆုံး မေးခဲ့သည်မှာ ကြိုဆိုထောက်ခံရသည့်အကြောင်း အရင်ရှင်းပြပေးရန် ဖြစ်ပါသည်။

"လူ့အခွင့်ရေးသမားဆိုတော့ လူ့အခွင့်အရေး ရှုဒေါင့်ကနေ အရာအရာကို တိုင်းထွာတာကိုး။ အခု လှုပ်ရှားမှု တခုဖြစ်တယ်လို့ ကျနော်တို့ သိတယ်ပေါ့။ (၈၈) က လုပ်တယ်လို့လဲ သိတယ်။ ဒါပေမဲ့ ပြည်သူလူထု အနေနဲ့က ကျနော်တို့ သိသလောက်ပေါ့။ ဘယ်လို ကြားလဲဆိုတော့ ဒီဥစ္စာရေးလို့ ဖြစ်ပဲ့မလား၊ မှတ်ပုံတင်နံပါတ်နဲ့၊ ရေးရမှာ အဲဒီလို အခက်အခဲလေးတွေ ကျနော်တို့ဟာ ကျနော်တို့ သိတာပါ။ အဲဒါနဲ့ ကျနော်တို့က ဒါလေးက ခင်ဗျားတို့မှာ တကယ်လုပ်ပိုင်ခွင့် ရှိတယ်ဆိုတဲ့ အကြောင်း အသိပေးတာပါ။ ကြေညာစာတန်းပါ အပိုဒ်ပါ (၁၉) အရ လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ဖွင့်ဟပိုင်ခွင့်၊ ကျနော်တို့မှာ ရှိပါတယ်။ အဲဒါတွေ လူထုကို သီးခြား အသိပေးတဲ့ သဘောပေါ့နော်။ နောက်တခုက အဲဒီလို လူထုထုတ်ဖော်တဲ့နေရာမှာ အနှောက်အယှက် ပေးလာခဲ့ရင်တော့ ဒါကို လူ့အခွင့်အရေး ချိုးဖောက်သူအဖြစ် သတ်မှတ်ရတာပေါ့။"

ဒီဗွီဘီ ။ ။ ဒါဆိုရင် ဦးမြင့်အေးတို့ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့ HRDP အနေနဲ့က (၈၈) ကျောင်းသားတွေရဲ့ ရင်ဖွင့်သံ လှုပ်ရှားမှုကို ထောက်ခံပြီးတော့ ဒီကြေညာချက် ထုတ်တာလို့ ပြောလို့ရမလား။

"ခုနက ပြောသလိုပါပဲ။ ဘယ်သူပဲ လုပ်လုပ်၊ ဘာပဲလုပ်လုပ်။ ကျနော်တို့က လူ့အခွင့်အရေး အမြင်နဲ့ပဲ တိုင်းတဲ့အခါ သူတို့ လုပ်တဲ့ကိစ္စက လူ့အခွင့်အရေး စံချိန်စံညွှန်းတွေနဲ့ ကိုက်တယ်၊ ရှိသင့်တယ်၊ ဒါ လုပ်သင့်တယ်။"

ဒီဗွီဘီ ။ ။ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ အကြောင်းကို မြန်မာပြည်သူတွေ ရှင်းရှင်းလင်းလင်း သိနိုင်အောင် ရှင်းပြပေးပါလား။

"အဖွဲ့ မဟုတ်ဘူးနော်။ (၂၀၀၂) ခုနှစ် နှစ်ကုန်ပိုင်းလောက်က လူငယ်တွေနဲ့ ကျနော်နဲ့က ရင်းရင်းနှီးနှီးရှိတယ်။ လူ့အခွင့်အရေး စာအုပ်လေးတွေကို ကျနော်က လေ့လာရတယ်၊ ဒီအပေါ်မှာ ကျနော်တို့က စွဲလမ်းတယ်။ စွဲလမ်းတော့ အဲဒီဥစ္စာ အပေါ်မှာ ဒါဆိုရင် လူထုကို အသိတရားအဖြစ် မြဲမြံစေရင် လူထုရဲ့ ရဆကသအေးလေ့စရိုက်တွေအဖြစ် ပေါ်လာမှာပဲ အဲဒီလိုဆိုရင် ကျနော်တို့ ထမ်းနေရတဲ့ ဝန်ထုတ်ဝန်ပိုးတွေ၊ အခက်အခဲတွေကို လူထုက သူ့အခွင့်အရေးကိုသူ ရှန်းကန်နိုင်ဖို့ ကြိုးစားကြရတာပေါ့။ အဲဒီမှာ (၂၀၀၃) ခုနှစ် နောက်ပိုင်း ရောက်လာတဲ့ အခါလဲကျရော တဦးချင်း ဒီအပေါ်မှာ ရပ်ခံပြီး ဆောင်ရွက်တယ်၊ ပူးပေါင်းဆောင်ရွက်တယ်။ နောက်ပြီး ငွေရေးကြေးရေးကို ကိုယ်ဟာကိုယ် သုံးတယ်။ အဲဒီ ကျနော်တို့ HRDP ရဲ့ အရဆကသအဓိက တာဝန်ကတော့ လူ့အခွင့်အရေးတွေကို Artical (၁၃) ကို လူကြားထဲမှာ အပျံ့အနှံ့ဖြစ်အောင် ချပြမယ်။ ဒုတိယ ရည်ရွယ်ချက်ကတော့ လူ့အခွင့်အရေး ချိုးဖောက်ခံရတဲ့ ကိစ္စတွေမှာ ချိုးဖောက်ခံရသူများ ဘက်က ရပ်တည်ပြီးတော့ လက်ခံဆောင်ရွက်ပေးမယ်။ ကျနော်တို့ HRDP က မြန်မာပြည် အနှံ့အပြားမှာ အများကြီး ရောက်နေပါပြီ၊ ရှိနေပါပြီ၊ ကျနော်တို့ ဘယ်သူ့ဘက်ကမှ ရပ်ပြီး၊ ဘယ်သူ့ကိုမှ ရန်မလုပ်ဘူး။

လူ့အခွင့်အရေးအတွက် တခုထဲ လုပ်တယ်။ ကျနော်တို့က လူတွေနဲ့ပဲ ပတ်သက်မယ်၊ လူတွေကြားထဲမှာနေမယ်၊ လူတွေရဲ့ အကြောင်းကို ပြောမယ်၊ လူတွေရဲ့ အခွင့်အရေးကို ထောက်ပြမယ်။ ကျနော်တို့ အလုပ်က အဲဒါပဲ။”

ဒီဗွီဘီ ॥ ॥ လက်ရှိ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေကို ဘာပြောချင်လဲ။ “

“လူ့အခွင့်အရေး အပိုဒ် (၂၁) အရ လူတိုင်းလူတိုင်းက နိုင်ငံအုပ်ချုပ်မှု အာဏာ၌ မိမိတဦးချင်းသော်၎င်း၊ မိမိမှ ရွေးချယ်သော ကိုယ်စားလှယ်မှ တဆင့်သော်၎င်း ပါဝင်ပတ်သက် ဆောင်ရွက်ပိုင်ခွင့် ရှိတယ်လို့ အတိအလင်း ဖွင့်ဆိုထားတယ်။ မြန်မာနိုင်ငံ အနေအထားက (၁၉၉၀) မှာ ဒီကိစ္စကို ရွေးကောက်ပွဲ ဖြတ်သန်းတယ်၊ အခု ဘယ်လို အနေအထားနဲ့ အဲဒီ တချက်ထဲ ပြောလို့ ရပါတယ်။”

အစသို့

## ကဗျာဆရာငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက် (နိဂုံးပိုင်း)

*၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ယခုလ (၃) ရက်နေ့တွင် မော်လမြိုင်ထောင်မှ ပြန်လွတ်လာသည့် ကဗျာဆရာ အနုပညာရှင် ငြိမ်းသစ်နှင့် ဆက်သွယ်မေးမြန်းချက် နောက်ဆုံးအပိုင်းကို ထုတ်လွှင့်ပေးပါမည်။

ဒီဗွီဘီ ॥ ॥ ကိုငြိမ်းသစ် စာပေသမား တယောက်အနေနဲ့ အခုလို နိုင်ငံရေး နယ်ပယ်ထဲကို ဘယ်လိုမျိုး ရောက်လာလဲလို့ မေးမယ်ဆိုရင်ရော ကိုငြိမ်းသစ် ဘယ်လိုမျိုး ပြောမလဲ။

“ဟုတ်ကဲ့။ ကျနော်ဟာ တကယ်တော့ နိုင်ငံရေးသမား မဟုတ်ပါဘူး။ ကျနော်က စာပေသမားပါပဲ။ ဘဝသက်ထက်ဆုံး ကျနော်က စာပေအနုပညာကိုပဲ ဖန်တီး သွားချင်ပါတယ်။ ဒါပေမယ့် ကျနော်တို့ ရင်ဆိုင်ကြုံတွေ့နေရတာက အမျိုးသားရေး ပြဿနာပါ။ ကနေ့ ပြည်သူလူထုတွေဟာ ဆင်းရဲဒုက္ခ ရောက်နေကြတယ်၊ မတရား ဖိနှိပ်မှုတွေနဲ့ ကြုံတွေ့နေရတယ်၊ ပြည်သူလူထုတွေ ဒီလောက် ဆင်းရဲဒုက္ခ ရောက်နေရတာကို ကျနော် မကြည့်နိုင်ပါဘူး။ ကြည့်မနေနိုင်ဘူးပေါ့လေ။ နောက်ပြီးကျတော့ ပြည်သူလူထုတရပ်လုံးက ဒီမိုကရေစီရေးကို တခဲနက် တောင်းဆိုခဲ့တာပါ။ နောက် (၁၉၉၀) ကျတော့လဲပဲ ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုကနေပြီးတော့ ဒီမိုကရေစီရေးကို ရှေ့တန်းကနေပြီးတော့ ကြိုးပမ်း တည်ဆောက်နိုင်ဖို့ ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ခဲ့တာပါ၊ ဒါပေမယ့် ကနေ့ ပြည်သူလူထုက ဒီမိုကရေစီနဲ့ ဝေးနေပါတယ်။ မတရား ဖမ်းဆီးခံရမှုတွေနဲ့ပဲ သူတို့က ကြုံတွေ့နေရတယ်။ ဒီအမျိုးသားရေးပြဿနာတွေကို ကျနော် မျက်ကွယ်ပြုပြီးတော့ ကျနော့်ရဲ့ စာပေအနုပညာ သီးသန့်ပဲ ဖန်တီးနေဖို့ အလွန်အင်မတန် ဝန်လေးတယ်ပေါ့လေ၊ ကျနော်တို့ စာပေသမားတွေ၊ အနုပညာသမားတွေ ဆိုတာလဲပဲ လောကရဲ့ အလှသစ္စာကို ရှာဖွေနေကြတာပါ။”

ဒီဗွီဘီ ॥ ॥ စာပေအနုပညာရှင်တယောက်က လောကသစ္စာကို စောစောကပြောသလို ရှာဖွေရင်းနဲ့ နောက်ဆုံး နိုင်ငံရေး နယ်ပယ်ထဲရောက်တယ်၊ နောက် ထောင်ကျတယ်ပေါ့။

“(၂၀၀၃) နှစ်စပိုင်းထိ စာမဖတ်ရဘူး။ စာပေသမားတယောက် အနေနဲ့ စာပေငတ်မွတ်မှု ဖြစ်တာပေါ့။ အဲဒီတော့ ကျနော်တို့က ဘာလုပ်ရလဲဆိုတော့ စာသိပ်ဖတ်ချင်လွန်းလို့ ဆေးလိပ်ဖင် အစီခံလေးတွေကို ခွာရတယ်။ အဲဒီလေးတွေ ခွာပြီးတော့ အဲဒီထဲက စာလေးတွေကို ဖတ်ကြရတယ်။ တယောက်နဲ့ တယောက် လဲဖတ်ကြပေါ့။ (၂၀၀၃) မေလလောက်ကစပြီး နောက်ပိုင်းမှာ ကျနော်တို့ အိမ်တွေကနေ သွင်းပေးတဲ့ မဂ္ဂဇင်းတို့၊ ဝတ္ထုတို့ စာအုပ်လေးတွေ ဖတ်ရပါပြီ။ ကိုယ်သိပ်ပြီး လိုချင်တောင့်တတဲ့ စာဖတ်ချင်တဲ့အား ပြေသွားတယ်။ စာဖတ်ခွင့် ရလိုက်တဲ့ အပေါ်မှာ ကျနော်တို့က အများကြီး ကျေးဇူးတင်ပါတယ်။”

ဒီဗွီဘီ ॥ ॥ ကိုယ်လက်လှမ်းမီသလောက် ထောင်ထဲကနေ စာပေလောကကြီးကိုရော၊ ထောင်တွင်း အခြေအနေကိုရော ဘယ်လိုမျိုး စာပေအနုပညာရှင် တယောက်အနေနဲ့ဘယ်လိုမျိုး ခံစားခဲ့လဲ။

“ကျနော်တို့ စာပေအနုပညာသမားတွေက ပြည်သူလူထုတွေရဲ့ ခံစားမှုတွေကို ရေးဖွဲ့နေကြတယ်ပေါ့ဗျာနော်၊ ကျနော်တို့ အနုပညာ ဖန်တီးကြတယ်၊ ပြည်သူလူထုရဲ့ ဒီခေတ်ရဲ့ ခေတ်ပြိုင်ခံစားမှုတွေကို ကျနော်တို့ စာမျက်နှာထဲမှာ အနုပညာ တရပ်အဖြစ်နဲ့ ကျနော်တို့က တင်ဆက်နေကြတယ်ပေါ့လေ။ ခေတ်ပြိုင်ခံစားမှု ပါမှသာလျှင် ကျနော်တို့ ဖန်တီးခဲ့တဲ့ အနုပညာတွေက အရဆကသအွးန့်ရှည်မှာပါ။ ဂန္ထဝင်ဖြစ်ပြီး သမိုင်းမှာ တင်ကျန်နေခဲ့မှာပါ။ ဒီ ပြည်သူလူထုတွေရဲ့ ဘဝကိုယ်ဖြတ်သန်းနေတဲ့ ခေတ်ကြီးရဲ့ ခံစားမှုတွေကို ကျနော်တို့က မရေးဖွဲ့နိုင်ဘူး၊ မတင်ပြနိုင်ဘူးဆိုရင် ကျနော်တို့ အနုပညာတွေက ကျန်နေဖို့ မရှိပါဘူး။ ဒီ အကျဉ်းထောင်ထဲက ဘဝတွေ ဆိုလို့ရှိရင်လဲပဲ အလွန်အင်မတန် ခါးသီးပါတယ်၊ ဒီအကျဉ်းထောင်ထဲကို သူတို့ဘာကြောင့် ရောက်လာရသလဲ ကျနော် စူးစမ်းလေ့လာတဲ့ အခါမှာ ခေတ်စနစ် ယိုယွင်းပျက်စီးမှုတွေ၊ တိုင်းပြည်ကြီးရဲ့ အဘက်ဘက်က ယိုယွင်းကျဆင်းမှု

တွေကြောင့် ဒီထောင်ထဲမှာ အကျဉ်းသားတွေက ပြည့်လျှံလာတယ်။ ဥပမာ သူတို့ဟာ အပြစ်ရှိလို့ တချို့ ထောင်ထဲကျလာကြတာ ရှိသလို၊ အပြစ်မရှိဘဲနဲ့ ထောင်ထဲကို ရောက်လာတာလဲ အများအပြား တွေ့ရပါတယ်။ ဥပမာ ဆိုကြပါစို့ဗျာ၊ မှောင်ရိပ်ခိုဆိုပြီးတော့ ဖမ်းတယ်၊ နောက် (၁၃-ခ) ပေါ့ဗျာ၊ အခြေမဲ့လူတန်းစားတွေ ဖမ်းပြီးတော့ ထောင်ထဲထည့်တယ်၊ အလုပ်အကိုင်မရှိဘူး၊ မှတ်ပုံတင်မရှိဘူး၊ မရှိတဲ့အခါ ဖမ်းပြီးတော့ ထောင်ထဲကို သုံးလထည့်တယ်။ ဒီနည်းနဲ့ ဖြေရှင်းလို့ ရမလားဆိုတာကို ကျနော်တို့ စဉ်းစားရမှာ ဖြစ်ပါတယ်။ ကျနော်တို့ အခြေခံလူတန်းစားတွေ၊ လက်လုပ်လက်စားတွေက မှတ်ပုံတင်မရှိတာနဲ့ မယ်မယ်ရရ အလုပ်အကိုင် မပြနိုင်တာနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ဥပဒေတွေနဲ့ ငြိစွန်းနေပြီလား၊ ကျနော်တို့ဟာ လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်တွေ မရှိတော့ဘူးလား။ ဒါမျိုးပေါ့လေ။"

ဒီဗွီဘီ ॥ ॥ ရေးဖွဲ့ဖြစ်ခဲ့တဲ့ မှတ်မှတ်ရရ ကဗျာလေးတပုဒ်ဖြစ်ဖြစ်၊ ဆောင်းပါးတိုလေး ဖြစ်ဖြစ် သောတရှင်တွေ အတွက်ပေါ့လေ။

"ကဗျာလေးတပုဒ် ရွတ်ပြမယ်။

'ငုံတဲ့မနက်ခင်း'

မနက်ခင်းမှာ စပယ်ပန်းတွေ
ပွင့်ပေမလားလို့ ငေးကြည့်ရင်းနဲ့
သူ့အသက်ရှူသံတွေ တိမ်နေတော့တယ်။
လူတွေ နို့ဆာနေပုံကလဲ
ကြောက်ကြောက်နဲ့
အစာကောက်နေရတဲ့
ငှက်တကောင် အဖြစ်မျိုးပ။"

ဒီဗွီဘီ ॥ ॥ ကိုငြိမ်းသစ် ဘယ်လိုပဲ ပြောပြော လွတ်လာပြီဆိုတော့ စာပေ အနုပညာရှင်သမား တယောက်အနေနဲ့ ကိုငြိမ်းသစ် ပြောခဲ့သလိုလောကသစ္စာ တရားကို ရှာဖွေဖို့အတွက် နိုင်ငံရေး နယ်ပယ်ထဲကို ခြေစုံပစ်ဝင်မှာလား။

"ကျနော်က စာပေ အနုပညာသမားတယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျနော့်ကို စာရေးခွင့် ပိတ်ထားပါတယ်၊ ကျနော် ထောင်မကျခင်ကပေါ့လေ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ် ကွယ်လွန်တုန်းက ကျနော်တို့က ဒီမှာ ဝမ်းနည်းအမှတ်တရအဖြစ် ကဗျာစာစောင် ထုတ်တယ်ပေါ့လေ။ အဲဒါ ကဗျာစာစောင်မှာ ရေးတာက ဆရာကြီးမင်းသုဝဏ်ရယ်၊ ဆရာဦးတင်ဦးရယ်၊ မုံရွာအောင်ရှင်တို့၊ ကျနော်ရယ်၊ ဖျာပုံနီလွင်ဦးရယ် ကျန်တဲ့ ကဗျာဆရာနှစ်ဦးရယ်ပေါ့လေ၊ ဒီအားလုံးပေါင်း ခုနှစ်ဦးပေါ့လေ။ အဲဒီတော့ ကျနော်က အဲဒီကတည်းက စာရေးခွင့် ပိတ်ထားတယ်ပေါ့လေ။ ဆက်လက်ပြီးတော့ စာရေးခွင့် ရမရတော့ မသိသေးပါဘူး။ ရမယ်ဆိုရင်တော့ ကျနော်က စာပေအနုပညာကိုပဲ ကျနော် ဆက်လက်ပြီးတော့ ရေးသားသွားဖို့ပဲ ရှိပါတယ်။ ဒါပေမဲ့ ကျနော် အဲဒီ ပြည်သူလူထုရဲ့ ဘဝတွေ၊ ဒုက္ခဆင်းရဲ ကြုံတွေ့နေရတာတွေ၊ ကျနော် စာပေအနုပညာ ဖန်တီးနေရင်းနဲ့တော့ ဒီအတိုင်း ဖြတ်သန်းသွားလို့တော့ မရဘူးပေါ့။ အဲဒါအတွက် ကျနော်က နိုင်ငံရေးကို မလုပ်လိုသော်လဲဘဲ ဒါဟာ အမျိုးသားရေး ဖြစ်နေတဲ့အတွက် ဆက်လက်ပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။"

ဒီဗွီဘီ ॥ ॥ လက်ရှိ စာပေ လုပ်ဖော်ကိုင်ဖက်တွေကိုရော ဘယ်လိုမျိုး အကြံပြု တိုက်တွန်းချင်လဲ။

"ကျနော်တို့ စာပေအနုပညာရှင်တွေဟာ ကျနော့်ထက် အတွေ့အကြုံရော၊ ဖြတ်သန်းမှုရော များပြားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ တချို့ ဆရာကြီးတွေ ဆိုရင်လဲ စာပေ အနုပညာ ဖန်တီးမှုမှာ ကျနော့်ထက် သာလွန်ပါတယ်။ နောက် သူတို့ရဲ့ ဘဝဖြတ်သန်းမှုတွေ၊ သူတို့ရဲ့ စာပေသမိုင်း ဖြတ်သန်းမှုတွေကလဲ အံ့မခန်း သူတို့ ကြုံတွေ့ ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ သူတို့ဟာ အဘက်ဘက်က ကျနော်ထက် ပိုပြီးတော့ သိရှိနိုင်တဲ့ ပုဂ္ဂိုလ်တွေပါ။ ဒါကြောင့်မို့လို့ ကျနော် အထွေအထူး ဘာမှ ပြောစရာ မလိုပါဘူး။ ဒါပေမဲ့ ကျနော်နဲ့ သက်တူရွယ်တူ စာရေးဖော် ရေးဖက်တွေကိုတော့ ကျနော်တို့ဟာ အရေးကြီးတာကို အရင်လုပ်ကြပါလို့ ဒီလိုပဲ တိုက်တွန်းချင်ပါတယ်။"

အစသို့

(၈၈) ကျောင်းသားများ၏ လှုပ်ရှားမှု ဝါရင့်နိုင်ငံရေးသမားကြီးများ ထောက်ခံ

၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇ (၈၈)

မျိုးဆက်ကျောင်းသားအဖွဲ့၏ လှုပ်ရှားမှုကို ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဘက်များအဖွဲ့မှ အပြည့်အဝ ကြိုဆို ထောက်ခံကြောင်း ယနေ့ ထုတ်ဖော်ပြောဆိုပါသည်။ ယနေ့ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်း အိမ်မှာ ကျင်းပသည့် အစည်းအဝေးမှ ယခုလို ထောက်ခံသည့် ဆုံးဖြတ်ချက် ချခဲ့ခြင်းဟု သိရပါသည်။

"စောစောက လုပ်တဲ့ဟာရော၊ အခု လုပ်တဲ့ဟာရော အားလုံး ဘာဘတို့က ထောက်ခံတယ်။ ဒါကတော့ စတုတ္ထဟာ ဖြစ်မှာပေါ့။ ဒါက အင်မတန် ကြောက်ရွံ့နေတဲ့ လူထုကြီး တရပ်လုံးကို တက်ကြွလာအောင်၊ ပြောရဲဆိုရဲ ရှိလာအောင် လုပ်တဲ့ကိစ္စ ဖြစ်နေလို့မို့ ဘာဘတို့က ကျောင်းသားတွေရဲ့ လှုပ်ရှားမှုကို ထောက်ခံတယ်။ သူတို့ဟာတွေက အကုန်လုံး လုပ်တဲ့ဟာတွေက အကြမ်းမဖက် အနုသက်သက်နဲ့ အကုန်လုံး လုပ်နေတဲ့ လုပ်ငန်းတွေ ဖြစ်နေတဲ့ အတွက်ကြောင့် ဘာဘတို့က သူတို့အတွက် ချီးကျူးတယ်၊ ဂုဏ်လဲဂုဏ်ပြုတယ်၊ ထောက်ခံတယ်။ ကျောင်းသားတွေ တိုက်တွန်းတဲ့အတိုင်း သတ္တိရှိရှိ မိမိတို့ ခံစားချက်တွေကို တင်ပြကြပါ၊ ရေးကြပါဆိုပြီး ဘာဘတို့ အနေနဲ့က ပြည်သူလူထု တရပ်လုံးကို တိုက်တွန်းချင်ပါတယ်။"

သခင်ချန်ထွန်း ရှင်းပြသွားခြင်းပါ။ ယခုလို ထောက်ခံသည့် ကြေညာချက်ကို ယနေ့ အကြမ်းရေးဆွဲခဲ့ပြီး ယခုလ (၁၈) ရက်နေ့တွင် ထုတ်ပြန်မည်ဟု သခင်ချန်ထွန်းမှ ဆက်ပြော ပါသည်။ ယခုလို ဝါရင့် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ အပါအဝင်အဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းထောက်ခံသည့်အတွက် အားတက်ကျေနပ်ကြသည်ဟု (၈၈) မျိုးဆက်ကျောင်းသားများ အဖွဲ့မှ ကိုဂျင်မီမှ ယခုလို ပြောပြသွားခဲ့ပါသည်။

"အခုလို ဝါရင့်နိုင်ငံရေးသမားကြီးတွေကနေ ကျနော်တို့ လှုပ်ရှားမှုကို ထောက်ခံအားပေးတဲ့အတွက် ကျနော်တို့လဲ အများကြီး ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ နိုင်ငံက ဒီဒုက္ခတွေ ခံစားနေရတာ နှစ်ပေါင်းက (၄၀) ကျော်နေပြီ ဆိုတဲ့ အခါကျတော့ ဝါရင့် နိုင်ငံရေးသမားကြီးတွေရော၊ မကြာသေးခင်မှ ထုတ်ပြန်လိုက်တဲ့ ကျောင်းသားငယ်တွေပေါ့၊ ဉပဒေကျောင်းသားတွေရော၊ ကြီး၊ ငယ်၊ လတ် အကုန်လုံးကနေ ဝိုင်းဝန်းထောက်ခံတဲ့အတွက် ကျနော်တို့လဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။ အောင်မြင်မယ်လို့လဲ ကျနော် ယုံကြည်ပါတယ်။"

အစသို့

## ကုလ အတွင်းရေးမှူးချုပ်သစ်မှ ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် တောင်းဆို

၀၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အသစ် တောင်ကိုရီးယားနိုင်ငံသား မစ္စတာဘန်ကီမွန်းမှ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးရန် မနေ့မှတောင်းဆိုခဲ့ပါသည်။ နအဖ စစ်အစိုးရအနေနှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးပြီး၊ ကုလသမဂ္ဂက တောင်းဆိုထားခြင်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရင်း ဒီအဆင့်ထက် ပိုမိုရှေ့တိုး ဆောင်ရွက်ရန် တိုက်တွန်းပြောဆိုလိုက်ပါသည်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်သစ်၏ ပြောခွင့်ရ အမျိုးသမီးမှ မနေ့က ထုတ်ပြန်ကြေညာချက်တွင်ပါသည့်အချက်များကို ပြောပြသွားပါသည်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်လက်ထက် (၂၀၀၆) ခုနှစ်ကတည်းမှ လက်ထောက် အထွေထွေအတွင်းရေးမှူး မစ္စတာ အီဘာရာဟမ် ဂန်ဘာရီကို မြန်မာနိုင်ငံသို့ နှစ်ကြိမ်စေလွှတ်ခဲ့ပြီး နိုင်ငံရေး ဖြစ်စဉ်များအားလုံးပါဝင်ရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ အားလုံးလွှတ်ပေးရေး၊ တိုင်းရင်းသားများအပေါ် တိုက်ခိုက်နေခြင်း ရပ်တန့်ရေး၊ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းတွေ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရေးများကို တောင်းဆိုထားခဲ့ပါသည်။ ဆက်လက်ပြီး အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းမှ နအဖစစ်အစိုးသည် အကျဉ်းသား (၂၈၃၁) ယောက်ကို ဇန်နဝါရီလ (၃) ရက်နေ့တွင် ပြန်လွှတ်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းကို မှတ်သား သတိပြုမိတဲ့အကြောင်းနှင့် ၎င်းအထဲမှ နိုင်ငံရေးအကျဉ်းသား(၄၀)ကျော် ပါဝင်တယ်ဆိုခြင်းကြောင့် ကြိုဆိုလိုက်သည့် အကြောင်း အထွေထွေ အတွင်းရေးမှူး၏ ပြောခွင့်ရအမျိုးသမီးတွင် ဆက်ပြောပါသည်။ ယခုလို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်သစ်နှင့် ကြိုးပမ်းမှုကို ကြိုဆိုလိုက်သည့်အကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောခွင့်ရသူ ဦးမြင့်သိန်းမှ ဝေဖန်ပြောဆိုပါသည်။

"အခု မစ္စတာဘန်ကီမွန်း ပြောသွားတဲ့ အနေအထားတွေ၊ သူရဲ့ တောင်းဆိုတဲ့ အချက်တွေ ကြည့်တဲ့အခါ မှာ ကျနော်တို့ မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ပထမခြေလှမ်းတရပ် ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ မျှော်လဲ မျှော်လင့်ပါတယ်။ အားလဲ အားကိုးပါတယ်။ နောက်တခုက ပြီးခဲ့တဲ့ ကိုဖီအာနန်လက်ထက် မှာ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ မအောင်မြင်သေးဘူးလို့ပဲ ကျနော်တို့ ပြောရပါမယ်။ အထွေထွေ အတွင်းရေးမှူးချုပ်

အသစ်အနေနဲ့ ပြီးခဲ့တဲ့ အတွေ့အကြုံတွေအပေါ်မှာ သင်ခန်းစာယူပြီးတော့ မြန်မာနိုင်ငံရဲ့ အရေးကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။”

အစသို့

## ကျောင်းသား ခေါင်းဆောင် (၅) ဦးကို ပြန်လွှတ်လာသည့် အပေါ် အမြင်သဘောထားများ

*၀၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ယခုဆက်ပြီးကျောင်းသားများ ပြန်လွှတ်လာသည့်အပေါ် ပြည်တွင်းဒီမိုကရေစီ အင်အားစုများ၏ သဘောထားအမြင်များ ဖြစ်ပါသည်။ ကျောင်းသား ခေါင်းဆောင် (၅) ဦးအား ပြန်လွှတ်ပေးလိုက်ခြင်းသည် ကောင်းသည့် အလားအလာတခု ဖြစ်ပေမည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးနှင့် ရှမ်းခေါင်းဆောင်များ အပါအဝင် ကျန်နိုင်ငံရေး အကျဉ်းသားများကိုလည်း အမြန်ဆုံးပြန်လွှတ်ပေးရန် လိုအပ်ကြောင်း ၄င်းတို့အားလုံးမှ ပြောပြကြပါသည်။ ပထမဆုံး အဖွဲ့ချုပ်၏ သဘောထားကို နားဆင်နိုင်ပါပြီ။

“လွှတ်မြောက်ခြင်း ဆိုတာဟာ ကောင်းတဲ့လက္ခဏာတရပ် ဖြစ်ပါတယ်။ အဲဒီတော့ ဒီလွှတ်မြောက်ခြင်းကို ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေဟာလဲ ကောင်းတဲ့ လုပ်ငန်းတရပ်ကို လုပ်တဲ့ ပုဂ္ဂိုလ်တွေပဲလို့ ကျနော်တို့ သတ်မှတ်ပါတယ်။ ထို့အတူပဲ ဒီလို လွှတ်မြောက်ပေး လိုက်တာဟာ မြန်မာနိုင်ငံမှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ခြေလှမ်းသစ်တရပ် ဖြစ်တယ်လို့လဲ ကျနော် ခံယူပါတယ်။ ဒီခြေလှမ်းသစ်ကို လှမ်းလိုက်ပြီးတဲ့အခါမှာ ရပ်နေလို့ မဖြစ်ပါဘူး။ ရှေ့ဆက်လှမ်းရမှာဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး စတဲ့ ကျနော်တို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့အတူ နိုင်ငံရေး အကျဉ်းသားများ အားလုံးကိုပါ ဆက်လက်ပြီးတော့ လွှတ်ပေးခြင်းအားဖြင့် ရှေ့ဆက်မဲ့ ခြေလှမ်းများကို ဆက်ပြီးလှမ်းမယ်ဆိုရင် ကျနော်တို့ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနဲ့ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကို ရောက်ပြီးတော့ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ လူ့အခွင့်အရေး ဖော်ဆောင်ရေးတို့အတွက်ကို အထောက်အကူ ဖြစ်လိမ့်မယ်လို့ ကျနော်တို့ တိုက်တွန်းလိုပါတယ်။”

အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်သည့် ဦးမြင့်သိန်း ပြောပြသွားခြင်းပါ။ ယခုလို ကျောင်းသားခေါင်းဆောင်များအား ပြန်လွှတ်ပေးလိုက်သည့်အတွက် လုံခြုံရေးကောင်စီတွင် ဆွေးနွေးနေသည့် မြန်မာ့အရေးကိစ္စ တစုံတရာ အားနည်းသွားစေနိုင် မလား၊ ၄င်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP အဖွဲ့ဝင်တဦးဖြစ်သူ ဦးထောင်ကိုထန်းမှ သူ့၏အမြင်ကို ယခုလို ပြောပြပါသည်။

“လုံခြုံရေးကောင်စီကရော International အဖွဲ့အစည်းတွေက ကုလသမဂ္ဂ အဖွဲ့အစည်းတွေပေါ့လေ၊ မြန်မာပြည် အခြေအနေ (၁၈) နှစ်လောက်ရှိပြီ။ အဲဒီ (၁၈) နှစ်တာ ကာလအတွင်းမှာ ဒင်းတို့ ဖမ်းချင်တဲ့ကောင်တွေ ဖမ်းမယ်၊ ပြန်လွှတ်ချင်တဲ့ အချိန်မှာ ပြန်လွှတ်မယ်။ အဲလို ကစားနေတဲ့ဟာကို ကုလသမဂ္ဂ အဖွဲ့အစည်းတွေက အကုန်လုံး သုံးသပ်ဖို့ လိုလိမ့်မယ်။ ဒီကနေပြီးတော့ လုံခြုံရေးကောင်စီမှာ အခု ကျောင်းသား (၅) ယောက်လွှတ်နေပြီ။ အဲဒီတော့ အဲဒီကိစ္စကို ကျနော်တို့ မြန်မာပြည်ရဲ့ နိုင်ငံရေးဟာ ကောင်းနေပြီလို့ ယူဆရင်တော့ အင်မတန် မှားမှာပေါ့။ သူ အကြောင်းမဲ့ ဖမ်းပြီးတော့ အချိန်ရောက်တဲ့အခါကျမှ အခု လုံခြုံရေးကောင်စီမှာ မြန်မာပြည်ကိစ္စ တင်တဲ့အခါကျမှ လွှတ်ပြတဲ့ဟာက နောက် (၁) ပတ်ကြရင် ဘာလုပ်မလဲဆိုတာ ပြောလို့မရဘူး။ ဒါကြောင့်မလို့ လုံခြုံရေးကောင်စီအနေနဲ့ ဒီလို ဖမ်းလိုက်၊ လွှတ်လိုက်လုပ်တဲ့ အခြေအနေအပေါ်မှာ မမူတည်ဘဲနဲ့ သူတို့ ချမှတ်ထားတဲ့ လုံခြုံရေးကောင်စီ မူဝါဒအတိုင်း ဆက်သွားဖို့ လိုအပ်တယ်လေ။”

ကိုမင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များ ပြန်လွှတ်လာသည့်အပေါ် မကွေးတိုင်း ရေနံချောင်းမြို့မှ မိခင်တဦးကလည်း ယခုလို ဝမ်းမြောက်ဝမ်းသာနှင့် ကြိုဆိုစကား ပြောကြားထားပါသည်။

“ပြောမပြတတ်လောက်အောင် ဝမ်းသာပါတယ်။ ကျမတို့လဲ မိဘတွေပါပဲ။ မိဘဆိုတော့ မိဘရဲ့နေရာကနေပြီး ကိုယ့်သား၊ သမီးတွေလဲ နောင်တချိန်မှာ ဒီလိုမျိုး ကြုံမှာကို ကျမတို့လဲ မိခင်တယောက်အနေနဲ့ ကိုယ်ချင်းစာတယ်လေ။ အဲဒီတော့ ကိုမင်းကိုနိုင် လွှတ်လာခါစက ပြောတဲ့စကားလေး ရှိတယ်။ ညဥ့်နက်သန်းခေါင် တံခါးခေါက်တဲ့ အသံတွေဟာတဲ့ မိခင်တဲ့ရင်ခွင်ကနေ ဆွဲထုတ်တဲ့ ခေါက်သံတွေ မဖြစ်စေချင်ဘူးပေ့ါ။ အဲဒီ ညဥ့်နက်သန်းခေါင် လာပြီး တံခါးခေါက်တဲ့အသံဟာ အလည်လွန်ရာကနေ ပြန်လာတဲ့ သားတယောက်ရဲ့ တံခါးခေါက်တဲ့အသံပဲ ဖြစ်စေချင်ပါတယ်တဲ့။ အဲဒီစကားလေးနဲ့ပဲ ကျမကိုလဲပေ့ါ၊ ကိုမင်းကိုနိုင်တို့ အကုန်လုံးပေ့ါနော်၊ ကျောင်းသားတွေအကုန်လုံး။ ကျောင်းသားတင်မဟုတ်ပါဘူး၊ မြန်မာပြည် တပြည်လုံးမှာရှိတဲ့ သား၊ သမီးတွေအကုန်လုံး မိခင်တယောက်အနေနဲ့ ညဥ့်နက်သန်းခေါင် လာပြီး ခေါက်တဲ့အသံဟာ သားတယောက် အလည်လွန်ရာကနေ ပြန်လာတဲ့ တံခါးခေါက်သံပဲ ကျမတို့လဲ ကြားချင်ပါတယ်။”

အစသို့

## မင်းကိုနိုင် အပါအဝင် ကျောင်းသား (၅) ဦး သတင်းစာဆရာများနှင့် တွေ့ဆုံ

*၁၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

လွတ်မြောက်လာသည့် မင်းကိုနိုင် အပါအဝင် ကျောင်းသားခေါင်းဆောင် (၅) ဦးတို့ကို ပြည်တွင်း၊ ပြည်ပ သတင်းထောက်များမှ ယနေ့ မွန်းလွဲ (၁) နာရီလောက် မင်းကိုနိုင်၏ သက်နှန်းကျွန်းနေအိမ်တွင် တွေ့ဆုံခဲ့ကြသည်ဟု ကိုယ်တိုင်သွားရောက်ခဲ့သူ ဂျာနယ် သတင်း ထောက်တဦး အပြောအရ သိရပါတယ်။ ၄င်းအပြောအရ သတင်းစာ ရှင်းလင်းပွဲ အသေးစားကလေး ပြုလုပ်ခဲ့ကြသည်ဟု သိရပြီး၊ အနည်းဆုံး ပြည်တွင်း၊ ပြည်ပ သတင်းထောက် (၆၀) လောက် တက်ရောက်ခဲ့ကြောင်း ဆိုပါသည်။ သတင်းထောက်များဖက်မှ ကျောင်းသားခေါင်းဆောင်များ၏ တွေ့ကြုံခဲ့ရ သည့် အခြေအနေများနှင့် ရှေ့ဆက်ဘာများလုပ်ကိုင် ကြမည်ကို မေးမြန်းခဲ့သလို ကျောင်းသားခေါင်းဆောင်များ ဘက်မှလည်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရပါသည်။ ၄င်းသတင်းစာ ရှင်းလင်းပွဲနှင့် ပတ်သက်၍ ပြည်တွင်းဂျာနယ်များတွင် ဖော်ပြရေးသားခွင့် ရ၊ မရကိုမူ စောင့်ကြည့်ရမယ်ဟု တက်ရောက်ခဲ့သူတဦးမှ ဒီဗွီဘီကို ပြောပြသွားပါသည်။

အစသို့

## (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် (၅) ဦး ပြန်လည်လွတ်မြောက်လာ

*၁၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

မင်းကိုနိုင်နှင့် အဖမ်းဆီးခံ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် (၅) ဦး မနေ့ည သန်းခေါင်ယံအချိန် တွင် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ကျောင်းသားများ ပြောကြားချက်အရ သိရပါသည်။ သန်းခေါင်ယံစွန်းစ အချိန် ဒီကနေ့မနက် စောစော (၁) နာရီခွဲခန့်တွင် ၄င်းတို့ (၅) ဦးကို (၂) သုတ်ခွဲပြီး ပြန်လွှတ်လိုက်ခြင်းဖြစ်သည် ဟုပြန်လွှတ်လာသည့် ကျောင်းသား ခေါင်းဆောင် (၅) ဦးကိုယ်တိုင်က ဒီဗွီဘီ ကို အတည်ပြု ပြောကြားခဲ့ပါသည်။ မင်းကိုနိုင်၊ မင်းဇေယျာ၊ ကိုကိုကြီး၊ ကိုဌေးကြွယ်နှင့် ကိုပြုံးချိုတို့ (၅) ဦးကို သက်ဆိုင်ရာ နေအိမ်များအထိ အာဏာပိုင်များမှ ပို့ပေးခဲ့ခြင်းဖြစ်ပြီး၊ ယခု ညတွင်းချင်း (၅) ဦးစလုံး စုဆုံဆွေးနွေးနိုင်ရန် ပြင်ဆင်နေဆဲ ဖြစ်ပါသည်။ ၄င်းတို့ကို ပြန်လွှတ်ပေးလိုက်သည့်အချိန်သည် နိုင်ငံရေးအရ သိပ်အရေးကြီးနေတဲ့ကာလ ဖြစ်နေခြင်းကြောင့် ၄င်းတို့ (၅) ဦးစလုံး မျက်နှာစုံညီ ဆွေးနွေးပြီးမှသာ ၄င်းတို့၏ သဘောထားကို မီဒီယာများဆီ တရားဝင် အသေးစိတ် ထုတ်ပြောနိုင်မည် ဖြစ်ကြောင်း ကျောင်းသားခေါင်းဆောင်များမှ ရှင်းပြခဲ့ပါသည်။ ယလို ထုတ်ပြောမှုကို ယနေ့ နေ့လည်ပိုင်းတွင် ပြုလုပ်လိမ့်မည်ဟု ယူဆရပြီး အခုလောလောဆယ်တွင် ၄င်းတို့ ပြန်လွှတ်လာသည့်အပေါ် အားလုံး မှ ဝမ်းပမ်းတသာ ကြိုဆိုနေကြကြောင်း သိရပါသည်။ နိုင်ငံရေး အခဲခတ်များအကြားတွင် ၄င်းတို့ (၅) ဦးကို ပြန်လွှတ်ပေးလိုက်သည့်အချိန်သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံကိစ္စကို တရားဝင် ဆွေးနွေး ဆုံးဖြတ်ချက် ချမည့်နေ့နှင့် အချိန်ကိုက် ဖြစ်နေခြင်းကြောင့် နိုင်ငံရေးအရ ထူးခြားမှုများ ရှိလာနိုင်ကြောင်း ထင်ကြေးပေး ပြောဆိုနေပါသည်။ မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုဌေးကြွယ်တို့ (၃) ဦးကို စက်တင်ဘာ (၂၇) ရက်နေ့ တွင် စတင် ဖမ်းဆီးခဲ့ပြီး မင်းဇေယျာနှင့် ကိုပြုံးချိုကိုမူ စက်တင်ဘာ (၃၀) ရက်နေ့တွင် ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါသည်။ စုစုပေါင်း အဖမ်းခံရချိန် (၁၀၅) ရက်အကြာတွင် ၏ခုလို ပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ကျောင်းသား ခေါင်းဆောင် (၅) ဦးကိုယ်တိုင်၏ ပြောကြားချက် အသေးစိတ်ကိုမူ ဒီကနေ့ည အစီအစဉ်တွင် ထုတ်လွှင့်ပေးနိုင်အောင် ကြိုးစားနေဆဲ ဖြစ်ပါသည်။

အစသို့

## နိုင်ငံရေး အကျဉ်သားအားလုံးကို ပြန်လွှတ်ပေးရန် (၈၈) ကျောင်းသားခေါင်းဆောင်များ တောင်းဆို

*၁၁ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

စစ်မှန်သည့် အမျိုးသားပြန်လည် သင့်မြတ်ရေးကို လိုချင်သည်ဆိုလျှင် ပထမဆုံးအဆင့် အနေနှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး ပြန်လွှတ် ပေးရန်လိုမည်ဟု ယနေ့ မနက် အစောစောတွင် စစ်ကြောရေးစခန်းမှ ပြန်လည်လွတ်မြောက် လာသည့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် များမှ ပြောဆိုလိုက်ပါသည်။ နိုင်ငံရေး လှုပ်ရှားသူများအား ဖမ်းဆီးလိုက်၊ ပြန်လွှတ်ပေးလိုက် လုပ်နေရုံနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်နိုင်မည် မဟုတ်ဘူးကြောင်းကို ကျောင်းသားခေါင်းဆောင် များမှ ပြောပါသည်။ အမျိုးသား ပြန်လည်သင်မြတ်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးကို ဆက်လက် ကိုယ်ကျိုးစွန့်

ဆောင်ရွက်သွားမည်လို့လည်း ၄င်းတို့မှ ဒီဗွီဘီကို ပြောပါသည်။ ပြည်သူများ အနေနှင့်လည်း (၈၈) မျိုးဆက် ကျောင်းသားများ၏ ရင်ဖွင့်သံ လှုပ်ရှားမှုတွင် အပြည့်အဝ ပူးပေါင်းပါဝင်ကြရန်လည်း ကျောင်းသားခေါင်းဆောင် တဦးဖြစ်သည့် မင်းကိုနိုင် အပါအဝင် ကျန်သည့် ခေါင်းဆောင် (၅) ယောက်မှ တိုက်တွန်းသွားပါသည်။ ယနေ့ အစောပိုင်းတွင် ပြန်လည်လွှတ်မြောက်လာသည့် ကျောင်းသားခေါင်းဆောင် (၅) ယောက်စလုံးကို ဒီဗွီဘီမှ ဆက်သွယ်မေးမြန်းထားပါသည်။ ၄င်းအထဲမှ ကိုကိုကြီးနှင့် မေးမြန်းချက်ဖြစ်ပါသည်။

ဒီဗွီဘီ ။ ။ ဘယ်လို ပုံစံနဲ့ လွှတ်ပေးလိုက်တာလဲ။ ကျနော်တို့ ခံဝန်လက်မှတ်တွေ ထိုးခိုင်းတာ အဲဒါမျိုးတွေ ရှိသေးလား။

“မရှိပါဘူး။ တခြား ဝန်ခံချက် ထိုးခိုင်းတာတို့၊ ကတိကဝတ် ပြုခဲ့တာတွေ ဘာမှ မရှိပါဘူး။”

ဒီဗွီဘီ ။ ။ အရင်တုန်းက ကြားနေရတာ ကျန်းမာရေးတွေ ဆိုးနေတယ်တို့၊ အဲဒီလိုမျိုးတွေ ကြားလို့လေ။ ကျန်းမာရေး အခြေအနေရော ဘယ်လိုရှိလဲ။

“ကျနော် ရင်ပြည့်၊ ရင်ကယ်တာကြောင့်မို့ ညစာ ထမင်း မစားဘဲနဲ့ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ် အစာပျော့ လေးတွေပဲ စားဖြစ်တာပေ့ါ။”

ဒီဗွီဘီ ။ ။ ဘယ်လိုမျိုးထားလဲ။ ကျန်းမာရေး စောင့်ရှောက်မှုရော ကောင်းကောင်းပေးရဲ့လား။

“ကျန်းမာရေး စောင့်ရှောက်ဖို့အတွက် ကျနော့်ဆီကို ဆရာဝန် နှစ်ခေါက် လာပါတယ်။”

ဒီဗွီဘီ ။ ။ ခေတ္တခဏပါလို့ ခေါ်သွားတယ်။ အဲဒီ ကာလအတွင်းမှာ ဘာတွေ ဆွေးနွေးခဲ့ရလဲ၊ ဘယ်လို ပြောဆိုခဲ့ရလဲ။ အဲဒါလေး အသေးစိတ်လေး ပြောပြပေးပါလား။

“အဓိကကတော့ ကျနော်တို့ကို ဖမ်းဆီးတာ မဟုတ်ဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ မေးခွန်းတချို့ပေ့ါ၊ အပေါ်ကနေ ချပေးတာတွေ သူတို့တဆင့် ကျနော်တို့ကို မေးမြန်းတာတွေ ရှိပါတယ်။ ကျနော်တို့ဆီက သဘောထား တခုကိုလဲ မေးမြန်းတာရှိပါတယ်။

ဒီဗွီဘီ ။ ။ အဲဒီလို မေးမြန်းတာ သူတို့ ဘယ်လို အချက်အလက်တွေ မေးမြန်းသလဲ။ သဘောတူခဲ့တာတို့၊ မတူခဲ့တာတို့ ဘာတွေ ရှိပါသလဲ။

“သဘောတူတယ်၊ မတူဘူးဆိုတာကို ဆုံးဖြတ်တဲ့ အခြေအနေမျိုး မဟုတ်ပါဘူး။ ကျနော်တို့ဆီကနေ အဲဒီသဘောထားကို သူတို့က တဆင့်တင်ပေးတယ်။ အပေါ်ကနေ သိချင်တာကို မေးတယ်။ အဲဒီ အဆင့်ပါ။ အပြန်အလှန် ဆွေးနွေးဆုံးဖြတ်နိုင်တဲ့ ပုံသဏ္ဍာန်မျိုးနဲ့ ထိတွေ့ခဲ့ရတာမျိုး မဟုတ်ပါဘူး။”

ဒီဗွီဘီ ။ ။ သူတို့ဘက်က ဘာတွေကို မေးသလဲဆိုတာ အားလုံးလဲ သိချင်ကြတယ်။ ဘာတွေကို အဓိကထားမေးလဲ။

“အဓိကကတော့ စာရရှိထားတယ်ဆိုတဲ့ သတင်းစာမှာ ဖော်ပြတဲ့ အချက်အလက် တချို့ကို မေးပါတယ်။ ဒါလဲ ကျနော်တို့ကို ပြင်းပြင်းထန်ထန်လဲ မဟုတ်ဘဲနဲ့ ဘာမှ ညှိစွန်းတာ မရှိဘူးဆိုတာလဲ ပေါ်လွင်ထင်ရှားပြီး ဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းတွေဟာ သာမန် မေးမြန်းတယ်ဆိုတဲ့ အဆင့်ပဲ ရှိပါတယ်။”

ဒီဗွီဘီ ။ ။ အပြင်မှာ ကိုမြအေးတို့၊ ကိုဂျင်မီတို့၊ ကိုအံ့ဘွယ်ကျော်တို့ ကျန်ခဲ့ပါတယ်။ အပြင်မှာ ကျန်ခဲ့တဲ့ (၈၈) ကျောင်းသားခေါင်းဆောင်တွေ ဆက်လုပ်နေတဲ့ အဖြူရောင် ကန်ပိန်းတို့၊ လက်မှတ်ထိုး ကန်ပိန်းတို့၊ ဆုတောင်းတဲ့ ကန်ပိန်းတို့၊ အခုနောက်ဆုံး ရင်ဖွင့်လွှာပေးပို့တဲ့ ကန်ပိန်း ဒါတွေလုပ်တယ်ပေ့ါ။ ဒီလှုပ်ရှားမှု အပေါ်မှာရော ကိုကိုကြီးတို့ ဘယ်လိုပြောချင်လဲ၊ ဘယ်လို မြင်လဲ။

“အဓိကက နိုင်ငံရေးကိုငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ဖို့အတွက် လူထုပူးပေါင်းပါဝင်နိုင်တဲ့ ငြိမ်းချမ်းတဲ့နည်း လမ်းတွေကို ရှာဖွေနေတာ ဖြစ်တဲ့အတွက်ကြောင့် ထိန်းသိမ်းမှု မလုပ်ခင်က ကျနော်တို့ သဘောထားတွေနဲ့လဲ တထပ်တည်းပါပဲ။ အခု ရင်ဖွင့်လွှာ တင်ပြဖို့ ကန်ပိန်း လုပ်နေတာနဲ့ဆိုရင် ကျနော်လွှတ်ခါနီး နာရီပိုင်းလေးမှာပဲ ကျနော်တို့ကိုလဲ အထက်သက်ဆိုင်ရာ လူကြီးတွေကနေ ပြောစေချင်တာကို ကျနော်တို့ကို မှာကြားတာ၊ ပြောကြားတာ ရှိသလို၊ သူတို့ကလဲ တင်ပြစရာရှိရင် တင်ပြပါလို့ ကျနော်တို့ကို အခွင့်လမ်းတခု ပေးပါတယ်။ ကျနော်တို့ကလဲ ကျနော်တို့ ရင်ထဲမှာရှိတဲ့ ကျနော်တို့ ဖြစ်စေချင်တဲ့ သို့မဟုတ် မဖြစ်စေချင်တဲ့ဟာတွေကို ကျနော်တို့ ပွင့်ပွင့်လင်းလင်းပဲ ရင်ဖွင့်ရေးသားခဲ့ပါတယ်။ အဲဒီတော့ ကျနော်တို့ကလဲ ရင်ဖွင့်လွှာ ရေးပြီးတော့ တင်ပြလာခဲ့တယ်၊ အပြင်မှာလဲ ရင်ဖွင့်လွှာ တင်ပြဖို့ ကြိုးပမ်းနေကြတယ်ဆိုတာ တထပ်တည်း ဖြစ်နေပါတယ်လို့ ဒီလိုပဲ မြင်ပါတယ်။”

ကိုကိုကြီးနှင့် မေးမြန်းချက်ထဲမှ အချို့ပါ။ ဆက်လက်ပြီး ကိုဌေးကြွယ်နှင့် မေးမြန်း ချက်ကိုလဲ ဖော်ပြလိုက်ပါ သည်။

ဒီဗွီဘီ ။ ။ လူကြီးတွေက တွေ့ချင်ပါတယ်၊ ဆွေးနွေးချင်ပါတယ်လို့ ခေါ်သွားတယ်။ (၃) လခွဲ၊ (၄) လကြာတယ်။ အဲဒီ အတောအတွင်းမှာ ဘယ်လူကြီးတွေနဲ့ တွေ့ခဲ့ရလဲ၊ ဘာတွေ ဆွေးနွေးခွင့် ရခဲ့တာလဲ။

"လူကြီးတွေက တွေ့ချင်တယ်လို့ ခေါ်သွားတယ်။ တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် တာဝန်ခံပြီးတော့ ဆွေးနွေးမဲ့ ဘယ်လူကြီးနဲ့မှတော့ မတွေ့ခဲ့ရပါဘူး။"

ဒီဗွီဘီ ။ ။ လူကြီးတွေနဲ့ တွေ့ဖို့ဆို ခေါ်သွားတာပါပဲ။ ဒါပေမဲ့ တကယ်တမ်း လူကြီးတွေနဲ့ တိုက်ရိုက်တွေ့ခဲ့ရတာ မဟုတ်ဘူးဆိုတော့ ဒီ အပေါ်မှာ ဘာပြောချင်လဲ။

"တကယ်တမ်း ကျနော်တို့ကို ခေါ်ယူကာစကတော့ လူကြီးတွေနဲ့ တွေ့ဖို့ပေါ့။ နောက်ပိုင်းမှာ ကျနော်တို့ကို ဖောက်ခွဲရေးကိစ္စတွေ၊ နိုင်ငံခြားငွေကြေးကိစ္စတွေ၊ ပြီးတော့ ပြည်တွင်း နိုင်ငံရေးကိစ္စတွေ အကြောင်းကိုပဲ မေးမြန်းခြင်း ရှိတယ်။ ဒါပေမဲ့လို့ ဒီကိစ္စတွေကလဲ ကျနော်တို့နဲ့ တိုက်ရိုက်ပတ်သက်တာ မရှိဘူး။ မရှိတဲ့အတွက် ကျနော်တို့က ကျနော်တို့ရဲ့ သဘောထား၊ ကျနော်တို့ရဲ့ အမြင်တွေကိုပဲ တိတိပပ ပွင့်ပွင့်လင်းလင်း ကျနော်တို့ တင်ခဲ့တဲ့ စာတမ်းတွေလဲ ရှိတယ်။ အထူးဖြင့် (၈၈) မျိုးဆက်ရဲ့ သဘောထားကိုတော့ ကျနော်တို့ ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့ပါတယ်။ ဒါဟာ ဘာလဲဆိုတော့ အမျိုးသား ပြန်လည်သင့်မြတ်ရေး အပေါ်မှာ အခြေခံတဲ့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာ အဖြေရှာရေးကို အခြေခံတဲ့ တွေ့ဆုံဆွေးနွေးရေးတွေ လိုအပ်တယ်၊ ပြီးတော့ ဒီလို တွေ့ဆုံဆွေးနွေးရေးတွေ ဖြစ်နိုင်အောင်လို့ နိုင်ငံရေးအရ အရေးပါတဲ့လူတွေကို လွှတ်ပေးဖို့။ အဲဒါအပြင် နိုင်ငံရေးအကျဉ်းသား အားလုံးကို လွှတ်ဖို့။ ဒါအပြင် တိုင်းရင်းသား အားလုံးကို ကိုယ်စားပြုပြီးတော့ ကျနော်တို့ မြန်မာအမျိုးသား တရပ်လုံးရဲ့ ပြဿနာကို မြန်မာအမျိုးသား အင်အားစုအားလုံး ဝိုင်းဝန်းပြီးတော့ ဖြေရှင်းနိုင်ဖို့ဆိုတဲ့ သဘောထား အပေါ်မှာ ရပ်တည်ပြီးတော့ ပြောခဲ့ပါတယ်။"

ဒီဗွီဘီ ။ ။ သတင်းစာ ရှင်းလင်းပွဲမှာ ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောထားတဲ့ ကိစ္စရှိတယ်။ ကိုဒေးကြွယ်တို့ကို သတင်းစာရှင်းလင်းပွဲမှာ စွပ်စွဲတာနဲ့ ပတ်သက်လို့ရော ဘာများ ပြောချင်ပါလဲ။

"ကျနော်တို့ ဒါတွေနဲ့ တကယ်ပတ်သက်ခဲ့လို့ရင် ပြန်လွှတ်လာစရာ အကြောင်းမရှိပါဘူး။"

ဒီဗွီဘီ ။ ။ အရင်တုန်းကလဲ ထောင်ခဲ့မှာ နှစ်ရှည်နေခဲ့ရဖူးတယ်။ အခု ထောင်ကလွှတ်လာပြီး တနှစ်လောက်ပဲ ရှိတဲ့အချိန်မှာ နောက်ထပ် ထပ်ပြီးတော့ အဖမ်းခံလိုက်ရတော့ နောက်ထပ် နှစ်ရှည်များ ငါတို့ကို ပြန်ပြီးတော့ ဖမ်းထားအုံးမလားလို့ အဲဒီလို မခံစားမိဘူးလား။

"ကျနော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာတွေ၊ အမျိုးသားရေး ပြဿနာတွေကို ပြေပြေလည်လည် ဖြေရှင်းနိုင့်မဲ့ နည်းလမ်းကို မတွေ့သေးသမျှ ကာလပတ်လုံး ကျနော်တို့တင် မဟုတ်ပါဘူး၊ မြန်မာနိုင်ငံသား အားလုံးရဲ့ဘဝဟာ ရေရာမှု မရှိပါဘူး။ ဒီလို ဖမ်းတာဆီးတာနဲ့ ကျနော်တို့ မြန်မာနိုင်ငံမှာ တကယ်တွေ့ကြုံနေတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မှာလဲ မဟုတ်ပါဘူး။ ဖမ်းတာထက်စာလို့ရင်တော့ လွှတ်တာက ပိုကောင်းပါတယ်။ လွှတ်တာထက်စာရင် လုံးဝ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းနိုင်တာ ပိုပြီးတော့ ကောင်းပါတယ်။

ဒီဗွီဘီ ။ ။ ထိန်းသိမ်းခံနေရတဲ့ အချိန်မှာ ကျန်ခဲ့တဲ့ (၈၈) မျိုးဆက် လုပ်ဖော်ကိုင်ဖက်တွေကနေပြီးတော့ ဒါဟာ ပြန်ပေးဆွဲသွားတာ ဆိုပြီးတော့ ခဏဆိုပြီး အကြာကြီး ဖမ်းထားတဲ့အတွက် သူတို့က ပြောနေကြပါတယ်။ ကာယကံရှင် ကိုဒေးကြွယ်တို့ အနေနဲ့ရော ဘယ်လို ခံစားမိပါလဲ။

"ဒီလို နိုင်ငံရေး ပဋိပက္ခတွေ၊ ပြဿနာတွေ၊ ဒီ အဆိုးသံသရာကြီးကနေ လွှတ်စေချင်ပါပြီ။ နိုင်ငံမှာ ဖမ်းလိုက်၊ ပြန်လွှတ်လိုက်ဆိုတဲ့ ပုံသဏ္ဍာန်မျိုးနဲ့ မရှင်းဘဲနဲ့ တွေ့ဆုံကြပါ၊ ညှိနှိုင်းကြပါ၊ စည်းလုံးကြပါ၊ ယုံကြည်ကြပါဆိုတဲ့ ပုံသဏ္ဍာန်မျိုးနဲ့ပဲ ဖြေရှင်းတာကို ကျနော်တို့ လိုချင်ပါတယ်။"

ဒီဗွီဘီ ။ ။ ထိန်းသိမ်းခံနေရတဲ့ အချိန်မှာ (၈၈) လုပ်ဖော်ကိုင်ဖက်တွေကနေ လှုပ်ရှားမှုတွေ ဆက်တိုက် လုပ်ခဲ့ပါတယ်။ ပြည်သူတွေက တောင်းဆိုလို့ပဲ လွှတ်ခဲ့ကြတာလား၊ ဒါမှမဟုတ်ရင် တချိန်ထဲပဲ အမေရိကန် ဦးဆောင်ပြီးတော့ လုံခြုံရေးကောင်စီမှာ မြန်မာ့အရေးကို တင်ပြီးတော့ ဖိအားပေးဖို့၊ မြန်မာ့အရေးကို အရေးယူပေးဖို့ ဆုံးဖြတ်ချက် ချဖို့ဆိုပြီး လုပ်နေတာလဲ ရှိတယ်။ နိုင်ငံတကာဖိအား၊ လုံခြုံရေးကောင်စီ ဖိအားကြောင့် လွှတ်တယ်လို့ ထင်လား၊ ပြည်တွင်းက လှုပ်ရှားမှု လေးခုလုပ်လို့ လွှတ်တယ်လို့ ထင်လား။ ဘယ်လို ထင်ပါသလဲ။

"အခြေအနေ အားလုံးဟာ ထူးထူးခြားခြား တိုက်ဆိုင်နေတယ်လို့ ကျနော်ထင်ပါတယ်။ ကျနော်တို့ကို ထိန်းသိမ်းထားတဲ့ အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေရဲ့ ဆန္ဒသဘောထားလဲ ပါကောင်းပါနိုင်ပါတယ်။"

ဒီဗွီဘီ ။ ။ လုံခြုံရေးကောင်စီမှာ မြန်မာ့အရေးကို တင်မယ်။ တင်မယ်ဆိုတဲ့ အချိန်မှာ တရုတ်တို့၊ ရုရှတို့ကလဲ မြန်မာ့အရေးကိုတော့ အရေးယူ ဆုံးဖြတ်မဲ့ အခြေအနေ မလိုသေးပါဘူး။ မြန်မာ့ပြည်က သိပ်မဆိုးသေး

ပါဘူး။ ကောင်းနေပြီ၊ ကျောင်းသားခေါင်းဆောင်တွေလဲ လွှတ်ပေးတာပဲ ဆိုပြီး လုံခြုံရေးကောင်စီမှာ အမေရိကန်ရဲ့ ကြိုးစားမှုတွေက အားပျော့သွားမယ်လို့ ထင်ပါသလား။

"ကျနော်တို့ (၅) ယောက်ကို လွှတ်ရုံနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု တကယ်ရှိပြီလား ဆိုတဲ့ဟာက ဒီလို သုံးသပ်လို့ မရနိုင်ပါဘူး။ တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းတွေမှာ မျက်နှာချင်းဆိုင်ပြီးတော့ နိုင်ငံရဲ့ ပြဿနာတွေကို ပွင့်ပွင့်လင်းလင်း ဘယ်လောက်ထိ ဖြေရှင်းနိုင်ကြပြီလဲ။ ဒီအရေးတွေအပေါ်မှာသာ မူတည်ပြီးတော့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။"

လူသိများထင်ရှားသည့် (၈) လေးလုံး ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က ၄င်းတို့ (၅) ဦး ပြန်လည် လွတ်မြောက်ရေး ဆန္ဒပြုလက်မှတ်ရေးထိုးခဲ့တဲ့ ပြည်သူများကို အထူးကျေးဇူးတင် လေးစားပါကြောင်း ယခုလို ပြောပါသည်။

"ကျနော်တို့တတွေ ဖမ်းဆီးခံရပြီးနောက်မှာ လွတ်မြောက်ရေးအတွက် နယ်ပယ်အသီးသီးက၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အသီးသီးက ကြိုးပမ်းအားထုတ်ပြီးတော့ သဘောထားတွေ ဖော်ထုတ်ပြသခဲ့တာကို ကျနော်တို့ ကြားသိရတဲ့အခါမှာ အင်မတန်မှကို လှိုက်လှိုက်လှဲလှဲ ကြည်နူးပြီးတော့ ခံစားရတယ်။ အဲဒီအပေါ်မှာ တင်ရှိထိုက်တဲ့ ကျေးဇူးတရားတွေကို ကျနော်တို့ စကားလုံးတွေနဲ့ ဖော်ပြဖို့တောင် မစွမ်းသာပါဘူး။ နောက်တခု ကျနော်တို့ ဘာတွေ သက်သေပြနိုင်ခဲ့သလဲဆိုတော့ ကျနော်တို့ မျိုးဆက်ကျောင်းသားတွေဟာ တဦးတယောက်ကောင်း ခေါင်းဆောင်မှု မဟုတ်ဘဲနဲ့ တကယ့်ကို ကျနော်တို့ဟာ တယောက်မရှိရင်လဲ နောက်ထပ်ရှိတဲ့ အင်အားတွေက ဆက်ပြီးတော့ ဦးဆောင်နိုင်တယ်၊ မောင်းနှင်နိုင်တယ်ဆိုတာကို ပြသနိုင်ခဲ့တယ်။ ကျနော်တို့ (၅) ယောက် အထဲကို ရောက်သွားတဲ့အချိန်မှာ အပြင်မှာ ကျန်ခဲ့တဲ့ ခေါင်းဆောင်တွေက အားကောင်းမောင်းသန်နဲ့ ဆက်ပြီးတော့ ဦးဆောင်နိုင်ခဲ့တာကို တွေ့ရတော့ ကျနော်တို့ အင်မတန် အားရပါတယ်။ အဲဒီတော့ သူတို့ရဲ့ လုပ်ဆောင်မှုတွေကို အပြည့်အဝ အသိမှတ်ပြုကြောင်း၊ ကျေးဇူးတင်ကြောင်းလဲ တဆက်ထဲ ပြောချင်ပါတယ်။"

ကျောင်းသားခေါင်းဆောင် ကိုကိုကြီးမှ ယခုလို ပြန်လွှတ်လိုက်၊ တချိန်ကျ ပြန်ဖမ်းလိုက်ဆိုသည့် အဆိုး သံသရာ အဆုံးသတ်သင့်ပြီဟု ယခုလို ဆိုပါသည်။

"အဓိကက ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေ ဖမ်းတယ်၊ လွှတ်တယ် ဆိုတာဟာ (၁၈) နှစ်ကျော် (၁၉) နှစ်အတွင်းမှာ ထပ်ခါတလဲလဲ ဖြစ်နေတဲ့ အဖြစ်အပျက် တခုပါ။ ဖမ်းတယ် ကန့်ကွက်လိုက်၊ လွှတ်တယ် ကြိုဆိုလိုက်ဆိုတဲ့ တဝဲလည်လည် ဖြစ်နေတာထက်စာရင် နိုင်ငံရေးအရ အနှစ်သာရရှိတဲ့၊ အဓိပ္ပါယ်ပြည့်ဝတဲ့ ပြောင်းလဲ တိုးတက်မှုမျိုး၊ တွေ့ဆုံဆွေးနွေးမှုမျိုး ဖြစ်ပေါ်သလား၊ မဖြစ်ပေါ်ဘူးလား ဆိုတာတာဟာ တကယ့် ပျော့ပြောင်းသလား၊ ပြုပြင်ပြောင်းလဲမှု ဦးတည်နေပြီလားဆိုတာကို တိုင်းတာတဲ့ အဓိက ပေတံပါပဲလို့ အဲဒါ ပြောချင်ပါတယ်။ ဖမ်းလိုက်လွှတ်လိုက်ဆိုတဲ့ အဆိုးသံသရာကို ရပ်ပြီးတော့ ကျနော်တို့ကို ပြန်လွှတ်ပေးသလိုမျိုး နိုင်ငံရေးအရ အရေးပါတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးခွန်ထွန်းဦး၊ စတဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ အခြား နိုင်ငံရေး အကျဉ်းသား အားလုံးကိုပါ အမြန်ဆုံး ပြန်လွှတ်ပေးဖို့ကိုလဲ ကျနော်တို့က အလေးအနက် မေတ္တာရပ်ခံ လိုပါတယ်။"

ကျောင်းသားခေါင်းဆောင်များ ယခုလို ပြန်လည် လွတ်မြောက်လာသည့်နေ့တွင် အရာရာ ခါးစည်းခံနေရ သည့် ပြည်သူများကိုရော ဘယ်လို တိုက်တွန်းအကြံပေးချင်သလဲ ရှိမလဲလို့ မေးကြည့်ရာတွင် (၈) လေးလုံး ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်မှ ယခုလို ပြောပြသွားခဲ့ပါသည်။

"ပြည်သူတွေ တကယ်ခံစားရတဲ့ လက်ငင်းဒုက္ခအဝဝ မပြေလည်မှုတွေ အားလုံးကို ပြသနိုင်ဖို့ လိုပါတယ်။ အဲဒီအပေါ်မှာ ကျနော်တို့ အင်ပြည့်အားပြည့် ပူးပေါင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ သဘောထားတွေ၊ ဆန္ဒတွေ၊ ခံစားမှုတွေကို ရင်ဖွင့်တဲ့ကိစ္စမှာ ကျနော်တို့နဲ့အတူ ဆက်ပြီးတော့ ပူးပေါင်းပါဝင်ဖို့ ပြည်သူလူထုကိုလဲ ဖိတ်ခေါ်ချင်တယ်။ အဲဒီ လူမှုဒုက္ခတွေက လွန်မြောက်ဖို့အရေး တိုင်းပြည်ရဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့အတွက် ကျနော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်ပြီးတော့ အလုပ်လုပ်သွားမယ် ဆိုတာကို ပြည်သူလူထုကို ခိုင်ခိုင်မာမာ ကတိပေးချင်ပါတယ်။"

မင်းကိုနိုင်၏ တိုက်တွန်းစကားနှင့် ကတိစကားပါ။ ယနေ့ ပြန်လွှတ်လာသည့်အထဲမှ ကိုပြုံးချိုဆိုလျှင် ညီဖြစ်သူ သက်ဝင်းအောင်၏ ဈာပန အခမ်းအနားနှင့် ရက်လည်ဆွမ်းသွတ်ပွဲကိုတောင် တက်ရောက်ခွင့် မရခဲ့ခြင်း မှတ်မိကြဦးမှာပါ။ ယခု ၄င်းကိစ္စနှင့်ပတ်သက်ပြီး ကိုပြုံးချိုကို မေးကြည့်ပါမည်။

"ကျနော်ညီ ဆုံးတဲ့ကိစ္စကို ကျနော် တလကြာမှာ သိရပါတယ်။ သိရတဲ့ အကြောင်းအရင်းကလဲ တနေ့ ကျနော့်ကို ဖတ်ဖို့ပေးတဲ့ ဂျာနယ်တစောင်ထဲမှာ သတင်းစာရှင်းလင်းပွဲနဲ့ ပတ်သက်ပြီး ပါလာတာကို အကြောင်း

အရာကို သိလိုက်ရတော့မှ ကျနော် အဲဒီနေ့ သတင်းစာ ရှင်းလင်းပွဲနဲ့ ပတ်သက်တဲ့ သတင်းစာကို တောင်းဖတ်ပါတယ်။ သူတို့ ပေးဖတ်ပါတယ်။ အဲဒီတော့မှ ကျနော့်ညီရဲ့ အခြေအနေကို သိရပါတယ်။"

ဒီဗွီဘီ ။ ။ သိရသလောက် ကိုပြုံးချိုတို့ကို လူကြီးတွေက တွေ့ချင်လို့ဆိုပြီး ခေါ်သွားတာပါ။ ဖမ်းသွားတာ မဟုတ်ပါဘူး။ ဒီ အခြေအနေမှာ ညီဖြစ်သူရဲ့ နောက်ဆုံးခရီး လိုက်ပို့ခွင့် မရခဲ့တဲ့အပေါ် အဲဒီအချိန်က ဘယ်လို ဖြစ်မိခဲ့ပါသလဲ။

"ကျနော့်ကို အိမ်ကနေ မိဘတွေဆီမှာ လာခေါ်သွားတဲ့အခါ လူကြီးတွေနဲ့ တွေ့ဆုံဖို့ဆိုလို့ ကျနော် ယုံယုံကြည်ကြည်နဲ့ လိုက်သွားခဲ့ပါတယ်။ ဟိုကိုရောက်တဲ့အခါမှာ ကျနော်တို့ကို သဘောထားတွေနဲ့ ပတ်သက်ပြီး မေးမြန်းတာတွေ ရှိတယ်။ သို့သော် ကျနော့်ညီနဲ့ ပတ်သက်တဲ့ အကြောင်းအရာကိုတော့ ကျနော့်ကို ထုတ်ပြောခြင်း မရှိပါဘူး။ အဲဒီ အချိန်ကာလမှာလဲ နောက်ပိုင်းမှာ ကျနော် ပြန်သိရတာက ကျနော့် မိသားစုက ကျနော့်ညီစျာပနနဲ့ ပတ်သက်ပြီးတော့ ကျနော် ပါဝင်တက်ရောက်နိုင်ဖို့အတွက် မိသားစုက ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမဲ့ ကျနော် ကျနော့်ညီရဲ့ နောက်ဆုံးခရီးကို ပါဝင်ဆင်နွှဲဖို့ အခွင့်အလမ်း မရရှိခဲ့ပါဘူး။ အဲဒီအတွက် ကျနော် အများကြီး ကြေကွဲပါတယ်။ အဲဒီအတွက်လဲ သက်ဆိုင်တဲ့လူတွေကို ကျနော် ပြောခဲ့ပါတယ်။ အများကြီး ကျနော့်ညီနဲ့ ပတ်သက်ပြီး ထိခိုက်တယ်ဆိုတာကို ပြောခဲ့ပါတယ်။"

မန္တလေးထောင်ထဲတွင် သေဆုံးခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား သက်ဝင်းအောင်၏အကို ကိုပြုံးချိုနှင့် မေးမြန်းခဲ့ခြင်းပါ။ တဆက်တည်းပင် ကိုပြုံးချို၊ ကိုသက်ဝင်းအောင်တို့၏ မိဘ (၂) ပါးကို ဆက်သွယ် မေးဖြစ်ခဲ့ပါသေးသည်။

"လွတ်လာတာကိုတော့ အများကြီး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ သားငယ် ဆုံးပါးသွားတာကိုတော့ စိတ်ထဲမှာတော့ ဘယ်လိုမှ ဖြေလို့ မရဘူးပေါ့။"

"ဘာကို ပြောရမှန်း မသိဘူး။ လူကို နလန်မထူနိုင်အောင်တော့ ဖြစ်သွားတာပေါ့။ ဒါပေမဲ့ အခုတော့ နည်းနည်းတော့ သက်သာရာ ရသွားပါပြီ။"

"သားကြီးနဲ့ ယှဉ်ပြီးပြောရရင်တော့ ဒါမျိုးတွေက မဖြစ်သင့်တော့ဘူး ထင်ပါတယ်။ ကျန်တဲ့ မိသားစုကိုလဲ ကိုယ်ချင်းစာမိပါတယ်။ နှစ်ရှည်လများ သောကမီး တောက်လောင်နေတာကတော့ မလိုလားအပ်တော့ဘူးလို့ ကျနော် ထင်ပါတယ်။"

ကိုပြုံးချိုရဲ့ မိဘ (၂) ပါးရဲ့ ခံစားချက်ဖြစ်ပါသည်။

အစသို့

## (၈၈) ကျောင်းသားများနှင့် အဖွဲ့ချုပ် တိုက်ခိုက်သောစာရွက်များ ပျံ့နှံ့

*၁၂ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

Letter Campaign သို့မဟုတ် ဆုကြေးငွေမျှော်ကိုးသော လိမ်လည်မှုကြီးဆိုသည့် စာရွက်ထုတ် တထုတ်ကို မန္တလေးတိုင်း အဖွဲ့ချုပ်စည်းရုံးရေးအဖွဲ့ဝင် ဒေါ်ဝင်းမြမြ၏ နေအိမ်ရှေ့တွင် မနေ့မနက်အစောပိုင်းက လာချသွားကြောင်း ဒေါ်ဝင်းမြမြ၏ ပြောပြချက်အရ သိရပါသည်။ ၎င်းစာထဲတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှုများ လုပ်ဆောင်နေသည့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမြအေးနှင့် ကိုဂျင်မီတို့ကို နာမည်တပ်ပြီး အပုတ်ချ ရေးသားထားကြောင်း သိရပါသည်။ အစ္စလာမ်ဘာသာဝင် တဦးဖြစ်သည့် မြအေးနှင့် ဘာသာတရား မရှိသည့် လက်ဝဲယိမ်း ဂျင်မီတို့သည် နိုင်ငံခြားကပေးမည့် ဒေါ်လာဆုကြေးငွေကို မျှော်ကိုးပြီး ရွှေတိဂုံဘုရားပေါ်တက် ဆုတောင်းပွဲများ လုပ်ဆောင်နေသြည်ဟု စွပ်စွဲထားကြောင်း ဒေါ်ဝင်းမြမြမှ ဒီဗွီဘီကို ပြောပြပါသည်။ ဒ့ါအပြင် အခုနောက်ဆုံး လုပ်ဆောင် နေသည့် Letter Campaign ခေါ် ရင်ဖွင့်သံ အစီအစဉ်သည် လည်း ပြည်ပမီဒီယာတွေနှင့်ပေါင်းပြီး နိုင်ငံတကာကို လိမ်လည်လှည့်ဖျားသည့် လုပ်ဆောင်ချက် ဖြစ်သည်ဟု ဆိုပါ သည်။ စာ၏အောက်ဆုံးတွင် တကယ်ပြည်သူများ၏ ဆန္ဒအစစ်အမှန်ကို သိချင်ရင် ကိုယ်တိုင်လာပြီး မေးကြည့်ကြပါဆိုသည့် စာကြောင်းနဲ့အတူ ပွင့်လင်းဝံသာနု NLD ဆိုသူက လက်မှတ်ရေးထိုးထားသည်ဟုလည်း ရေးထားကြောင်းကို သိရပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ စွပ်စွဲခံရသည့် ကိုဂျင်မီကို ဆက်သွယ် မေးမြန်းတဲ့အခါ တဘက်သတ် အပုတ်ချသူများအပေါ် မေတ္တာတရားနှင့်သာ တုန့်ပြန်မည့်အကြောင်း ယခုလို ဆိုပါသည်။

"ဒီလို ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ်တဲ့ကိစ္စတွေ၊ နောက် လူတယောက်ကို အဲဒီလို မကောင်းတဲ့ အမြင်နဲ့ မှိုချိုးမျှစ်ချိုးပြောတဲ့ ကိစ္စတွေက အစဉ်အဆက်ကတည်းက လုပ်ခဲ့တဲ့ ကိစ္စတွေပဲ။ အဲဒါက လုပ်ထုံးလုပ်နည်း အဟောင်းကြီးတွေ။ အဲဒီတော့ လူတယောက်ကို အဲဒီလို ဒေါ်အောင်ဆန်းစုကြည်ကိုလဲ လုပ်တာပဲ။

ကိုမင်းကိုနိုင်ကိုလဲ လုပ်တာပဲ။ နည်းမျိုးစုံ လုပ်တာပဲ။ ဘယ်ခေတ် ဘယ်အခါမှာမဆို ဒီဥစ္စာက အာဏာကို လက်ကိုင်ထားချင်တဲ့ လူတွေရဲ့၊ ဒါမှမဟုတ် အဲဒီရဲ့ လက်ကိုင်တုတ်တွေရဲ့ လူတစုက အမြဲတမ်း သူက ပြည်သူ့ရဲ့ ရှေ့ကနေ မားမားမတ်မတ် ဆောင်ရွက်လာပြီ ဆိုတဲ့လူတွေကို ဒါမျိုး လုပ်လေ့လုပ်ထရှိတာက သိပ်မဆန်းပါဘူး။ အဲဒီတော့ အခုပြောတဲ့အချက်တွေလဲ အကုန်လုံး မှားယွင်းတဲ့ အချက်တွေချည်းပါပဲ။ ကျနော်က လက်ဝဲလား၊ လက်ယာလားဆိုတာ ကိုယ်ကျကိုယ်ကျနော်တောင်ဘာမှ သေသေချာချာ မသိပါဘူး။ ဒါပေမဲ့ သေချာတာတခုကတော့ ကျနော် အာမခံပါတယ်။ ကျနော်က ငယ်ငယ်ကတည်းက ဘာသာရေးနဲ့ ကြီးပြင်းလာတာလေ။ အဲဒီတော့ ဗုဒ္ဓ ကျနော်က ကြီးပြင်းလာတာ။ ကျနော်က မေတ္တာတရားကို တကယ် သက်ဝင်ယုံကြည်တယ်။ ကျင့်လဲ ကျင့်ကြံတယ်။ အခုပြောတဲ့သူတွေကိုလဲ ကျနော်က မေတ္တာနဲ့ပဲ ကျနော် တုန့်ပြန်ပါတယ်။ သူတို့ ပြောပါစေ။ တချိန်မှာ ဘယ်သူက ဘယ်လိုလဲ ဆိုတာကို ခွဲခွဲခြားခြား သိမြင်သွားပါလိမ့်မယ်။ အဲဒီအတွက် ကျနော်အပြစ်လဲ မယူပါဘူး။ သူတို့ကလဲ သူတို့ အခုလို လုပ်နေရတာဟာ သူတို့ရဲ ပုဂ္ဂလိက အကျိုးစီးပွား ရှိမယ်ထင်လို့ လုပ်နေရတာပါ။ အဲဒီအတွက် ကျနော် ဘာမှ မေတ္တာမပျက်ပါဘူး။”

(၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီ ဖြစ်ပါသည်။ အခြား စွပ်စွဲခံရသူတဦး ဖြစ်တဲ့ ကိုမြအေးကို ကြိုးစားဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ် မရခဲ့ပါ။ ထို့အပြင် ဒေါက်တာစိုးလင်း ဦးဆောင်သည့် ဝံသာနု NLD အဖွဲ့သည် ယခုလ (၃) ရက်နေ့တွင် ရန်ကုန်မှ မဂ္ဂဇင်းအယ်ဒီတာတချို့ကို ဖိတ်ကြားပြီး မန္တလေးမြို့တွင် NLD နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ တခုပြုလုပ်ခဲ့ကြောင်းသိရပါသည်။ ၄င်းနောက် ဒီကနေ့ထုတ် လျှပ်တပြက်ဂျာနယ်တွင် ဒေါက်တာစိုးလင်း၏ ပြောဆိုချက်ဆိုသည့် ခေါင်းစဉ်နှင့် မန္တလေးတိုင်း စည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို တိုက်ခိုက် ရေးသားထားကြောင်း သိရပါသည်။ ၄င်းကိစ္စနှင့်ပတ်သက်ပြီး ဒေါ်ဝင်းမြမြမှ သူ့၏ အမြင်ကို ယခုလို ပြောပါသည်။

“အခုလုပ်တဲ့သူတွေက ဘယ်လိုပြောလဲဆိုလိုက်တော့ ဝံသာနုအမည်ကနေပေါ့နော် သူတို့ကကျတော့ ဒါဟာ သူတို့ ထမင်းစားဖို့အရေးပဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကို တိုက်ခိုက်မယ်။ (၈၈) ကျောင်းသားကို တိုက်ခိုက်မယ်။ ဒါကို အာဏာပိုင်အဖွဲ့အစည်းက သူတို့ကို သဘောကျမယ်။ မျက်နှာသာ ပေးမယ်။ ဒီလို မျှော်လင့်ချက်နဲ့ သူတို့ ဒီ အလုပ်တွေ ပေးမယ်။ သူတို့ရဲ့ စားရေးသောက်ရေးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တိုက်ခိုက်တယ်။ (၈၈) မျိုးဆက်ကျောင်းသားတွေကို တိုက်ခိုက်တဲ့အလုပ်သည် ဒီပုဂ္ဂိုလ်များအတွက် စားရေးသောက်ရေး၊ စားဝတ်နေရေးအတွက် လုပ်တဲ့အလုပ်ပဲ။ ဒါပဲ။ ကျမတို့ကတော့ ဒါတွေနဲ့ ပတ်သက်ပြီး ဘာမှ ပြန်ပြီးတော့မှ တုန့်ပြန်စရာအကြောင်း မရှိပါဘူး။ ကျမတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဆိုတာက အလုပ်တွေအများကြီး နိုင်ငံအတွက် လုပ်နေရတယ်။ မအားဘူး။ ကျမတိုက ဒေါက်တာစိုးလင်းတို့လိုလဲ ဒီလိုမျိုး အချိန်မရှိပါဘူး။ နိုင်ငံအတွက် လုပ်ဖို့အရေးပဲ ကျမတို့မှာ မအားမလပ်အောင်ကို ကျမတို့ နိုင်ငံရေး ကြိုးပမ်းဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေက အကုန်လုံး အလုပ်တွေ များနေကြပါတယ်။ ဒါကိုပဲ ကျမ ပြောချင်ပါတယ်။”

ဒေါ်ဝင်းမြမြ ဖြစ်ပါသည်။ အဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်တွေအပေါ် ပြည်သူလူထုမှ စက်ဆုပ်ရွံရှာ နေတယ်လို့လည်း ဝံသာနုအဖွဲ့မှ စွပ်စွဲထားပါသည်။ ၄င်းကိစ္စနှင့်ပတ်သက်ပြီး မန္တလေးမြို့ခံ ပြည်သူတဦးကို မေးကြည့်သည့်အခါ ယခုလို ပြောပြသွားပါသည်။

“ကျနော်တို့အမြင်ကတော့ (၈၈) မျိုးဆက်သစ် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် တို့၊ ကိုကိုကြီးတို့၊ ကိုဌေးကြွယ်တို့၊ ကိုပြုံးချိုတို့ လုပ်ရပ်တွေဟာ ပြည်သူလူထုအတွက် လုပ်နေတာပါ။ လူထု တခုတည်းအတွက်၊ လူထုကောင်းကျိုးတခုတည်းအတွက် သူတို့ လုပ်နေကြတာပါ။ အခုလို ပုတ်ခတ်စကားပြောထားတယ်၊ စာတွေလာချထားတယ် ဆိုတာကတော့ မကောင်းဘူးပေါ့။ ပြည်သူလူထု ခံစားနေရတဲ့ ဒုက္ခက ပြောမယ်ဆိုရင် တထောင်တည ပုံပြင်လိုပဲ။ ဒုက္ခပေါင်းစုံက အကုန်ခံစားနေကြရတာ။ တတိုင်းတပြည်လုံးက၊ ပြည်သူလူထု အားလုံးက ခံစားနေရတဲ့ဟာကို ကိုမြအေးတို့ ကျောင်းသား ခေါင်းဆောင်တွေက နေပြီးတော့ အခု Letter Campaign တွေလုပ်တယ်။ ဒါဟာ ကျနော်တို့ ပြည်သူလူထုရဲ့ ကျောက်နေတဲ့ ရင်တွင်းစိတ်တွေကို သူတို့ ဖျောက်ပေးတာပါပဲ။ ပြည်သူလူထု ဒီနေ့ ခံစားနေရတဲ့၊ မြန်မာနိုင်ငံမှာ ခံစားနေရတဲ့ ဒုက္ခအဝဝကို ကွက်ကွက်ကွင်းကွင်း မြင်အောင်လို့ ဖော်ဆောင်ပေးလိုက်တာပဲလို့ ကျနော်ယူဆပါတယ်။”

မန္တလေးမြို့ခံ လူငယ်တဦး၏ ပြောပြချက်များ ဖြစ်ပါသည်။

**အစသို့**

## (၈၈) ကျောင်းသားများ၏ **Letter Campaign** လှုပ်ရှားမှု **UNA** အဖွဲ့ ထောက်ခံ

*၁၄ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

(၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဆောင်ရွက်နေသည့် လူထုရင်ဖွင့်စာ Letter Campaign ကို တိုင်းရင်းသားလူမျိုးစုများ မဟာမိတ်အဖွဲ့မှ ကြိုဆိုထောက်ခံကြောင်း ယနေ့ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်ဟုသိရပါသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း UNA အဖွဲ့ဝင် (၁၁) ပါတီ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ယနေ့ ရက်စွဲနှင့် တရားဝင် ကြေညာချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ဦးကျင်ရှင်းထန်မှ ပြောပါသည်။ လူထုရင်ဖွင့်စာ လှုပ်ရှားမှုကို ကြိုဆိုထောက်ခံရသည့် ကိစ္စနှင့်ပတ်သက်ပြီး ကြေညာချက်တွင် ရေးသားဖော်ပြထားချက်များကို ဦးကျင်ရှင်းထန်မှ ယခုလို ပြောပြပါသည်။

"အဲဒါကို ကြိုဆိုတာ ဘာကြောင့်လဲဆိုတော့ အခုဒီချိန်မှာ ပြည်ထောင်စု မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ အားလုံး အဘက်ဘက်က ချွတ်ခြုံကျနေတဲ့ဟာကို ကျနော်တို့ ပြည်သူလူထုရဲ့ သဘောထား၊ လူမျိုးစု အားလုံးရဲ့ သဘောထား အင်မတန်မှ လိုအပ်နေတဲ့ အချိန်မှာ အခုလို (၈၈) မျိုးဆက် ကျောင်းသားတွေက လူတိုင်းရဲ့ ဆန္ဒကို ဖော်ထုတ်နိုင်ဖို့ ရင်ဖွင့်ပြီးတော့ အကြီးအကဲထံ အခုလို စာဝေတာဟာ မှန်ကန်တယ်ဆိုပြီးတော့ အဲဒါကို ကျနော်တို့ အဖွဲ့အနေနဲ့ ကြိုဆိုတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ ဒီအချိန်မှာ လူမျိုးစုတိုင်း၊ အဖွဲ့အစည်းတိုင်း၊ နိုင်ငံရေးပါတီတိုင်းက လူတဦးချင်းရဲ့ ဆန္ဒကို နားလည်ထား၍ တိုင်းပြည်အတွက်၊ လူမျိုးအတွက် ပြန်လည်ကောင်းဖို့ တကယ်လို့ စဉ်းစားချင်သပဆိုရင် မည်သို့ ပြည်သူတွေ ရင်ဖွင့်တဲ့အချက်တွေကို နားလည်ပြီး ပြန်ပြီးတော့ လုပ်ရင် အင်မတန်မှ ကောင်းမယ်ဆိုပြီးတော့ အဲဒါကြောင့် ကျနော်တို့က ထောက်ခံတာပါ။"

UNA အနေနှင့် ကျောင်းသားများ၏ လှုပ်ရှားမှုကို ထောက်ခံသည့်အပြင် ပြည်နယ် အားလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ပံ့ပိုးကူညီ သွားမည်ဟုလည်း ဦးကျင်ရှင်းထန်မှ ယခုလို ပြောပြသွားခဲ့ပါသည်။

"ကျနော်တို့က (၁၁) ပါတီဆိုတာ ပြည်နယ်အားလုံး ပါပါတယ်။ ပြည်နယ် အားလုံးကနေ ထောက်ခံတယ်။ အားလုံးက ထောက်ခံတယ်ဆိုတော့ ကျနော်တို့နည်း၊ ကျနော်တို့ဟန်နဲ့ ဒီဥစ္စာကို ပျံ့သွားအောင်၊ အောင်မြင်သွားအောင် ဆက်ပြီးတော့ ကူညီပံ့မယ်။"

(၈၈) မျိုးဆက် ကျောင်းသားများ၏ လူထုရင်ဖွင့်စာ လှုပ်ရှားမှုအပေါ် UNA ၏ သဘောထားနှင့် ပတ်သက်ပြီး အဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးကျင်ရှင်းထန်၏ ဖပြောပြချက်များ ဖြစ်ပါသည်။

**အစသို့**

## ရွှေတိဂုံဘုရားတက် ဆုတောင်းသူများ အကြမ်းဖက် ရိုက်နှက်ခံရ

*၁၆ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး အတွက် အင်္ဂါနေ့တိုင်း ရွှေတိဂုံဘုရားတက် ဆုတောင်းဝတ်ပြုသူများအား ကြံ့ဖွံ့နှင့် ဘုရားတာန်ကျ ရဲများမှ အကြမ်းဖက် ရိုက်နှက်မှုများ လုပ်ခဲ့ကြောင်း ကိုယ်တိုင် ခံခဲ့ရသူများထဲမှ တဦးက ယခုလို ပြောပါသည်။

"ကျနော် မတ်တပ်ရပ်နေတဲ့အချိန်မှာ လူ (၃) ယောက်လာပြီးတော့ (၂) ယောက်က ကျနော့်ပခုံးကို ကိုင်ထားတယ်။ မင်းတို့ ဒီမှာ မနေနဲ့တဲ့။ ပြန်တော့ပေါ့နော်။ ကျနော်က ပြန်ဖို့လာတာ မဟုတ်ဘူး။ ဘုရား လာ ရှိခိုးတာ။ မင်းသေလိမ့်မယ် ဆိုပြီးတော့ ကျနော့်ကို ပါးဖြတ်ရိုက်တယ်။ နားထင်ပေါ့နော်။ အခုဆိုရင် ကျနော့်နားက လုံးဝ ပူနေတာ။"

ကြံ့ဖွံ့များ၏ ရိုက်နှက်မှုခံခဲ့ရသည့် ကိုသန်းဇော်မြင့်ပါ။ ဘုရားတက် ဆုတောင်းအဖွဲ့ကို အကြမ်းဖက် ရိုက်နှက်ဖို့အတွက် အာဏာပိုင်များမှ စနစ်တကျ ပြင်ဆင်ထားပုံ ရှိသည်ဟု ဝတ်ပြုဆုတောင်းအဖွဲ့ဝင် ကိုထွန်းထွန်း မှ ယခုလို ပြောပါသည်။

"ကြံ့ဖွံ့နဲ့ အကြမ်းဖက်မဲ့ပုဂ္ဂိုလ်တွေ (၂၀၀) နီးပါးလောက်တော့ ရှိတာပဲ။ အဲဒီ စရဖတို့ SD တို့ ဘုရား ရဲတွေ အကုန်လုံးက ဘုရားဝင်းထဲကို ပြန်ခေါ်လိုက်တယ်။ အဲဒီလူတွေက အံ့လိုက် ပြန်ထွက်လာပြီးတော့၊ ဟော့ကောင်တွေ မင်းတို့လူတွေ မထိဘူး၊ မင်းတို့ ထွက်သွား ဆိုပြီးတော့ တွန်းထိုးပြီးတော့ ကျနော်တို့ကို မောင်းထုတ်တဲ့အဆင့် ရောက်လာတယ်။"

ယခုလို ဘုရားတက် ဝတ်ပြုသူများကို အကြမ်းဖက်သည့်အပေါ် ဘုရားတာဝန်ကျ လုံခြုံရေးရဲမှူး ဦးမောင်မောင်ကို ဆက်သွယ် မေးကြည့်ရာတွင် အကြမ်းဖက်ခြင်းများ မရှိသလို သူဘာမှ မသိကြောင်း ယခုလို ငြင်းပါတယ်။

"ကျနော် ဘာမှ မသိပါဘူး။ မရှိပါဘူး။ ကျနော်တို့ကတော့ ပုံမှန်ပါပဲ။ ဒီမှာ လုပ်ငန်း ဆောင်ရွက်တာပဲ ရှိပါတယ်။ တခြားတော့ ဘာမှ ကျနော် မကြားမိပါဘူး။"

တာဝန်ကျ ရဲမှူးမှ ငြင်းဆိုသွားသော်လည်း မျက်မြင်သက်သေ ဘုရားဖူး ပြည်သူတဦးမှ ယခုလို သူမြင်ခဲ့ရခြင်းကို ပြောပြပါသည်။

"ရွှေတိဂုံဘုရားမှာ အရှေ့ဘက်မုခ်ကို သွားတော့ ဝင်ခွင့်မပေးဘူး။ ဝင်ခွင့်မပေးတော့ အဲဒီမှာ ကြံ့ဖွံ့အဖွဲ့က တခါတည်း အဲဒီမှာ အုပ်စုအလိုက် အကုန်တွန်းချတာ။ တွန်းချပြီးတော့ ရွှေတိဂုံဘုရား ဘာလို့ လာတက်ရတာလဲ ဆိုပြီးတော့ ပါးရိုက်ပစ်လိုက်တယ်။ ဘာဖြစ်လို့ ရိုက်တာလဲလို့ ကျမက အရင်မေးတယ်။ အထဲမှာ ကြံ့ဖွံ့အဖွဲ့တွေက အော်ကျယ်ဟစ်ကျယ်နဲ့ လူက တော်တော်များတယ်။ SD အဖွဲ့တွေလဲရှိတယ်။ ဗဟန်းမြို့နဲ့ဆိုင်တဲ့ အရာရှိတွေလဲ အများကြီးရှိတယ်။ သူတို့မှာလဲ အကုန်လုံး Hand Phone တွေနဲ့။ ပြောနေကြ ဆိုနေကြတယ်။ အဲဒီတော့ ကျမက အဲဒီလို ပြောတယ်။ သူတို့ အေးအေးချမ်းချမ်း ဘုရားဖူးလာတယ်လို့။ ဒီအထဲမှာ၊ ဘုရားထဲမှာ ရှိတဲ့လူတွေက ဆူပူနေကြတဲ့အခါ ဒီဆူပူတဲ့လူကို အရေးမယူဘူး။ အေးအေးချမ်းချမ်းနဲ့ ဘုရားဖူးလာတဲ့ (၁၀) ဦးကိုတော့ ဒီလို တွန်းချတယ်ဆိုတာ မရိုင်းဘူးလား။"

ယနေ့ ရွှေတိဂုံဘုရားပေါ်တွင် ကြံ့ဖွံ့ဦးဆောင်သည့် အဖွဲ့များမှ အင်္ဂါနေ့ ဆုတောင်း ဝတ်ပြုအဖွဲ့ကို အကြမ်းဖက်ခဲ့သည့်အပေါ် မျက်မြင်သက်သေ ဘုရားဖူး ပြည်သူတဦး ပြောပြ သွားခြင်းပါ။

"ဒီနေ့မနက် ရန်ကုန်တိုင်းကကောင်တွေ အကုန်လုံး Walk Talking တွေနဲ့ အင်္ဂါနေ့ ရွှေတိဂုံဘုရား ကန်တော့လေ။ အရှေ့ဘက်မုခ်မှာ ကြံ့ဖွံ့ (၁၀) ယောက်က တားတယ်။ တကောင်က ထပြီးတော့ လက်သီး လက်မောင်းတန်းပြီးတော့ အော်သေးတယ်။ NLD အလိုမရှိဆိုတာ နောက်က သူ့လူ (၉) ယောက်က ဘယ်သူမှ လိုက်မအော်ဘူး။ အဲဒီကောင်က သူ့ဟာသူတောင် ကြောင်အန်းအန်း ဖြစ်သွားတယ်။ နောက်မှ သူ့လူတွေကို ခေါ်ပြီးတော့ အော်ခိုင်းရသေးတယ်။ စည်းရုံးပြီးတော့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ အော်ရမယ်ဆိုတော့ နောက်က ကောင်တွေလဲ စိတ်မပါတပါနဲ့ လိုက်အော်တယ်။ တော်တော် ရုပ်ပျက်ဆင်းပျက်ကြီး။"

ထို့အပြင် အခြေအနေ တင်းမာသလို ဖြစ်နေသည့် နှစ်ဖွဲ့ကြားတွင် သံဃာတော်များမှ ကြားဝင် ဖြေရှင်း ပေးခဲ့ခြင်းကို တွေ့ခဲ့ရသည့်အကြောင်း ၄င်းမှ ဆက်ပြောပါသည်။

"ဘုန်းကြီးတွေကလဲ မင်းတို့ ပြန်တော့ပြန်တော့ဆိုပြီး ကြားထဲက သံဃာတွေ ဝင်ရှင်းပေးတယ်။ ဘုရားဖူးအဖွဲ့တွေကလဲ ထုံးစံအတိုင်းပေ့ါ။ အပေါ်မတက်ရလဲ အောက်မှာ ထိုင်ဝတ်ပြုပြီးတော့ သူတို့ဟာသူတို့ အေးအေးဆေးဆေး ပြန်သွားတယ်။"

အင်္ဂါနေ့ ဝတ်ပြုဆုတောင်းရာတွင် ဦးဆောင်ပါဝင်သည့် နော်အုန်းလှက ယခုလို အကြမ်းဖက်ခံခဲ့ရသည့် အပေါ် ဥပဒေကြောင်းအရ ဆက်လက် ရင်ဆိုင်သွားမည်ဖြစ်သလို လာမည့် အင်္ဂါနေ့တွင်လည်း ဆက်လက် ဝတ်ပြု ဆုတောင်းသွားမယ်လို့ ဒီဗွီဘီကို ပြောပြသွားပါသည်။

**အစသို့**

## ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရန် အီးယူ တောင်းဆို

*၁၈ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်ပေးရန် ဥရောပသမဂ္ဂ အီးယူမှ အခုလ (၁၅) ရက်နေ့စွဲနှင့် သတင်းထုတ်ပြန် တောင်းဆိုထား ပါသည်။ မင်းကိုနိုင် အပါအဝင် (၈၈) မျိုးဆက်ကျောင်းသား ခေါင်းဆောင် (၅) ဦး ပြန်လွှတ်လာသည့်အပေါ် အီးယူ အနေနှင့် ကြိုဆိုပါကြောင်းလည်း ၄င်းကြေညာချက်တွင် ဖော်ပြ ထားပါသည်။ ထို့အပြင် လွတ်လပ်ရေးနေ့အကြိုက နိုင်ငံရေးအကျဉ်းသား (၅၀) နီးပါး ပြန်လွှတ် ပေးခဲ့ခြင်းကိုလည်း အီးယူအနေနှင့် အကောင်းဘက်မှ ရှုမြင်ပါကြောင်းလဲ ၄င်း ကြေညာချက်တွင် ဖော်ပြ ထားပါသည်။ သို့သော်လည်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ အတွက် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှုများ အကောင်အထည်ဖော်ရန် စစ်အစိုးရကို တိုက်တွန်း လိုပါကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားပါသည်။ နိုင်ငံရေး အကျဉ်းသားများ အထူးသဖြင့် အသက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေး မကောင်းသူများကို အမြန်ပြန်လွှတ်ပေးရန် ထပ်မံ တောင်းဆိုလိုပါကြောင်းလည်း ဥရောပသမဂ္ဂ အီးယူ ကြေညာချက်ထဲတွင် ဖော်ပြထား ပါသည်။

**အစသို့**

## ပြည်ထောင်၌ ဒေါက်တာသန်းငြိမ်း ပုဒ်မ (၁၀/က) နှင့် ထောင်တနှစ် ထပ်တိုး

*၁၈ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ယခုလို အီးယူအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပြန်လွှတ်ပေးရန် ဖိအားပေး တောင်းဆိုနေချိန်တွင်ပင် ဒေါက်တာသန်းငြိမ်းကို ယနေ့ ပုဒ်မ (၁၀/က) နှင့် နောက်ထပ် ထောင်တနှစ် ထပ်တိုးလိုက်သည်ဟု သိရပါသည်။ ပြီးခဲ့သည့် (၂၀၀၄) ခုနှစ်ကတည်းက လွတ်ရက် စေ့နေပြီဖြစ်သည့် ဒေါက်တာသန်းငြိမ်းကို အာဏာပိုင်များမှ ပြန်လွှတ်ပေးမည်ဟု လို့ပြောပြီးမှ ပြန်လွှတ်မပေးဘဲ ယခုလို (၁) နှစ် ထပ်တိုးလိုက်ခြင်း လို့သိရပါသည်။ ၎င်းအကြောင်း ပိုမိုသိနိုင်ရန် ယနေ့ပင် ထောင်ဝင်စာတွေ့ ပြန်လာသည့် ဇနီးသည် ဒေါ်ခင်အေးအား ဆက်သွယ်မေးမြန်း ထားပါသည်။ ပထဆုံး ဒေါက်တာသန်းငြိမ်း ထောင်သက်တမ်း ထပ်တိုးခံရသည့်အကြောင်း ယခုလို စပြောပြပါသည်။

"(၁၆) ရက်နေ့ မနက်က လာပြီးတော့ အခု ထောက်လှမ်းရေးအဖွဲ့ စသုံးလုံးပေါ့။ လာပြီးတော့ (၁၇) ရက်နေ့ကို အန်ကယ့်ကို လွှတ်ပေးမယ်ဆိုပြီး လာပြောတယ်။ အဲဒါ (၁၆) ရက်နေ့နော်။ (၁၇) ရက်နေ့ မနက်ကြတော့ တခါလာတယ်။ လာပြီးတော့ သူတို့ မနေ့က ပြောခဲ့တဲ့ ကိစ္စကို Cancel လုပ်ပါတယ်တဲ့။ (၁၈) ရက်နေ့ မနက်မှာ ထပ်ပြီး အသိပေးပါမယ်လို့ ပြောပါတယ်။ ဒီနေ့မနက်ကြတော့ (၉) နာရီလောက်လာတယ်။ အန်တီက အရှေ့မှာ စောင့်နေတယ်။ နောက်ထပ် (၁) နှစ် ထပ်တိုး ပါတယ်လို့ လာပြောပါတယ်။"

ဒီဗွီဘီ ။ ။ ပြန်လွှတ်ပေးမယ်လို့ ပြောပြီးမှ အခုလို (၁) နှစ် ထပ်တိုးလိုက်တဲ့ အပေါ် ဒေါက်တာသန်းငြိမ်းရဲ့ သဘောထား ဘယ်လို သိခဲ့ရပါလဲ။

"သူကတော့ (၁၆) ရက်နေ့ လာပြောတယ်။ (၁၇) ရက်နေ့ လွှတ်ပေးမယ်လို့ လာပြောတော့ သူ့စိတ်ထဲမှာတော့ ပျော်ရွှင်မှုလေးတော့ ခဏတာတော့ ခံစားရမှာပေါ့။ ဒီနေ့တော့ အန်တီက ပြောခဲ့တဲ့ အဲဒါမျိုးတွေ ပြီးခဲ့တဲ့လကတည်းက အန်တီက ပြောတာပါ။ ကောင်းတယ်ဆိုးတယ်ဆိုတာကတော့ အကောင်းဘက်ထက် အဆိုးဘက်က ပိုများနိုင်ပါတယ်။ အဲဒီတော့ ကိုယ့်စိတ်ကို ထိမ်းထားပြီး နေပါလို့ အန်တီက ပြီးခဲ့တဲ့လက ပြောခဲ့တယ်လေ။ သူကတော့ သူ့စိတ်ကို သူ ထိမ်းနိုင်တဲ့လူ ဆိုတော့လဲ သိပ်ကြီးတော့လဲ ဖြစ်မှာတော့ မဟုတ်ဘူးပေါ့။ အန်တီမြင်တာကတော့ ဦးဝင်းတင်တို့ တုန်းကလို အပေါက်ဝ ခေါ်လာပြီးမှ ပြန်ပို့တာလိုမျိုး လုပ်တယ်လို့ ထင်တာပဲလေ။"

ဒီဗွီဘီ ။ ။ ဒေါက်တာသန်းငြိမ်းရဲ့ ကျန်းမာရေးကရော ဘယ်လို မြင်တွေ့ခဲ့ရပါလဲ။

"ကျန်းမာရေး အခြေအနေကတော့ သူကတော့ တော်တော်လေး သတိထားပြီး စားတယ်လေ။ အနေအထိုင်လဲ တော်တော်လေး သတိထားတယ်ဆိုတော့ အခုတော့ မလဲသေးဘူး။ ဒီလောက်ကတော့။ နောက်သူက (၂) နှစ်နီးပါးရှိပြီလေ ဆရာဝန်ကြီးတွေနဲ့ မတွေ့ရတာ။ အခု သူစားနေတဲ့ ဆေးတွေက တချို့လဲ (၃) နှစ်၊ တချို့လဲ (၄) နှစ်၊ အဲဒါမျိုးတွေ ဖြစ်နေပြီးတော့ အဲဒီဆေးတွေက ဘယ်လို လုပ်ပြီးတော့ လိုတိုးပိုလျော့ပေါ့။ ဘယ်လိုလုပ်ပြီး စားရမလဲဆိုတာ အန်တီကို ဆရာဝန်ကြီးတွေနဲ့ တွေ့ပြီးတော့ မေးခိုင်းထားတယ်။ အန်တီက ဒီက ဆရာဝန်ကြီးတွေနဲ့ တွေ့ပြီးတော့ တဆင့် မေးခဲ့ရမှာပေါ့ ဆရာဝန်ကြီးတွေကို "

ဒီဗွီဘီ ။ ။ ဒေါက်တာသန်းငြိမ်းကို ပြန်လွှတ်မပေးဘဲ အခုလို ထောင် သက်တမ်း ထပ်ထပ်တိုးပြီး ဆက်ချုပ်ထားတဲ့အပေါ် အန်တီဒေါ်ခင်အေး ဘယ်လို သုံးသပ်ပါလဲ။

"အန်တီကတော့ အစကတည်းက (၉၇) ခုနှစ်မှာ ခေါ်သွားတာကလဲ အပြစ်မရှိဘဲနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူတယောက်ကို ထောင်ထဲမှာ ထည့်ထားချင်လို့ ခေါ်သွားပြီးတော့ ထောင်ချတာပဲလို့ အန်တီက မြင်ထားတယ်။ အန်ကယ့်မှာ ဘာအပြစ်မှ မရှိဘူးလို့ အန်တီသိတယ်လေ။ အခု တခါထပ်ပြီးတော့ Exaction တိုးတိုးနေတာ အခုဆို (၆) ခါရှိပြီ။ ရက် (၆၀) က (၃) ခါ၊ (၁) နှစ်က (၃) ခါ။ (၆) ခါ တိုးလိုက်တာပဲ။ အဲဒီ (၆) ခါမှာ ဆရာဝန်ကြီးတွေနဲ့၊ သက်ဆိုင်ရာတွေနဲ့ မပြပေးဘူး၊ ဒီအတိုင်းပဲ ထည့်ထားတယ် ဆိုတော့ ပိုပြီးတော့ မတရားဘူးလို့ အန်တီကတော့ ထင်တယ်လေ။"

ကျောက်တန်းမြို့နယ်အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းအယဒ အာဏာပိုင်များ (၁၀/က) နှင့် ထောက် (၁) နှစ် ထပ်တိုးလိုက်သည့် ကိစ္စနှင့်ပတ်သက်ပြီး ဇနီးသည် ဒေါ်ခင်အေးကို ဆက်သွယ်မေးမြန်းခဲခြင်း ဖြစ်ပါသည်။ ယခုလို ဒေါက်တာသန်းငြိမ်းကို ပုဒ်မ (၁၀/က) နှင့် (၆) ကြိမ်မြောက် ထောင်သက်တမ်း ထပ်တိုးလိုက်ခြင်းသည် တည်ဆဲဥပဒေနှင့် လုံးဝကိုက်ညီမှု မရှိကြောင်း အဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်းမှ ဒီဗွီဘီကို ပြောကြားသွားပါသည်။

**အစသို့**

## ရှမ်းခေါင်းဆောင်များ အမှုပြန်လည်စစ်ဆေးရန် လူ့အခွင့်အရေးအဖွဲ့မှ တောင်းဆို

*၁၉ / ဇန်နဝါရီ / ၂၀၀၇*

ခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် (၉) ဦးကို ထောင်ဒဏ် နှစ် (၁၀၀) ကျော်အထိ အပြစ်ပေးထားခြင်းသည် ဥပဒေကြောင်းအရ ခိုင်လုံမှုမရှိတဲ့အတွက် ဥပဒေနှင့်အညီ ပြန်လည် စစ်ဆေးပေးရန် ဟောင်ကောင်အခြေစိုက် အာရှလူ့အခွင့်အရေးအဖွဲ့က မနေ့မှ တောင်းဆိုလိုက်ပါသည်။ (၂၀၀၅) ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် စတင်ဖမ်းဆီးခံခဲ့ရသည့် ၄င်းခေါင်းဆောင် (၉) ဦးကို အာဏာပိုင်များဘက်မှ အဓိက စွပ်စွဲထားသည့် အချက်သည် ငြိမ်းအဖွဲ့များနှင့် ပေါင်းပြီး ရှမ်းပြည်အတိုင်ပင်ခံ ကော်မီတီ ဖွဲ့စည်းမှုဖြစ်ပြီး ၄င်းအား နိုင်ငံတော် ပုန်ကန်မှုအဖြစ် စွဲချက်တင် ထားခြင်းသည် ဥပဒေနှင့် ကိုက်ညီမှု မရှိကြောင်း အလေးပေး ထောက်ပြထားခြင်း ဖြစ်ပါသည်။ နိုင်ငံတော်ပုန်ကန်မှုဆိုသည်မှာ ရွေးကောက်ခံ အစိုးရတရပ်ကို ဖြုတ်ချရန် ကြိုးပမ်းမှသာ အမှုမြောက်မည်ဖြစ်ပြီး ယခုမြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရ မရှိသေးသည့်အတွက် ပုဒ်မ (၁၂၁/ဃ) စွဲချက် သည် ဥပဒေနှင့် မညီကြောင်း ပထမအချက်အဖြစ် ထောက်ပြထားပါသည်။ ဒုတိယအချက်အဖြစ် ထောက်ပြထားခြင်းသည် အမှုဖြစ်ပွားသည့်နေရာမှာ ရှမ်းပြည် မြောက်ပိုင်းရှိ ရှမ်းငြိမ်းများ၏ဌာနချုပ် စိန်ကျော့ ကျေးရွာတွင် ဖြစ်သော်လည်း အမှုကို စစ်ဆေးသည့် နေရာသည် အခင်းဖြစ်ပွားရာဒေသနှင့် ဝေးလံလှသည့် အင်းစိန်ထောင်အတွင်း ဖြစ်နေသည့်အတွက် ဥပဒေနှင့်မညီကြောင်း ဆိုပါသည်။ တတိယအချက် အနေနှင့် သက်သေ များကို လုံလောက်စွာ ခေါ်ယူခွင့်မရသည့်အပြင် အစိုးရသက်သေ ဆိုသူကိုလည်း ဆန့်ကျင်ဘက် မေးခွန်းမေးခွင့် မပြုကြောင်း ထောက်ပြထားပါသည်။ ထို့ကြောင့် ၄င်းအမှုသည် မြန်မာနိုင်ငံ တည်ဆဲဥပဒေအရရော၊ နိုင်ငံတကာ ဥပဒေအရပါ ကိုက်ညီမှု မရှိသည့်အတွက် တရားနည်းလမ်းနှင့်အညီ ပြန်လည်စစ်ဆေးပေးရန် တောင်းဆိုထားခြင်း ဖြစ်ပါသည်။ အာရှလူ့အခွင့်အရေးအဖွဲ့၏ ယခုလိုတောင်းဆိုချက်နှင့် ပတ်သက်ပြီး ၄င်းအမှုကို လိုက်ပါပေးနေသည့် ရှေ့နေများအား မေးကြည့်သည့်အခါ ၄င်းတို့အနေနှင့်အပြည့်အဝ ကြိုဆိုကြောင်း၊ ဥပဒေနှင့် ကိုက်ညီမှုမရှိဟုဆိုခြင်းကို ၄င်းတို့ဘက်မှ အကြိမ်ကြိမ် ထောက်ပြထားပြီး ဖြစ်သည့်အတွက် ယခု နိုင်ငံတကာပါ တောင်းဆိုလာသည့်အပေါ် အာဏာပိုင်များဖက်မှ အသေအချာ ပြန်လည်စဉ်းစား ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ရှေ့နေတဦးမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ သို့သော် အသေးစိတ် အချက်လက်များကိုမူ အခုချိန်တွင် မပြောချင်သေးကြောင်း ၄င်းမှ ငြင်းဆိုခဲ့ပါသည်။ ခွန်ထွန်းဦးတို့နှင့်အတူ ဖမ်းဆီးခံခဲ့ရပြီး တောင်ကြီးမြို့တွင် အကျယ်ချုပ် တနှစ်ကျခံရပြီး သည့်နောက် ပြန်လွတ်လာသည့် ရှမ်းဝါရင့်တိုင်းရင်းသားခေါင်းဆောင် ဦးရွှေအုန်းမှ ယခုအမှုသည် ဥပဒေကြောင်းအရ ဘာမျှ အပြစ်မရှိဘဲ နိုင်ငံရေးအရအငြိုးအတေးထားပြီး ဖမ်းဆီး ထားခြင်းသာ ဖြစ်သည်ဟု ယခုလို ဝေဖန်ခဲ့ပါသည်။

"ကျနော်တို့ အရေးယူခံရပြီးတဲ့နောက် အစိုးရက သတင်းစာ ရှင်းလင်းပွဲ လုပ်တယ်လေ။ အဲဒီမှာ သူတို့အကြောင်းပြတာက ဒီအဖွဲ့တွေက ရှမ်းပြည်နယ် ပြည်ထောင်စုကို တောင်းဆိုနေတယ်။ ရှမ်းပြည်နယ် ပြည်ထောင်စုဆိုတာ ပြည်ထောင်စုကြီးကို ပြိုကွဲစေမှာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ တိုင်းပြည် အရေးကို ထောက်ပြီးတော့။ (၆၂) ခုနှစ်က ထုံးစံအတိုင်းပေါ့။ တိုင်းပြည်ပြိုကွဲမှာစိုးလို့ အရေးယူရပါတယ် ပြောတယ်။ အဲဒီမှာ ရာဇဝတ်ကျမ်း ဘာမှမပါဘူး။ ရှမ်းပြည်နယ် ပြည်ထောင်စုပဲ ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ ဒါတွေက နိုင်ငံရေးပါ။ နိုင်ငံရေးကိစ္စမှာ ရာဇဝတ်မှု ဘာမှ မပါဘူး။ ရှမ်းပြည်နယ်ပဲ ဖြစ်ဖြစ်၊ ပြည်နယ်(၈၀) ပဲဖြစ်ဖြစ်ပေါ့။ အဲဒါကို မလုပ်ဘဲနဲ့ တရားစွဲတယ်။ တရားစွဲတဲ့ ပုဒ်မတွေ ကြည့်တဲ့အခါကြတော့ ပုဒ်မအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးနဲ့ အမှု အမျိုးမျိုးဆင်တယ်၊ ဘာခေါ်မလဲ တစိတ်ကို တအိတ်လုပ်တယ်လို့ ခေါ်မလား၊ လိုရာဆွဲတယ်လို့ ခေါ်မလား။ ဒါပြစ်မှု မဟုတ်ဘဲနဲ့ ပြစ်မှုဆိုပြီး နည်းနည်းလေးလောက် အရေးယူရမယ်ဆိုရင် အဲဒါကြီးကို ပုံကြီးချဲ့ပြီးတော့မှ အများဆုံး ချနိုင်တဲ့ ပြစ်ဒဏ်။ တခုက နှစ်ပေါင်း (၂၀) တို့၊ တခုက နှစ်ပေါင်း (၃၀) တို့၊ အဲဒါ ပေါင်းပြီးတော့အကုန် ချပစ်တာ။ နှစ်ပေါင်း (၁၀၀) တို့၊ (၈၀) တို့ အဲဒါမျိုး ဖြစ်ကုန်တာ။ အဲဒါ ကျနော် နားမလည်ဘူးလေ။"

(၂၀၀၅) ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ခွန်ထွန်းဦးတို့နှင့် တရက်တည်း ဖမ်းဆီးခဲ့ရပြီး တနှစ်ကြာ အကျယ်ချုပ် ကျခံပြီးသည့်နောက် ပြန်လည် လွတ်မြောက်လာသူ ဦးရွှေအုန်း၏ ဝေဖန်ချက် ဖြစ်ပါသည်။ နောက်ဆုံးရရှိသည့် သတင်းတွေအရ ရှမ်းမျိုးဆက်သစ်မှ ဘူးသီးတောင် အကျဉ်းထောင်ရှိ ဦးထွန်းညိုသည် ကျမ်းမာရေး အခြေအနေ အတော်ဆိုးနေပြီး ညာဘက် ခန္ဓာကိုယ် တခြမ်းလုံး လေဖြတ်ခံရသလို ဖြစ်နေသည်ဟု သိရပါသည်။ ထို့အပြင် ဘူတာအိုတောင်ရှိ ခွန်ထွန်ဦး၊ ကလေးထောင်ရှိ စိုင်းညွန့်လွင်၊ ခန္တီးထောင်ရှိ ဗိုလ်ချုပ်ဆေထင်၊ ကျောက်ဖြူထောင်ရှိ စိုင်းလှအောင်၊ ပခုက္ကူထောင်ရှိ စိုင်းညီမိုး၊ မြင်းခြံထောင်ရှိ စိုင်းမျိုးဝင်းထွန်းတို့သည်လည်း နားရောဂါ၊ မျက်စိရောဂါနှင့် ဝမ်းကိုက်ရောဂါများ ခံစားနေရသည်ဟု သိရပါသည်။ အရင်က

အကျဉ်းထောင်အတွင်း ကျမ်းမာရေးဆိုးဝါးခဲ့ဖူးသူ သံတွဲထောင်မှ ဦးမြင့်သန်း ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် အကျဉ်ထောင်တွင်း သေဆုံးခဲ့ဖူးသည့်အတွက် ခွန်ထွန်ဦးတို့ (၈) ဦး၏ ကျမ်းမာရေးအပေါ် အထူးစိုးရိမ်စရာ ဖြစ်လာနေတယ်လို့ ရှေ့နေများနှင့် ရှမ်းအဖွဲ့များမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

အစသို့

## မကွေး၌ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းအတုများ ပျံ့နှံ့

*၂၂ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

မကွေးတိုင်း မကွေးမြို့တွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံရေးအသရေဖျက် ရန်ဟု ယူဆရသည် ဒေါ်စု၏ မိန့်ခွန်း ကောက်နုတ်ချက် များ ပျံ့နှံ့နေကြောင်း သိရပါသည်။ ၄င်း မိန့်ခွန်းအတုများ လက်ခံရရှိထားသည့် မကွေးမြို့နယ် အဖွဲ့ချုပ်ဝင် ဦးမြင့်ဦးမှ ယခုလို ပြောပြပါသည်။

“ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းကောက်နုတ်ချက်များ ဆိုတဲ့ စာရွက်ပေါ့။ တကယ်တမ်း ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ မိန့်ခွန်းတွေ မဟုတ်ဘဲနဲ့ သူတို့ ထင်ရာ မြင်ရာတွေကို ရေးထားတဲ့ဟာတွေပဲ။ သိချင်ရင် ကျနော် ဖတ်ပြလို့ရတယ်။ မြန်မာနိုင်ငံမှာ နောင်အာဏာရှင်စနစ် ဘယ်တော့မှ ပြန်လည် မထွန်းကားအောင် လုပ်ဆောင်သွားမယ်ဆိုတာ ကျမတို့ တရားဝင် ကြေညာထားတဲ့ ကြေညာချက် ဖြစ်တယ်။ ဒီမိုကရေစီဆိုရင် ပါတီစုံ ဖြစ်ရတယ်။ ပါတီတခုထဲဆိုရင် ဒီမိုကရေစီ မဟုတ်တော့ဘူး။ ဒါကြောင့် NLD မှာ ပါတီတွင်း ဒီမိုကရေစီဆိုတာ ကျင့်သုံးစရာ မလိုဘူး။ အထက်ခေါင်းကြီးတို့က ပြောသမျှ ဆိုသမျှကို တချက်လွှတ် အမိန့်လို့ မှတ်ယူကြရမှာ ဖြစ်တယ်။ ပါတီတွင်း အာဏာရှင်စနစ် ဖြစ်ပေမဲ့ ပြင်ပမှာတော့ ဒီမိုကရေစီအသံ၊ ဒီမိုကရေစီဟန်တွေနဲ့ ပြိုင်ဘက်ပါတီအချင်းချင်း ဆဲနိုင်တယ်၊ သူလဲအနူ၊ ကိုယ်လဲ အနူချည်းပဲ။”

မိန့်ခွန်းအတုများထဲတွင် ဘာများ ရေးသားထားသည် ဆိုတာကို ဦးမြင့်ဦး ဖတ်ပြ သွားခဲ့ခြင်းပါ။ ယခုလို မိန့်ခွန်းအတုများကို မည်သူများ ဘယ်အဖွဲ့အစည်းများမှ ဖြန့်ဝေ နေတယ်ဆိုသည်ကို မသိရသော်လည်း စာရွက်ချော များ ကွန်ပြူတာ စာစီထားသည်မို့ ကွန်ပြူတာသုံးစွဲနိုင်သည့် စစ်အစိုးရအလိုကျ ဒီမိုကရေစီ ဆန့်ကျင်ရေး အဖွဲ့တွေဘက်မှပင် ဖြစ်ရမည်ဟု မကွေးမြို့ခံအများစုတွင် သံုးသပ်နေသည်ဟု ဆိုပါသည်။ ၄င်းကိစ္စအပေါ် ဦးမြင့်ဦး၏ ဤမြင်ကလည်း ယခုလို ဖြစ်ပါသည်။

“ကျနော့်အနေနဲ့ကတော့ ဘယ်သူတွေ လက်ချက်လို့ မထင်နိုင်ပါဘူး။ သို့သော်လဲပဲ ကျနော်တို့ ဒီမိုကရေစီ အင်အားစုတွေကို အထင်အမြင်သေးအောင် အထူးသဖြင့် ကျနော်တို့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တနည်းနည်းနဲ့ သတင်းစာတွေမှာလဲ အပုတ်ချနေသလို လက်ကမ်းစာစောင်တွေနဲ့လဲ အမျိုးမျိုး အပုတ်ချနေတယ်လို့ ထင်ပါတယ်။”

ယခုလို မကွေးမြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မိန့်ခွန်းအတု စာရွက်တွေ ပျံ့နှံ့နေသည့်အပေါ် မကွေးတိုင်း အဖွဲ့ချုပ်ဥက္ကဌ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဟန်ဇော်နှင့် မကွေးတိုင်း စည်းအဖွဲ့ဝင် ဦးသိန်းဇော်တို့မှ ယခုလို ထင်မြင်ချက် ပေးသွားခဲ့ကြကြောင်းပါ။

“ဒီမိုကရေစီ ခေါင်းဆောင်တယောက်က ဒီမိုကရေစီ Principal နဲ့ ပတ်သက်ပြီး လုပ်ပြီး ဘယ်တော့မှ မပြောဘူးလို့ ကျနော်ကတော့ ယုံကြည်တယ်။ အဲဒီလို ပြောထားတဲ့ ဥစ္စာတွေကလဲ သက်သက်မဲ့ တော်တော် အောက်တန်းကျတဲ့ နည်းနဲ့ အပုတ်ချတာလို့ ဒီလိုပဲ ကျနော် ပြောချင်တယ်။”

“ကျနော်တို့ ပါတီတွင်းကို ညီညွတ်ရေး ပျက်ပြားသွားအောင် လုပ်တဲ့ ရည်ရွယ်ချက် အဓိက ထားတဲ့သဘော ရှိပါတယ်။ သူတို့ NLD ကို ပြိုကွဲအောင် နည်းလမ်းအမျိုးမျိုးနဲ့ ဆောင်ရွက်တဲ့အထဲက တချက်ပဲလို့ ကျနော်တို့ သုံးသပ်လို့ ရပါတယ်။ ဖတ်တဲ့သူတွေ အကုန်လုံးကလဲ တန်းသိပါတယ်။”

“အကျိုးဆက်တွေကတော့ ဒီမှာ ကာယကံရှင်ဖြစ်တဲ့ NLD အနေနဲ့ပဲဖြစ်ဖြစ်၊ ဘာမှ ဖြစ်လာစရာ အကြောင်းမရှိဘဲနဲ့ လုပ်ကြံပုတ်ခတ်တဲ့လူဟာ ကိုယ်ကိုယ်တိုင် သိက္ခာမရှိဘဲနဲ့ သိက္ခာရှိတဲ့ အလုပ်ကို လုပ်လို့မရဘူး ဆိုတာကိုပဲ ကျနော် ပြောချင်တယ်၊ ဒါပဲ။”

မကွေးတိုင်းအတွင်း ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းတု စာရွက်များ ပျံ့နှံ့နေကြောင်း အဖွဲ့ချုပ်ဝင်များ ပြောပြသွားခြင်းပါ။

အစသို့

## ရွှေတိဂုံဘုရားသွား ဆုတောင်းသူများကို အာဏာပိုင်များ အင်အားသုံး နှောက်ယှက်

*၂၄ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး ယနေ့ ရွှေတိဂုံဘုရား အင်္ဂါဒေါင့်တွင် သွားရောက် ဆုတောင်း ခဲ့သူများအား အာဏာပိုင်တွေဘက်မှ အင်အားသုံးပြီး ပုံစံတမျိုးနှင့် အနှောက်အယှက် ပေးခဲ့ကြောင်း သိရပါသည်။ ယနေ့ ရွှေတိဂုံဘုရားတွင် တက်ရောက် ဆုတောင်းခဲ့သူ ဦးရေ (၃၀) ရှိပါသည်။ တက်ရောက်သူများကို ကြံ့ဖွံ့အဖွဲ့ဝင် (၇၀၀) လောက် ဝိုင်းရံထားပြီး ဝတ်ပြုဆုတောင်းမည့် နေရာကိုလဲ နံစော်သည့် ရေများနှင့် ပက်ဖြန်းနှောက်ယှက် ခဲ့သည်ဟု သိရပါသည်။ ကိုယ်တိုင် ဆုတောင်းခဲ့သူ မမီမီထိုက် ယခုလို ပြောပြပါသည်။

"အင်္ဂါဒေါင့် ကျမတို့ အမြဲတမ်း ထိုင်နေတဲ့ ဇရပ်မှာ ထိုင်ဖို့နေရာကို သူတို့က အကုန်လုံးဖြန့်ပြီးတော့ ထိုင်နေတယ်။ ကျမတို့လဲ သူတို့နဲ့ ရောထိုင်ရတာပေ့ါ။ သူတို့တွေ ဘုရားပေါ်မှာနဲ့ ရင်ပြင်ပေါ်အောက်မှာဆိုရင် အယောက် (၇၀၀)၊ (၈၀၀) လောက်တော့ ရှိမယ်။ ဩကာသဆိုတဲ့ အချိန်ကစပြီးတော့ ကတ္တရာမှုန့်ရေတွေနဲ့ ဘုရားရင်ပြင်တော်ပေါ်ကို စပြီးတော့ တိုက်တာ။ ရေတွေက အရမ်းညစ်ပတ်တယ်၊ ရေတွေက စီးကျတော့ အကုန်လုံး တော်တော်စိုကြတယ်။ စပြီးတော့ ရှိခိုးတာနဲ့ အသံချဲ့စက်က နောင်တော်ကြီး စေတီအတွက် အလှူခံနေတဲ့ အသံက လိုတာထက် ပိုကျယ်တယ်။ အနှောက်အယှက် အရမ်းကြီးလဲ ဖြစ်တယ်၊ သူတို့ကလဲ လူအင်အားလဲ အများကြီး သုံးထားတယ်။ လက်နဲ့ မရိုက်တော့တာပဲရှိတယ်။ နောက်ပြီးတော့ ကျမတို့ ပြန်ဆင်းလာတဲ့ အချိန်မှာ ရဲကားက (၅) စီး၊ လုံထိန်းကားက (၂) စီး ချထားတယ်။"

ဆုတောင်းပွဲတွင်ပါဝင်သူ နောက်တဦးဖြစ်သည့် ကိုသိန်းနိုင်ဦးက အာဏာပိုင် တွေဘက်မှ ကြံ့ဖွံ့အဖွဲ့ဝင် များကိုအသုံးပြုပြီး ရန်စသည့်သဘော ဖြစ်သည်ဟု ယခုလို ပြောဆိုပါသည်။

"သူတို့ အနှောက်အယှက်ပေးမယ်ဆိုတာ ကျနော်တို့က မျှော်လင့်ပြီးသားလေ။ အဲဒါကြောင့်မို့လို့ ကျနော်တို့က ရေစိုတာကို သီးခံနိုင်ပါတယ်။ တကယ်လို့များ ကျနော်တို့က ပြောမိဆိုမိမယ်ဆိုရင် နောက်က စောင့်နေတဲ့ မျက်နှာစိမ်းနဲ့ ကြည့်နေတဲ့ အဖွဲ့တွေကများ ရန်ရှာမလားဆိုပြီး ဒီအတွက်တော့ နည်းနည်း စိုးရိမ်မှုတော့ ဖြစ်တာပေ့ါနော်။"

ယခုလို အနှောင့်အယှက်များ ကြားကပင် ရည်မှန်းချက်အတိုင်း ဘယ်လို ဆုတောင်းခဲ့သည် ဆိုသည်ကို လည်း ဘုရားဖူးဖွဲ့ဝင် ကိုထွန်းထွန်းမှ – – –

"မိခင်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အန်ကယ်ဦးတင်ဦး အပါအဝင် အကျဉ်းသူ အကျဉ်းသား အားလုံး အမြန်ဆုံး လွတ်မြောက်နိုင်ကြပါစေ၊ အာဏာရှင် စစ်အစိုးရအောက်မှ အမြန်ဆုံး လွတ်မြောက်နိုင်ကြပါစေ၊ မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံး လူပီသတဲ့ အစိုးရလက်အောက်ကို မြန်မြန်ရောက်ကြပါစေလို့ ကျနော် ဆုတောင်းခဲ့ပါတယ်။ လူကို လူလိုမြင်ပြီးတော့ လူ့အခွင့်အရေးတွေကို အပြည့်အဝ ပေးဆပ်နိုင်တဲ့ လူပီသတဲ့ လူစိတ်ရှိတဲ့ အစိုးရမျိုးကို ကျနော် ဆိုလိုပါတယ်။"

ဘုရားဖူးအဖွဲ့ထဲမှ မှတ်တမ်းတင် ရဓါတ်ပုံရိုက်ခဲ့သူ လှည်းကူးမြို့သား ဦးဝင်းတင် အပါဝင် (၄) ဦးကို ဘုရားရဲနှင့် ထောက်လှမ်းရေးများမှ ဖမ်းဆီးခဲ့သည်ဟု သိရပါသည်။ နောက်ပိုင်း (၃) ဦးကို ပြန်လွှတ်ပေးသော်လည်း ဦးဝင်းတင်ကိုမူ ဆက်လက် ဖမ်းဆီးထားသလား၊ ပြန်လွှတ်လိုက်သလားဆိုသည်ကို ယခု အချိန်ထိ သဲသဲကွဲကွဲ မသိရသေးပါ။ ၎င်းကိစ္စတွေနှင့်ပတ်သက်၍ ပတ်သက်ပြီး ရွှေတိဂုံဘုရား ဂေါပကရုံးနှင့် လုံခြုံရေး တာဝန်မှူး ရုံးများ ဆက်သွယ်ခဲ့သော်လည်း ထုံးစံအတိုင်း ဖုန်းလက်ခံ ဖြေဆိုမည့်သူ မရှိခဲ့ကြောင်းပါ။ ၎င်းကိစ္စအပေါ် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များ ဖြစ်သည့် ကိုကိုကြီးနှင့် မင်းကိုနိုင်တို့မှ ယခုလို ပြောဆိုခဲ့ပါသေးသည်။

"အခု ဘုရားပေါ်မှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအင်အားစုတွေ ပြီးခဲ့တဲ့ အပတ်ကဆိုရင် ဆွဲချတာတွေ၊ တင်းချတာတွေ၊ ဒီလို နိုင်ငံရေး အကြမ်းဖက်မှု ပုံစံမျိုးတွေနဲ့ ဖန်တီးနေတဲ့ဟာကို ဒီနေ့ အင်္ဂါနေ့မှာ ဆက်ပြီးတော့ ကျူးလွန်ဖို့အတွက် အရပ်ဝတ်တွေနဲ့ ပြင်ဆင်ထားတယ် ဆိုတာလဲ ကျနော်တို့ ကြားသိရပါတယ်။ ကိုယ်က ရိုးရိုး သားသားလုပ်ရင် ကိုယ်လုပ်တာတွေ အားလုံးကို မှတ်တမ်းတင်စေချင်တဲ့ လူတွေချည်းပဲ။ ကိုယ်က မရိုးသားတဲ့အခါ၊ မမှန်တဲ့အခါကြတော့ မှတ်တမ်းဖြစ်မှာ အတော်ကြောက်တယ်။ အဲဒီတော့ ဘုရားပေါ်ကို ကင်မရာ ပါလာတဲ့သူတွေ အားလုံးကို ခေါ်ယူပြီးတော့ ဂေါပကရုံးထဲမှာ စစ်ဆေးတာ၊ မေးမြန်းတာတွေ လုပ်နေတာဟာ ဒါဟာ ကင်မရာ ကြောက်တာဘာလဲဆိုတော့ သမိုင်းကို ကြောက်တာပဲ။ ကိုယ်မဟုတ်တာ လုပ်တာကို မှတ်တမ်းတင်ထားရမှာကို ကြောက်တာပဲ။ အဲဒီတော့ ကျနော်တို့ နိုင်ငံရေး အင်အားစုတွေ အနေနဲ့ ပြည်သူတွေကို ပြောချင်တာက ကျနော် တို့ မှန်မှန်ကန်ကန် လုပ်နေတာပဲ။ ကျနော်တို့ မှန်မှန်ကန်ကန် လုပ်နေတဲ့သူတွေက ကင်မရာ ကြောက်စရာမလိုဘူး။ ရိုက်ပါစေ၊ မှတ်တမ်းတင်ပါစေ၊ မဟုတ်တာ လုပ်တဲ့သူတွေ၊ ခြိမ်းခြောက်တဲ့သူတွေ၊ အကြမ်းဖက်မှု

လုပ်မဲ့သူတွေကတော့ ကင်မရာကို ကြောက်တယ်၊ သမိုင်းမှတ်တမ်းကို ကြောက်တယ်၊ ဒါ ကိုယ့်သမိုင်းကို ကြောက်တဲ့သူတွေ၊ မမှန်ကန်တဲ့သူတွေ လုပ်တဲ့လုပ်ရပ်ပဲလို့ ကျနော် အလေးအနက် ပြောချင်တယ်။”

“ကျနော်တို့ဆီမှာ ဖြစ်နေတာက ကိုယ်ပြောချင်တဲ့ကိစ္စ၊ ကိုယ်က ဖြန့်ချင်တဲ့ ကိစ္စကိုတော့ တဖက်က အခမ့်ကို ဖြန့်တယ်။ ဆိုလိုတာက နားထောင်ကြည့်ရှုမဲ့ ပရိသတ် လိုချင်လား၊ မလိုချင်လားကိုတော့ မစဉ်းစားနိုင်လောက်အောင် ဝါဒဖြန့်တယ်။ ကျနော်တို့ဆီမှာ ရုပ်မြင်သံကြားဆိုရင် သတင်းလာရင် အကုန်ပိတ်တယ်။ ကလေးက အစ ထပိတ်တယ်။ လူတွေကလက်ခုပ်တီးတယ်။ ဒါ တကယ့်ဖြစ်ရပ်မှန်ပါ။ ကျနော်ပြောနေတာ။ အဲဒီလို ဖြစ်နေတဲ့အချိန်မှာ သူတို့ ဘာလုပ်လဲဆိုတော့ လူတွေကြည့်တာ မှန်တာပြောရရင် ကိုရီးယားကားပဲ ရှိတယ်။ ဒါတကယ်ပါ။ ကြိုက်တဲ့လူကို မေးကြည့်လို့ရတယ်၊ ကြိုက်တဲ့ပြည်သူကို မေးကြည့်လို့ရတယ်။ အဲဒီ ကိုရီးယားကားထဲမှာ ကြည့်အကောင်းတုန်း သူတို့ ပြောနေတဲ့ ဝါဒဖြန့်မှုတွေ အခု ထည့်နေပြီလေ။ အဲဒီတော့ လူတွေက ကြည့်ကောင်းတုန်း ရသအပျက်ခံပြီးတော့ တဖက်သတ် ဝါဒဖြန့်ခံရတဲ့အပေါ်မှာ မကျေမနပ်ကြီး ခံနေရတဲ့ အချိန်မှာ ဒါ သူတို့ ဖြစ်ချင်တာ လုပ်တာ။ တဘက် ရိုးရိုးသားသား ဘုရားမှာ ဆုတောင်းတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ သူတို့ အင်အားသုံးပြီးတော့ ဖြိုခွဲမှာမျိုးကို၊ မှတ်တမ်းတင်ပြီးတော့ ဖြန့်မှာမျိုးကို ကြောက်နေတာကတော့ ဒါ ကိုယ်လုပ်တဲ့ အလုပ်အပေါ်မှာ ကြောက်နေတယ်ဆိုတာ အဲဒီအချက်က အင်မတန် ထင်ရှားတဲ့ အချက်ဖြစ်တယ်။”

အစသို့

## ခွန်ထွန်းဦးနှင့် ဗိုလ်ချုပ် ဆေထင် အထူးအယူခံ လျှောက်လဲချက်တင်မည်

*၂၅ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

နှစ်ရှည်ထောင်ချခံနေရသည့် ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်နှင့် ဗိုလ်ချုပ်ဆေထင်တို့ အပါအဝင် ရှမ်းခေါင်းဆောင် (၆) ဦး၏ အထူးအယူခံလွှာကို ရှေ့လ တရားရုံးချုပ်တွင် နှစ်ပါးထိုင် လျှောက်လဲချက် ပေးတော့မည်ဟု သိရပါသည်။

“ဦးခွန်ထွန်းဦးတို့ ကိစ္စက ရှေ့နေလျှောက်လဲချက် ပေးတာ။ နှစ်ဖက် လျှောက်လဲ ကြားနာမယ်ပေ့ါ။ နှစ်ပါးထိုင်နော်။ ဦးခွန်ထွန်းဦးရယ်၊ စိုင်းညွန်လွင်ရယ်၊ ဗိုလ်ချုပ်ဆေထင်ရယ်။ ကျန်တဲ့ မြင့်သန်းတို့အဖွဲ့ (၃) ဦးရယ်၊ အားလုံးစုစုပေါင်း (၁၉) မှု ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အထူးအယူခံလို့ ခေါ်တယ်။”

အမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေကြီး ဦးအောင်သိန်း ပြောသွားခြင်းပါ။ (၂၀၀၅) ခုနှစ် ဖေဖေါ်ဝါရီလ (၉) ရက်နေ့ကတည်းက စတင် ဖမ်းဆီးခံထားရသည့် ခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင်များကို နိုင်ငံတော် ပုန်ကန်မှုနှင့် နှစ်ရှည်ထောင်ချခဲ့ခြင်း ဖြစ်ပါသည်။ တကယ်လို့ လာမယ့် ဖေဖေါ်ဝါရီလ (၈) ရက် တရားရုံးချုပ် နှစ်ပါးဆိုင် အထူး အယူခံတွင် အမှုအခြေနေ ဘယ်လို ထူးခြားလာမလဲဟု မေးကြည့်ရာတွင် ဦးအောင်သိန်းမှ ယခုလို ဖြေကြားသွားပါသည်။

“ဒီခုထဲ ပြတ်သွားမှာ မဟုတ်သေးဘူး။ ဒါ နှစ်ပါးထိုင်က စိစစ်တာ လက်ခံ သင့်မသင့်။ လက်ခံတယ်ဆိုရင် သုံးပါးထိုင် နေပြည်တော်မှာ အထူးအယူခံခွင့်ကို ထပ်ပြောရမှာ။ အဲဒီ အပေါ်မှာ လက်ခံသင့်တယ်၊ လက်မခံသင့်တယ်ဆိုတဲ့ အမိန့်တရပ်ကို ချပြီးမှသာလျှင် လက်ခံတယ်ဆိုမှ သုံးပါးထိုင်မှာ သွားပြောရမှာ။”

ခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင်များအား နိုင်ငံတော်ပုန်ကန်မှု နှစ်ရှည် ထောင်ချခဲ့ရုံမက မိသားစုနှင့် ဝေးလံသည့် ပူတာအို၊ ကလေး၊ ခန္တီး၊ ကျောက်ဖြူ စသည့် အကျဉ်းထောင် အသီးသီးကို ပြောင်းရွှေ့ထားခဲ့ခြင်း ဖြစ်ပါသည်။

အစသို့

## အာဏာပိုင်များ၏ မတရားလုပ်ရပ်ကို တိုင်ကြားသဖြင့် ထောင်ကျသူ အမျိုးသမီး တဦး နောက်ဆက်တွဲ သတင်း

*၂၇ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

အာဏာပိုင်များ၏ မတရားလုပ်ရပ်များအား တရားရုံးသို့ တိုင်ကြားမိ၍ ထောင်ဒဏ် (၁) နှစ်ကျသွားသည့် အသက် အမျိုးသမီး တဦးအကြောင်း တင်ပြလိုပါသည်။

“ကျမက အပြစ်မရှိဘဲနဲ့ အပြစ်ဒဏ်တခုကို ဒဏ်ငွေချလိုက်ရင်လဲ ကျမက မတော်မတရား လုပ်သည့်အတွက် ကျမမှာ အမဲစက်ကြီး ထင်ခံပြီး ဒဏ်ငွေနဲ့ ဖြစ်ရမဲ့အစား ကျမ ထောင်ကျခံမယ်လို့၊ ရင်ဝယ်မှာ အမှန်တရား ပေါ်ပေါက်အောင် စိတ်ထဲမှာ ကြိုးစားပြီးတော့ သတ္တိရဲရဲနဲ့ ခံပါမယ်။ ခင်ဗျားကို နိုင်ငံရေးအမှုနဲ့ ထောင်ချမှာ။ ခင်ဗျားတို့ထဲက လိုက်ရဲတဲ့လူ လိုက်ကြ၊ ဒီကောင်မက မယက၊ ရယကတွေ စော်ကားလို့ ဒီကောင်မကို ကျုပ်တို့ ပူးပေါင်းပြီးတော့ တရားရုံးတိုင် ထောင်ချမလို့ဆိုပြီး ကြိမ်းမောင်းတာ။ ဥက္ကဋ္ဌကြီး ကျမမှာ ဘာအပြစ်ရှိလို့လဲဆိုတော့ မယက ဥက္ကဋ္ဌက ပြောပါတယ်။ ကျုပ်တို့မှာ အာဏာပိုင် အဖွဲ့အစည်းတဲ့ ခင်ဗျားကို လုပ်ချင်ရာ လုပ်မယ်။

ခင်ဗျားကို ထောင်ချပစ်မယ် ပြောပြီးတော့ သက်သေ အခိုင်အမာတွေ ရှိပါလျက်နဲ့ မစစ်ဆေးဘဲနဲ့ လိမ်ညာပြီးတော့ ပြည်သူ့အကျိုးကို ထောက်ရှုစွာဖြင့် ကျမဆက်လက်ပြီး အကျိုးဆောင်သွားမှာ ဖြစ်ပါတယ်။"

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာမှ လယ်သူမကြီး ဒေါ်ခင်ဝင်း ဖမ်းဆီးထောင်ချခံရခြင်း ယနေ့ တလတင်းတင်း ပြည့်သွားပြီဖြစ်သော်လည်း သူမလွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုမှာ သိပ်အားရစရာ မရှိသေးပါ။ ၄င်းထောင်ကျစဉ် ရက်ပိုင်းအတွင်းတွင် နိုင်ငံရေး အဖွဲ့စည်းတချို့နှင့် လူ့အခွင့်ရေးအဖွဲ့ အချို့မှ ဝေဖန်ကန့်ကွက်ခြင်းများ လုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘယ်ပုဂ္ဂိုလ် ဘယ်အဖွဲ့စည်းကမှ အရေးတယူ ထုတ်ဖော်ပြောဆိုခြင်း မကြားရတော့ပါ။ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ၊ လယ်သမားများ အခွင့်ရေးအတွက် တိုက်ပွဲဝင်ရင်း အကြိမ်ကြိမ် ထောင်ကျခံခဲ့ရဖူးသူ ရှေ့နေ ဦးအေးမြင့်ကမှ ယခုလို ဝေဖန်ခဲ့ပါသည်။

"တိုင်တဲ့သူ ဒေါ်ခင်ဝင်းကို အောက်ခြေ မဝတက ခဝတ တို့နဲ့ ပေါင်းပြီးတော့ ရဲနဲ့ ပေါင်းပြီး စွဲတဲ့ကိစ္စ၊ ဒါကတော့ သူ့ကို ကျနော်တို့က အာဇာနည်လို့ သတ်မှတ်ထားတာပဲ။ နောက်ပြီးတော့ ဒီမိုကရေစီ တော်လှန်ရေး သမား မှန်သမျှကို ကိုယ့်လူပဲလို့ မှတ်ပြီးတော့ အတိုက်အခံသမားတွေက လုပ်ပေးရမယ်၊ အဲဒါ ကိုယ့်ပါတီနဲ့ မဆိုင်ဘူး၊ ကိုယ်နဲ့ မဆိုင်ဘူးဆိုပြီးတော့ဘဲ ကြည့်နေကြတယ်လို့ ကျနော် မြင်တယ်လေ။ ဒါကြောင့်မို့လို့ ဒေါ်ခင်ဝင်းဆီ ရောက်အောင်သွားပြီးတော့ ဒေါ်ခင်ဝင်း လွတ်ရေးကတော့ အားလုံး ကြိုးစားနေပါတယ်။"

နိုင်ငံရေး အသိုင်းဝိုင်းမှ ပုဂ္ဂိုလ်များမှ ၄င်းအမှုကို သိပ်စိတ်ဝင်စားမှု မပြသေးပေသော်လည်း အဖွဲ့ချုပ် ရှေ့နေတဦးဖြစ်သူ ဦးအောင်သိန်းက ဒေါ်ခင်ဝင်းအတွက် အချိန်မီ အယူခံ ဝင်နိုင်ရေး ကြိုးပမ်းနေဆဲ ဖြစ်ပါသည်။

"အယူခံက ရက်ပေါင်း (၆၀) အတွင်းမှာ အယူခံ တင်သွင်းဖို့အတွက် မိတ္တူကူး လျှောက်လွှာတွေက မကြာခင်ကမှ ရတယ်ပေါ့နော်။ အဲဒါ တင်ဖို့ အစီအစဉ် ရှိပါတယ်။ မူလ ဆုံးဖြတ်ချက်ကတော့ တဖက်က တရားစွဲဆိုတဲ့အတိုင်း အာဏာပိုင် အဖွဲ့အစည်းတွေက နောက်နောင်ကို အုပ်ချုပ်ရေးယန္တယား လည်ပတ်ဖို့ကိုပါ ထိခိုက်စေနိုင်တယ်ပေါ့၊ ဒါကြောင့် ပြစ်မှု ကျူးလွန်တဲ့ အနေအထား ရှိတယ်ပေါ့။ လယ်သမားလဲ တဦးဖြစ်တယ်၊ မိန်းမသားလဲ တဦးဖြစ်တဲ့အတွက်ကြောင့် သူ့ကို သက်ညှာစွာ စဉ်းစားပေးတဲ့အနေနဲ့ (၂) နှစ် ချနိုင်တဲ့ ပြစ်ဒဏ်ကို (၁) နှစ် ချတယ်လို့ တရားရုံးက အဲဒီလိုတော့ သုံးသပ်ပြီးတော့ အမိန့်ချထားတာပဲ။ ဒေါ်ခင်ဝင်း တိုင်ကြားမှုက လုံးဝမမှန်ဘူးလဲ မပြောနိုင်ဘူး။ မှန်တဲ့အချက်တွေလဲ မှန်တဲ့ အကြောင်းအရာတွေလဲ အမှုတွဲမှာ ပေါ်ပေါက်နေတာပေါ့။ အဲဒါတွေကို နည်းနည်း ပြန်လည် စဉ်းစားသုံးသပ်ပေးဖို့ ချေပရမယ်ဆိုရင်တော့ ဒါအပြီးသတ် အကြိမ်ဆိုတော့ အဲဒီမှာ အယူခံဝင်ရတဲ့ အကြောင်းအရင်းတွေမှာ ဘယ်လိုအချက်အလက်တွေက ကွာဟနေတယ်၊ ဘယ်လို အချက်အလက်တွေက ချွတ်ယွင်းနေတယ်ဆိုတာ အဲဒါကို တင်ပြရမှာပေါ့။"

ဒေသခံ အာဏာပိုင်များ၏ မတရားအနိုင်ကျင့်မှုကို တရားရုံးဆီ တိုင်ကြားခြင်းများကို မမှန်မကန် တိုင်တယ်ဆိုသည့် တန်ပြန် စွပ်စွဲချက်နှင့် ဖမ်းဆီးထောင်ချ ခံလိုက်ရသူ ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာမှ လယ်သူမကြီး ဒေါ်ခင်ဝင်း၏ တလကြာ ထောင်တွင်း အခြေအနေကြောင်း စုစည်းတင် ပြချက်ဖြစ်ပါသည်။

**အစသို့**

## အကျဉ်းသားများ အပြင်ထွက် အလုပ်လုပ်နေမှုကြောင့် ဒေသခံများ အလုပ်လက်မဲ့ဖြစ်

*၂၉ ၊ ဇန်နဝါရီ ၊ ၂၀၀၇*

မန္တလေးတိုင်း မြင်းခြံမြို့တွင် အာဏာပိုင်များမှ ရဲဘက်အကျဉ်းသားများကို အပြင်ထွက် နေ့စား အလုပ်ခိုင်းစားနေခြင်းမို့ သာမန်လက်လုပ်လက်စားများ အလုပ်လက်မဲ့ ဖြစ်မဲ့ပုံ ရှိနေသည်ဟု ဒေသခံများ အပြော အရ သိရပါသည်။ မန္တလေးတိုင်း မြင်းခြံထောင်တွင် ထောင်အာဏာပိုင်များ၏ ခိုင်းစေချက်အရ လွတ်ရက်စေ့ခါနီး အကျဉ်းသားများ အပါအဝင် နှစ်ကြီး အကျဉ်းသမားများပါ သံခြေကျင်းနှင့် ထောင်ပြင်ပတွင် လုပ်အားခမရဘဲ နေ့တိုင်းအဓမ္မ အလုပ်ကြမ်းများ လုပ်ပေးနေရသည်ဟု မြင်းခြံထောင်မှ ယခုရက်ပိုင်းကလေးတွင် ပြန်လွတ်လာသည့် အကျဉ်းသားဟောင်း တဦးမှ ပြောပြပါသည်။ ၄င်းပြောချက်နှင့် ပတ်သက်၍ အတည်ပြုချက် ရယူဖို့ မြင်းခြံထောင်ကို ဆက်သွယ် မေးမြန်းခဲ့ပါသည်။

ဒီဗွီဘီ ။ ။ စီးပွားရေး လုပ်ငန်းရှင်တွေက ထောင်သားတွေကို ငှားတဲ့အခါမှာ တနေ့ လုပ်အားခ ဘယ်လောက်ပေးလဲ သိချင်လို့ပါ။

"တဦးကို (၈၀၀) တဲ့၊ ဝန်ထမ်းအတွက်က (၁၀၀၀) ပေါ့နော်။"

ဒီဗွီဘီ ။ ။ ဒါတွေက ဘယ်သူ့ခွင့်ပြုချက်နဲ့ ထောင်သားတွေက အပြင်မှာ အလုပ်လုပ်တာလဲ။

"လောလောဆယ် ကျနော်တို့ဆီမှာ ခေတ္တတာဝန်ခံ ရှိပါတယ်။"

ဒီဗွီဘီ ။ ။ နေ့တိုင်း ထောင်ထဲကနေ ထွက်အလုပ်လုပ်တဲ့လူ ဘယ်လောက်ရှိလဲ။

“အနည်းဆုံးတော့ (၁၀) ဦးရှိပါတယ်။” ဒီဗွီဘီ ။ ။ ဒါ အမြဲတမ်း အပြင်မှာထွက် အလုပ်လုပ်နေတာပေါ့။

“ဒါကတော့ တာဝန်ခံရဲ့ အပေါ်မှာ မူတည်တာပေါ့။”

ဒီဗွီဘီ ။ ။ အကျဉ်းသားတွေကို (၈၀၀) အပြည့် ပြန်ပေးတာလား။

“ကျနော်တို့ နိုင်ငံတော် ဥစ္စာကို။” ဒီဗွီဘီ ။ ။ ဒါဆိုရင် ထောင်အာဏာပိုင်တွေက သိမ်းတာပေါ့။

“ဟုတ်ပါတယ်။ နိုင်ငံတော်ကိစ္စလေ။ နိုင်ငံတော်ဘဏ်မှာ အပ်တယ်လေ။ ကျနော်လဲ ဘဏ်ကိစ္စ နားမလည်ဘူး။”

ဒီဗွီဘီ ။ ။ တနေ့ လုပ်အားခ ဘယ်လောက်လောက်ရလဲ။

“ဒီနေ့ တယောက်ထွက် အလုပ်လုပ်ရင် တယောက်ခပဲ ရတယ်။ နှစ်ယောက်ထွက်ရင် နှစ်ယောက်ခရတယ်။”

တာဝန်ကျ ထောင်ဝန်ထမ်း တဦးနှင့် မေးမြန်းခဲ့ခြင်းပါ။ နိုင်ငံတော်ညွှန်ကြားချက် အရဆိုပြီး အကျဉ်းသားများကို ယခုလို ထောင်ပြင်ပတွင် ခိုင်းစေခြင်း တာဝန်ကျ ထောင်ဝန်ထမ်းတဦးနှင့် မေးမြန်းခဲ့ခြင်းပါ။ နိုင်ငံတော် ညွှန်ကြားချက်အရဆိုပြီး အကျဉ်းသားများကို ယခုလို ထောင်ပြင်ပတွင် ခိုင်းခြင်းသည် မနှစ်ကတည်းက ဖြစ်သည်ဟုလည်း အခြားထောင်ဝန်ထမ်း တဦးမှ အတည်ပြုပြောဆိုပါသည်။ ယခုလို အကျဉ်းဦးစီးဌာနကနေ အကျဉ်းသားများအား အပြင်အလုပ်တွင် ခိုင်းစေခြင်းများကြောင့် နောက်ထပ် အခက်တွေ့နေရသူများမှာ တနေ့လုပ် တနေ့စားများ ဖြစ်သည့်အကြောင်း ဒေသခံ တဦးမှ ယခုလို ပြောပြပါသည်။

“အကျဉ်းသားတွေကို ဒီ အကျဉ်းဦးစီးဌာနကနေပြီးတော့ ဈေးလျှော့ပြီး လိုက်တဲ့အတွက်၊ ဈေးဖြတ်ပြီး လိုက်တဲ့အခါကျတော့ ပြင်ပ အလုပ်သမားတွေ အတွက်ကျတော့ အများကြီး အထိနာတယ်ပေါ့။”

စီးပွားရေး လုပ်ငန်းရှင်များကလည်း လုပ်ခ နည်းနည်းနှင့် ခိုင်းလို့ရသည့် အကျဉ်းသားတွေကိုပင် ခိုင်းစေနေ နေခြင်းကြောင့် လက်လုပ်လက်စားများ အလုပ်လက်မဲ့ ဖြစ်လာနေကြရသည်ဟု မြို့ခံများမှ သုံးသပ်နေကြခြင်းဖြစ်ပါသည်။

**အစသို့**